အထူးသဖြင့် မြန်မာနိုင်ငံသားအများအပြားနေထိုင်သည့် ထိုင်း၊ စင်ကာပူနှင့် မလေးရှားတို့ကို ဈေးကွက်အရေးပေါ်ကာလ မျိုးလည်းဖြစ်ပြီး **ယင်းသုံးနိုင်ငံတွင် မြန်မာ ငါးသန်းထက် မနည်းအလုပ်လုပ်ကိုင်နေသည့်အတွက် ယင်းမှဒွေကြေးများ ပြည်ပသို့ယိုဖိတ်မှု နည်းပါးသည်ထက်နည်းပါးစေပြီး ပြည်တွင်းဘဏ်ထံသို့သာ စီးဝင်လာစေရန် ရည်ရွယ်ခြင်းဖြစ်ပုံရကြောင်း** ဘန်ကောက်ပို့စ်က ဖော်ပြသည်။ ယင်းအပြင် ထိုင်းနှင့် မြန်မာနှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီချက်ဖြစ်သော **နစ်နိုင်ငံကုန်သွယ်မှုအတွက် ကမ္ဘောဒီးယားဘဏ်ကကြားခံ အဓိကအာမခံချက်ကြေးတစ်ခုဖြစ်လာစေခြင်းဖြစ်ကြောင်း** သိရသည်။

**အေဝိုင်အီး**

# ရန်ကုန် - မန္တလေးအဝေးပြေးလမ်းမကြီး၌ ပုံစံမမှန်သော လမ်းလယ်ကျွန်းများကိုပြင်ဆင်နေပြီး လမ်းမကြီးတစ်ခုလုံးအတွက် နိုင်ငံတကာချေးငွေကိစ္စ ညှိနှိုင်းနေ

ရန်ကုန် - မန္တလေး အဝေးပြေးလမ်းကြီး၌ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများတွင် လမ်းလယ်ကျွန်း ပုံစံမမှန်သည့် အခန အဆာများရှိခဲ့ခြင်းကြောင့် အန္တရာယ်ကင်းသော လမ်းလယ်ကျွန်းစနစ်များဖြစ်ပေါ်လာရေး လုပ်ဆောင်နေပြီဖြစ်ပြီး လမ်းမကြီးတစ်ခုလုံးအတွက် နိုင်ငံတကာမှေးမွေများရရှိကိုလည်း ညှိနှိုင်းနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**ဒေမျှော်မှန်းနိုင်သည့် ထိခိုက်မှုပြီးခဲ့သောနှစ်အတွင်းက ယာဉ်တိုက်မှု ၄၅၃ မှုဖြစ်ခဲ့ရာတွင် အရှိန်လွန်မောင်းနှင် တိမ်းမှောက်မှု ၂၇၀ မှုဖြစ်ပွားခဲ့ကာ ယာဉ်မတော်တဆမှုများ၏ အဓိကဆုံးရှုံးမှုများဖြစ်ရခြင်းတွင် လမ်းလယ်ကျွန်းကို တိုက်ခိုက်မိကာ တိမ်းမှောက်ပြီး ဒေမျှော်မှန်းနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း** ဖေ့လ်ဘွတ်ခ်ရှိခဲ့သည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြည်သူ့လွှတ်တော်၌ သြဂုတ်လ ၄ ရက်က ပြောကြားသည်။

ယင်းအကွက် ဝိုင်တိုင်(၁၅/၀-၂၅/၀) ကြားနှင့် မိုင်တိုင် (၁၆၈/၁-၁၇၃/၁) ကြားတွင် စုစုပေါင်း ၂၀ ပိုင်ကိုဝမ်းသပ် Pilot Project အနေဖြင့် ဆောင်ရွက်ဒေါ်ပြီဖြစ်ကာ **မူလလမ်းလယ်ကျွန်းထဲသို့ တစ်ဖက်လျှင် ငါးပေစီလမ်းသားတိုးချဲ့၍ Median Shoulder အဖြစ် တည်ဆောက်ခြင်း၊ လမ်းလယ်ကျွန်းကို Raised Median မှ Depressed Median အဖြစ်သို့ ပြောင်းလဲ၍ လမ်းလယ်ကျွန်းရေမြောင်းအပါအဝင် ထည့်သွင်းတည်ဆောက်ခြင်းနှင့် Road Furniture တပ်ဆင်ခြင်း** လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တစ်ဖက်ငါးပေစီချဲ့**

ရန်ကုန် - မန္တလေးအဝေးပြေးလမ်းမကြီး၏ ရန်ကုန် - နေပြည်တော်အပိုင်းတွင် တံတားငယ်စုစုပေါင်း ၁၆၈ စင်းရှိပြီး လေးလမ်းသွား ၁၁၄ စင်း၊ သုံးလမ်းသွားတံတားနှစ်စင်းနှင့် နှစ်လမ်းသွား တံတား ၅၂ စင်း ဖောက်လုပ်ထားကြောင်း၊ Pilot Project အရ လမ်းလယ်ကျွန်းထဲသို့ တစ်ဖက်ငါးပေစီ လမ်းတိုးချဲ့တည်ဆောက်မည်ဖြစ်သော်လည်း တံတားများကို လတ်တလောတိုးချဲ့တည်ဆောက်ခြင်းမပြုဘဲ တံတားအဝင်/ထွက်နေရာများတွင် အန္တရာယ်ကင်းရှင်းစေရန် အကာအကွယ်ကုန်းများထားပေးခြင်း၊ Rumble Strip များရေးဆွဲခြင်း၊ စောင့်ကြည့်ယာဉ် Road Patrol များထားရှိခြင်းတို့ကို လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**အများဆုံးဖြစ်ပွားသည့်နေရာများ**

ယင်းအပြင် ယာဉ်မတော်တဆမှုအများဆုံး ဖြစ်ပွားသည့်နေရာများ Black Spot ၂၂ နေရာတွင် သတိပေးဆိုင်းဘုတ်များကပ်ဆင်ခြင်း၊ အသက်ကယ်တန်း Guard Rail များတပ်ဆင်ခြင်း၊ Road Line များရေးဆွဲခြင်း၊ မြစ်ညီးရိုးကာရံခြင်း၊ Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ လမ်းလယ်ကျွန်းရေမြောင်းတည်ဆောက်ခြင်း၊ Solar မီးဟိုင်များတပ်ဆင်ခြင်း၊ Road Curb များကို ပြန်လည်ပြုပြင်ခြင်း၊ ညဘက်တွင် အန္တရာယ်ကင်းရှင်းစေရန် ဇောင်ပြန်ပြားများ တပ်ဆင်ခြင်း၊ အကာအကွယ်ကုန်းများထားပေးခြင်း၊ Rumble Strip များရေးဆွဲခြင်း၊ စောင့်ကြည့်ယာဉ် Road Patrol များထားရှိခြင်းတို့ကို လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**ယင်းကို ရေတိုစီမံကိန်းအဖြစ်သတ်မှတ်၍ လုပ်ဆောင်နေခြင်းဖြစ်ပြီး** ရေရှည်စီမံကိန်းအဖြစ် ရည်ရွယ်ထားသော လမ်းမကြီးတစ်ခုလုံးကို အမြန်လမ်းကြီးအဆင့် ဖြစ်ပေါ်စေရေးအတွက် အဆင့်မြှင့်တင်ခြင်းလုပ်ဆောင်နိုင်ရန် နိုင်ငံတကာချေးငွေများရယူရေးကိုလည်း ညှိနှိုင်းနေပြီဖြစ်ကြောင်း သိရသည်။

**အေဝိုင်အီး**

www.free4reader.com



# စိန်ပွဲတော် ဖျော်ဖြေပွဲ ပြုလုပ်မည်

**စိန်မဟာသဘင်မှ ဦးဆောင်ကျင်းပသော စိန်ပွဲတော်ဖျော်ဖြေမှုကို** ဩဂုတ်လ ၁၉ ရက်နှင့် ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ **အမျိုးသားဇာတ်ရုံ**တွင် ပြုလုပ်သွားမည်ဟု သိရသည်။ ၎င်းဖျော်ဖြေမှုတွင် မင်းသားကြီး ဦးညီဝင်းစိန်၊ ချမ်းသာ၊ ဇေအောင်ကိုဝင်း၊ မိုးဝင်း၊ ဖော်ဝင်းဖေမာင်၊ ဖိုးမျိုစ်၊ တင်မောင်ဆန်းမင်းဝင်း၊ ဝင်းနောင်နှင့် အခြားနာမည်ကြီးသဘင်အနုပညာရှင်များ သရုပ်ဆောင်များနှင့် ဟာသသရုပ်ဆောင်များကလည်း ပါဝင်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၀၂၅

# စာနယ်ဇင်းဆရာဒါရိုက်တာဦးမြတ်ဦး ရိုက်ကူးသော မကြီးစန်းနှင့်သူ၏ချစ်သူများဇာတ်ကား press show ပြသ

စာနယ်ဇင်းဆရာ ဒါရိုက်တာ **ဦးမြတ်ဦး**၏ **အသက်မဝပြည့်မွေးနေ့အမှတ်တရအဖြစ် မကြီးစန်းနှင့် သူ၏ချစ်သူများဇာတ်ကား အထူးပွဲ**ကို ဩဂုတ်လ ၂၈ ရက်နှင့် ရန်ကုန်ရှိ ဝိုလ်တဆောင်ဘုရားလမ်းရှိ Orchid Hotel ၆ လွှာတွင် ပြသခဲ့ပါတယ်။

၀၂၇

# ကရင်ဘာရေးရှုမြန်မာမှုအစီအစဉ်မှ သွေးလှူဒါန်းပွဲများ ကျင်းပ



ပုသိမ်၌ ကျင်းပသည့် သွေးလှူဒါန်းပွဲ

၂၀၁၆ ခုနှစ် ဩဂုတ်လ (၃) ရက်နေ့တွင် ပြည်ပြို့၊ အထွေထွေရောဂါကုသဆေးရုံကြီး နှင့် ဩဂုတ်လ (၄) ရက်နေ့တို့တွင် **ပုသိမ်မြို့**၊ အထွေထွေရောဂါကုသဆေးရုံကြီးတို့တွင် **မြန်မာဘရူတိရိလိမိတက် ကရင်ဘာရေးရှုမြန်မာမှု အစီအစဉ်မှ ကြီးမှူး၍** စီးပွားဖက် ပိတ်ဖက်ဆိုင်ရှင်ကြီးများနှင့် ပူးပေါင်းပြီး စုပေါင်း **သွေးလှူဒါန်းပွဲများ** ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဩဂုတ်လ ၂၃ ရက်တွင် **မော်လမြိုင်**ပြို့၊ ဩဂုတ်လ ၃၁ ရက်တွင် **တောင်ငူ**တွင်လည်းကောင်း၊ စက်တင်ဘာလ ၁ ရက်တို့တွင် **ပဲခူး**မြို့ရှိ အထွေထွေရောဂါကုသဆေးရုံကြီးတွင် လည်းကောင်း မြန်မာဘရူတိရိလိမိတက်ကရင်ဘာရေးရှုမြန်မာမှုအစီအစဉ်ဖြင့် မြန်မာဘရူတိရိလိမိတက် ဖြစ်သည့် နေရာများသို့ သွားရောက်၍ သွေးလှူဒါန်းပွဲများကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁

**Photo: ကရင်ဘာရေးရှုမြန်မာမှု**

# ဒေါ်အောင်ဆန်းစုကြည်အပေါ် အိုင်အက်စ်တို့၏ ခြိမ်းခြောက်မှုကို သံသယဖြစ်မိကြောင်း နိုင်ငံရေးနယ်ပယ်မှ အချို့က ပြောကြား

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုပါ ခြိမ်းခြောက်ထားသည့် အိုင်အက်စ်အဖွဲ့၏ ခြိမ်းခြောက်စာနှင့်ပတ်သက်၍ နိုင်ငံရေးနယ်ပယ်မှ အချို့သောပုဂ္ဂိုလ်များက အမှန်တကယ်ခြိမ်းခြောက်မှုဟုတ်မဟုတ် သံသယရှိကြောင်း ပြောကြားကြသည်။

''ကျွန်တော်တို့ လေ့လာခဲ့မိသလောက်ဆိုရင် အကြမ်းဖက်တဲ့သူတွေက ဘယ်တော့မှကြိုတင်အသိပေးတာ မဟုတ်ဘူး၊ ဖြစ်သွားပြီးမှ အကြမ်းဖက်မှုဆိုတဲ့ ဟာကိုသိရတာ၊ အခုလို ကြိုတင်ပြီးတော့ ဘယ်အဖွဲ့ကပါ၊ ညာအဖွဲ့ကပါဆိုတာ ဒါပထမဆုံးပဲ ကျွန်တော့် တစ်သက်မှာပေါ့၊ ထုံးစံမရှိဘူး၊ ဒါက အကွက်ဆန်း ဖြစ်နေတယ်''ဟု လူအခွင့်အရေးကိစ္စရပ်များတွင် လိုက်ပါဆောင်ရွက်ပေးနေသူ **တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က** ပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လ တစ်ရက်ကမလေးရှားရဲ့ကပ်ဖွဲ့ထံ ''**အိုင်အက်စ် ခြိမ်းခြောက်မှု**'' ခေါင်းစဉ်ဖြင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကပေးပို့ခဲ့သည့် ခြိမ်းခြောက်စာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုထည့်သွင်းထားကြောင်း မလေးရှားအခြေစိုက် The Star သတင်းဌာနက ဖော်ပြခဲ့ခြင်းဖြစ်သည်။

''IS အဖွဲ့ကို ကျွန်တော်တို့လေ့လာကြည့်သလောက် အဲလိုမျိုးပြောပြီး လုပ်တာမျိုးသိပ်မရှိဘူးဗျ၊ နောက် သူတို့ရဲ့အစဉ်အလာက တခါတလေသူများလုပ်တဲ့ဟာကိုလည်း သူတို့လုပ်ပါတယ်လို့ ဝင်ပြီးတော့ ပြောတတ်တယ်''ဟု **NLD ပါတီဥပဒေအကြေပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနိုက** ပြောသည်။

**နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေး**ကလည်း အဆိုပါသတင်းကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အတွက် **လုံခြုံရေးကို တိုးမြှင့်ထားပြီး အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်သည့် လုပ်ပုံလုပ်နည်းများကို အလေးထား လေ့လာဆောင်ရွက်နေကြောင်း** ပြောကြားထားသည်။

''မလေးရှားနိုင်ငံ ဝန်ကြီးချုပ် တစ်ယောက်နဲ့ ကျွန်တော်တို့ ပုဒ္ဓဘာသာနိုင်ငံက ခေါင်းဆောင်တစ်ယောက်ကို ဒီလိုမျိုး ပစ်မှတ်ထားတယ်ဆိုကော့ ဘာကြောင့်ဆိုတာ မသိရသေးတော့ အံ့အားသင့်မိတယ်၊ ကျွန်တော့် ကိုယ်ပိုင်အမြင်ကတော့ ဒါက ဗိအားကို အတိုင်းအတာတစ်ခုထိ ပေးတယ်လို့ ထင်တယ်၊ ဖြစ်ချင်မှလည်း ဖြစ်မယ်၊ လုပ်ချင်မှလည်း လုပ်မယ်၊ လုပ်ချင်လည်းလုပ်မယ်၊ ဒေါ်စုက မွတ်စလင်ဆန့်ကျင်ရေးလုပ်နေတာမှမဟုတ်ပဲကိုး၊ အဲဒီတော့ သူ့အနေနဲ့ ရိုဟင်ဂျာကိစ္စတွေ **အစွန်လာမ်မိုင်ဇေးရှင်းကိစ္စတွေမှာ ပိုပြီးတော့ ဗီအားပေးပြီးတော့ တွန်းအားပေးတာ ဖြစ်နိုင်တယ်၊** ဟာယ်တမ်း တိုက်ခိုက်လိမ့်မယ်လို့ မယုံကြည်ပါဘူး''ဟု **အမျိုးသားဒီမိုကရေစီ အင်အားစု(NDF) ပါတီဥက္ကဋ္ဌ ဦးစင်မောင်ဆွေ**က ဆိုသည်။

**ဒီမိတို့အနေဖြင့် အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ထားသော IS ကို လုံးဝ မထောက်ခံကြောင်း၊ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် မလေးရှား၏ ခေါင်းဆောင်တို့ကို လုပ်ကြံရန်ရှိကြောင်း ရေးသားထားသည့် စာအပေါ် မမှန်ကန်သည့် စာတစ်စောင်အဖြစ် သံသယရှိကြောင်း ဦးကိုနိုက** ပြောသည်။

''အဓိက ကျွန်တော်ဟို့ စဉ်းစားဟာက ကျွန်တော်တို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို IS က ရန်ငြိုးဖွဲ့ရလောက်အောင်ဘာသာရေးနဲ့ပတ်သက်တဲ့ အယူအဆနဲ့ပတ်သက်ပြီးဟာ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အပြောအဆိုဟာ ဘယ်သူကိုမှ ထိခိုက်တာမရှိဘူးဗျာ၊ **ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်က ဘာသာရေးလွတ်လပ်ခွင့်ကို အသိအမှတ်ပြုတယ်၊** ပြီးခဲ့တဲ့ရက်ပိုင်းက သံဃာ့မဟာနာယကအဖွဲ့နဲ့တွေ့ဆုံတဲ့အခါ ဘာသာတိုင်းကို နိုင်ငံတော်က စောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ ပြောခဲ့တာမျိုးရှိတယ်၊ ဒီလို အခြေအနေမျိုးမှာ ဒေါ်အောင်ဆန်းစုကြည်အပေါ် ဘာသာရေး အရလုပ်ကြံဖို့ ဆိုတာတော့သိပ်ပြီးတော့ယုတ္တိမရှိဘူး၊ သံသယနည်းနည်းရှိပါတယ်''ဟု ယင်းက ပြောသည်။

ယင်းလုပ်ဆောင်ချက်မှာ ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူအကျိုးဆောင်ရွက်မှုများအပေါ် ဧခြေလုပ်းတုန့်ဆိုင်းသွားအောင် ဖန်တီးခြင်းဖြစ်နိုင်ကြောင်း၊ **မလေးရှားနိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်အတွက်ညှိနှိုင်းနေဆဲ အဆင့်သာရှိသော်လည်း** အများစုက မလေးရှားသို့သွားရောက်ရန် မသင့်ကြောင်း အကြံပြုပြောကြားနေကြသည်။

''အခုဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ရင် အသက်အန္တရာယ်ကို ပြုမယ်လို့ဆိုတဲ့ ခြိမ်းခြောက်မှုတွေဟာ ပြည်တွင်းမှာလည်းရှိတယ်။ အဲဒီတော့ ပြည်တွင်းမှာရှိတဲ့ သူတွေကပဲ မလေးရှားမှာရှိတဲ့ သူတို့ရဲ့လူတွေကနေ တစ်ဆင့် ဒီစာမျိုးကို ဖန်တီးပြီးတော့ ပို့ပြီးတော့ အုန်းအုန်းကျွက်ကျွက်ဖြစ်အောင်လုပ်တာလားဆိုတာ သံသယအများကြီးရှိပါတယ်''ဟု တရားလွှတ်တော်ရှေ့နေ **ဦးရောဘတ်စန်းအောင်**က ပြောသည်။

The Star သတင်းဌာန၏ မော်ပြဓာတ်အရ စာမျက်နှာနှစ်မျက်နှာ ရေးသားထားသည့်အဆိုပါစာတွင် **ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံအချို့မှ ခေါင်းဆောင်များ၏ ဓာတ်ပုံမိတ္တူများကို ထည့်သွင်းကာစာအိတ်အညိုတစ်အိတ်ဖြင့် ခဲ့စခန်းသို့ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း၊** ဗာတိုက်ပန်ဆောင်မှုလုပ်ငန်းဖြင့် ရောက်ရှိလာသည့် စာအိတ်၏ မူလပို့ဆောင်ရှင်ကို ရဲတပ်ဖွဲ့က ဖုံးဖိမ်းနေကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံရှိမွတ်စလင်အားလုံးက သေချာစွာထောက်ခံထားကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင်မွတ်စလင်များအားလုံးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးခဲ့သည့်အတွက် **မြန်မာနိုင်ငံရှိ မွတ်စလင်များအနေဖြင့်ကတော့ ဒေါ်အောင်ဆန်းစုကြည်ဇော်ကရပ်တည်ကာကွယ်ခုခံသွားမည်ဖြစ်ကြောင်း ဦးကိုနိုက** ပြောသည်။

''ဒေါ်အောင်ဆန်းစုကြည်ကလည်း အမွှာလာမ်တွေဘာတွေကို သူဆန့်ကျင်ပြီး ဘာမှ လုပ်ကာကွေ့မရှိပါဘူးလေ၊ သူ့အပေါ် ဒီလိုလုပ်တယ်ဆိုတာတော့ ကျွန်တော်ထင်တယ်၊ ဒါ ဟုတ်ဟန် မရှိပါဘူး၊ ဘယ်လိုလုပ် ပါသွားလဲတော့ မသိဘူးဗျ၊ ဟာယ်ခြိမ်းခြောက်တာ မဖြစ်နိုင်ဘူး၊ မတော်တဆပါသွားတယ် ထင်တာပဲ'' ဟု **ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ဥက္ကဋ္ဌ ဦးသုဝဏ**က ပြောသည်။ **မဇယ်**

ပြည်မြန်မာ သတင်းကျာနယ်၊ Swesone Media Group၊
Central Tower၊ ပထမထပ်၊ အနောက်ရထားလမ်း၊ (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့၊
ဖုန်း ။ ၀၉ ၇၃၀၃၉၁၄၊ ၃၈၂၂၉၃၊ ၃၉၂၇၃၉

www.free4reader.com



# မြန်မာနိုင်ငံတွင် အူရီဒူးက လက်ရှိအချိန်ထိ အမေရိကန်ဒေါ်လာ နှစ်ဘီလျံ ရင်းနှီးမြှုပ်နှံထားကာ အမြတ်ငွေမရသေးဟု ဆို

**အူရီဒူးမြန်မာက မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍတွင် လက်ရှိအချိန်ထိ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အဓမရိကန်ဒေါ်လာ နှစ်ဘီလျံအထိ ရင်းနှီးမြှုပ်နှံထားသော်လည်း အမြတ်ငွေမရရှိသေးကြောင်း** အူရီဒူးအမှုဆောင်အရာရှိချုပ် Mr. Meza က ယမုန ၅ ရက်တွင် ၂၀၁၆ ခုနှစ် နှစ်ဝက်ရလဒ်သစ်များကို ၎င်း၏ ရုံးချုပ်တည်ရှိရာ ရန်ကုန်မြို့ရှိ မြန်မာပလာဇာ သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

အူရီဒူးဆင်းကတ် သုံးစွဲသူအသစ် အရေအတွက်သည် ယခု ၂၀၁၆ ခုနှစ်၏ ပထမနှစ်ဝက်အတွင်းတွင် ၂ ဒသမ ၄ သန်းမျှ တိုးတက်ခဲ့ကာ **ယခုအစိုးအသုံးပြုသူပေါင်း ၈ ဒသမ ၂ သန်းအထိ** ရှိလာပြီး အသုံးပြုသူများအတွက် 3G နှင့် 4G ကွန်ရက်ကို အရည်အသွေးပိုမိုကောင်းမွန်စေရန် တာဝါတိုင်ပေါင်း ၄၂၃၂ တိုင်ကို စိုက်ထူပေးထားသည့်အပြင် ယမုနှစ်ကုန်တွင် တာဝါတိုင်စုစုပေါင်း ၄၅၀၀ ခန့် စိုက်ထူပြီးစီးမည်ဟုသိရသည်။

``အူဂီဒူးအနေနဲ့ ဒီကို ဝင်လာတာ နှစ်နှစ်ကျော်သာ ရှိသေးတာကြောင့် အပြတ်ငွေရရှိဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး၊ အခုကျွန်တော်တို့ ဝန်ဆောင်မှုအသုံးပြုသူတွေထဲမှာ ဘိုဘိုင်းအင်တာနက် အသုံးပြုသူတွေ ပိုမိုများပြားတယ်ဆိုတာကို တွေ့ရှိရပါတယ်၊

ဘိုဘိုင်းအင်တာနက်ကို အသုံးပြုသူ ပမာဏဟာ ယခင်ကထက် နှစ်ဆမြင့်တက်လာပါတယ်။ **ဘိုဘိုင်းဝန်ဆောင်မှုကို အသုံးပြုသူအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဆိုရင် အင်တာနက်အသုံးပြုသူတွေ ဖြစ်ပါတယ်**"ဟု ၎င်းကပြောသည်။

အူရီဒူးမြန်မာ၏ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ယခုနှစ်ကုန်တွင် ဖိုက်ဘာကွန်ရက်ကို ကိုလိုမီတာပေါင်း ၁၃၀၀၀ အထိ တိုးချဲ့ဆိုတ်ဆက်မည် ဖြစ်သည်။ လက်ရှိတွင်၎င်းအနေဖြင့် မြည်တွင်း၌ 4G ဝန်ဆောင်မှုကို ပထမဆုံး ဖိတ်ဆက်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ မြို့နယ် ၅၁ ခု ၌ ဝန်ဆောင်မှုပေးထားကာ **4G အသုံးပြုသူအရေအတွက် ၄ ဒသမ ၆ သန်းရှိကြောင်း** သတင်းထုတ်ပြန်ထားသည်။

``4G ကွန်ရက်ကို မြန်မာနိုင်ငံက ဘိုဘိုင်းဖုန်းအသုံးပြုသူတွေအတွက် ကိုးခွဲ့လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အခုလိုရင်းနှီးမြှုပ်နှံမှု ဟိုးခွဲ့ခြင်းဟာ မြန်မာနိုင်ငံသားတွေကို နောက်ဆုံးပေါ် နိုင်ငံတကာအဆင့်မြင့်နည်းပညာဝန်ဆောင်မှုပေးခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ Spectrum တွေကို ထပ်မံချပေးရင် အူရီဒူးပြန်မာအနေနဲ့ ထပ်မံဝယ်ယူသွားမှာ ဖြစ်ပါတယ်``ဟု Mr.Meza က ထပ်မံပြောကြားခဲ့သည်။

**ရိုန်းဝင်းထိုက်**

# အစိုးရသစ်၏ ပထမဆုံးသော ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများအား ပွင့်လင်းမြင်သာ ထုတ်ပြန်ပေးမည်




အစိုးရသစ်၏ ပထမဆုံးသော ရန်ကုန်တိုင်းဒေသကြီး၏ မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းချမှတ်ရန် စီမံထားရှိမှုများကို လာမည့် လပိုင်းအတွင်း ပွင့်လင်းမြင်သာစွာအသိပေးကြေညာသွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အဆင့်မြင့်အရာရှိကြီး တစ်ဦးက ပြည်မြန်မာသတင်းဂျာနယ်သို့ သြဂုတ် ၆ ရက်တွင် ပြောသည်။

**"အကုန်လုံးတော့ Update တွေ လုပ်ဖို့တော့ရှိတယ်၊ အားလုံးကို မကြာခင် အချိန်မှာ ကော်မတီအနေနဲ့ရော တိုင်းဒေသကြီးအစိုးရအနေနဲ့ပါ တစ်လအတွင်းမှာ ပွင့်လင်းမြင်သာစွာ ချပြနိုင်မှာပါ။ တစ်ဆင့်ချင်း ထုတ်ပြန်မှာပါ"**ဟု ယင်းကပြောသည်။

ပြီးခဲ့သည့် အစိုးရသက်တမ်း ငါးနှစ်အတွင်းတွင် YCDC အဆင့်မြင့် ကော်မတီဝင်တစ်ဦးက ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးရေးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများအတွက် **စင်ကာပူနိုင်ငံကဲ့သို့ မြို့ပြဖွံ့ဖြိုးမှုအာဏာပိုင် Urban Redevelopment Authority - URA) ဌာနတစ်ခု ဖွင့်လှစ်၍** ရန်ကုန်မြို့ကွင်းတွင်ရှိသော ရွေးကောင်းအဆောက်အအုံများ ထိန်းသိမ်းရေးဇုန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားမည်ပုံ၊ အထပ်မြင့်တည်ဆောက်ခွင့်ပြုထားသောနေရာ၊ တည်ဆောက်ခွင့်မပြုသည့်နေရာ၊ အထပ်မြင့်တည်ဆောက်မည့်သူများအတွက် ခွင့်ပြုချက်ရရှိမည့်အခြေအနေ စသည်တို့ကိုလည်း တစ်နေရာတည်းတွင် ကြည့်လိုက်သည်နှင့် မျက်မြင်ရှင်းရှင်းလင်းလင်းသိရှိသွားနိုင်ရန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

စင်ကာပူနိုင်ငံတွင်ရှိသော Urban Redevelopment Authority (URA) သည် စင်ကာပူအစိုးရ၏ ဆောင်ရွက်ချက်မြို့ပြဖွံ့ဖြိုးရေးဌာနတစ်ခုဖြစ်ပြီး ယင်းတွင် **စင်ကာပူနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးမှုပုံစံ၊ ယခင်က ရှိခဲ့သည့်ပုံစံနှင့် နောင်တွင် ဆက်လက်တည်ဆောက်မည့်အခြေအနေများကို** ဟစ်စတစ်စည်းတည်မြဲသဘားခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြီးခဲ့သည့် မေလ ၁၄ ရက်နှင့် မေလ ၂၀ ရက်တို့တွင် YCDC ၏ **ခွင့်ပြုဗိန္ဓက္ကျပြီးသား ကိုးထပ်ခွဲအထက်ရှိ အဆောက်အအုံ ၆၄ လုံးအနက် ၁၄ လုံးကိုလည်းကောင်း၊ ပူဆားဖြင့် အောင်မြင်ပြီးသော ကိုးထပ်ခွဲအထက်ရှိ အဆောက်အအုံ ၁၈၅ လုံးကိုလည်းကောင်း ခေတ္တရပ်ဆိုင်းရန် ထုတ်ပြန်ခဲ့ပြီး ယခုအခါ ပြန်လည်ခွင့်ပြုခြင်း မရှိသေးကြောင်း** သိရသည်။

**မေငယ်**

# ကချင်၌ ရွှေခိုးတူးသည့် တရုတ်နိုင်ငံသား ၁၂ ဦးကို စက်ယန္တရားများနှင့်အတူ တပ်မတော်စစ်ကြောင်း ဖမ်းဆီးပေး

ကချင်ပြည်နယ်၌ **တရားမဝင်ရွှေတူးဖော်ခိုးယူနေသော တရုတ်နိုင်ငံသား ၁၂ ဦးကို ၄င်း၏၊ ယာဉ်စက်ယန္တရားများနှင့်အတူ တပ်မတော်စစ်ကြောင်းက ဖမ်းဆီးခဲ့**ကြောင်း တပ်မတော်၏ ထုတ်ပြန်ချက်တွင် ရွှေတူးဖော်နေသူများကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ကချင်ပြည်နယ်ရဲ့ **တရားမဝင်ရွှေတူးဖော်နေသော တရုတ်များကို အကာအကွယ်ပေးနေသည့် KIA** လက်နက်ကိုင်အဖွဲ့နှင့် တိုက်ပွဲများလည်း ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

**ကာခိုင်းမြို့နယ်၊** ရှဒူဖွပ်ကျေးရွာအနီးပတ်ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် **ဇူလိုင် ၂၈ ရက်က** တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသော ဘက်ဟိုးယာဉ် ၁၃ စီး၊ ၂၂ ဘီးတွဲယာဉ်သုံးစီး၊ ၁၀ ဘီးယာဉ်တစ်စီး၊ ရွှေဖောင်နှစ်စုနှင့် **တရုတ်နိုင်ငံသားလေးဦးကို**လည်းကောင်း၊ **ဇူလိုင် ၃၀ ရက်တွင်** ဘက်ဟိုးယာဉ်နှစ်စီး၊ ခြောက်ဘီးယာဉ်သုံးစီး၊ ရွှေဖောင်နှစ်စုကိုလည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် ရွှေဖောင်ပါးစုကိုလည်းကောင်း၊ သြဂုတ် ၁ ရက်တွင် ဘက်ဟိုးယာဉ်နှစ်စီးနှင့် ရွှေဖောင်လေးခုကိုလည်းကောင်း၊ သြဂုတ် ၂ ရက်တွင် ၁၀ ဘီးယာဉ်နှစ်စီးကိုလည်းကောင်း တရားမဝင်ရွှေတူးဖော်ခြင်း လုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်း **စုစုပေါင်း ဘက်ဟိုးယာဉ် ၁၇ စီး၊ ၂၂ ဘီးတွဲယာဉ်သုံးစီး၊ ၁၀ ဘီးယာဉ်သုံးစီး၊ ခြောက်ဘီးယာဉ်သုံးစီး၊ ရွှေဖောင် ၁၃ စုတို့ကို** သိမ်းဆည်းရမိခဲ့ပြီး တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် **တရုတ်နိုင်ငံသားရှစ်ဦးတို့ကို** ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်၌ပါရှိသည်။

ယင်းကဲ့သို့ ဖမ်းဆီးရမိပြီးသည့်နေ့က ပိုင်းတွင်လည်း KIA ဘက်မှ လက်နက်ကိုင်အင်အား ၆၀ ကျော်နှင့် တပ်မတော်စစ်ကြောင်းကို ထိကွေ့ကိုက်ပွဲများငါးကြိမ်ထက်မနည်းဖြစ်ပွားခဲ့ပြီး သတင်းထုတ်ပြန်လာသည့်သြဂုတ်လ ၄ ရက်နံနက်ပိုင်းတွင်လည်း သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်ကလည်း တပ်မတော်စစ်ကြောင်းက ဆစ်ဒိုးတရုတ် ၁၀၀ ကျော်ကို ဖမ်းဆီးပေးနိုင်ခဲ့ဖူးကြောင်း သိရသည်။

**Iris**

www.free4reader.com



# ဖက်ဒရယ်ယူနီယံ လုံခြုံရေးစနစ်ကို တည်ဆောက်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ ဆွေးနွေး

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြန်မာ့နိုင်ငံရေးဒုတိယပခေတ်နှင့် ပြည်ထောင်စုတပ်မတော် တည်ထောင်နိုင်ရေး ဆွေးနွေးပွဲတွင် **ဖက်ဒရယ်ယူနီယံ လုံခြုံရေးစနစ်ကို တည်ဆောက်နိုင်ရန်အတွက်** အခိုကဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လေးဖွဲ့၏ ခေါင်းဆောင်များသည် တိုင်းနိုင်ငံ **ချင်းမိုင်မြို့တွင်** သြဂုတ်လ ၃ ရက်မှ ၆ ရက်ထိ မြန်မာနိုင်ငံလုံခြုံရေးစနစ်များ၊ အာဏာခွဲဝေမှုတည်ဆောက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ တတ်သိပညာရှင်များ ပါဝင်ဆွေးနွေးနေမှုများပြုလုပ်ခဲ့ကြကြောင်းသိရသည်။ **ပြည်ထောင်စုတပ်မတော်တစ်ရပ် ဖြစ်ပေါ်လာရန်** နိုင်ငံတကာ ဟတ်သိပညာရှင်များဖြင့် နည်းလမ်းရှာဖွေသည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ပြီး ဆွေးနွေးပွဲတွင် **နီပေါနိုင်ငံ၊ ဗီလစ်ပိုင်နိုင်ငံ၊ ယူဂိုစလားဗီးယားနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို အခြေခံပြီး လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေများနှင့် နှိုင်းယှဉ်ပြီး ဆွေးနွေးသုံးသပ်ခဲ့ကြကြောင်း** သိရသည်။

ထို့ပြင် ဖက်ဒရယ် လုံခြုံရေးစနစ်နှင့် စည်းမျဉ်းစည်းကမ်းကိစ္စရပ်များ၊ တပ်မတော်၏ အကျိုးစီးပွားနှင့်ဝိုးရိမ်ပူပန်မှုများ၊ **မြန်မာနိုင်ငံနှင့် ကိုက်ညီပြီး ဖြစ်နိုင်ခြေရှိသည့် နည်းနာများကို** ရှာဖွေခဲ့ကြကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့လေးဖွဲ့ ဖြစ်သည့် KNU/KNLA-PC/ DKBA/ RCSS မှ ခေါင်းဆောင်များတက် ရောက်ခဲ့ကြကြောင်း သိရသည်။ **မျိုးကျော်စိုး**

# အမေရိကန်နိုင်ငံအတွင်းရှိ မြန်မာများအနက် လူဦးရေ ၁၆၀၀၀၀ ကျော်က ဒုက္ခသည်အနေဖြင့် ဝင်ရောက်လာခြင်းဖြစ်

**အမေရိကန်ပြည်ထောင်စုတွင် ရှိနေသည့် မြန်မာများအနက် လူဦးရေ တစ်သိန်းခြောက်သောင်းကျော်မှာ ဒုက္ခသည်အနေဖြင့် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း** အမေရိကန်ရှိ A Burmese American Community Institute (BACI) မှ ကောက်ယူရရှိထားသည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အင်ဒီယားနားပြည်နယ် အင်ဒီယာနာပိုလစ်မြို့တွင် အခြေစိုက်သည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများအတွက် အတတ်ပညာနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် BACI အဖွဲ့က အဆိုပါ စစ်တမ်းကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပြီး **မြန်မာများအနေဖြင့် မလေးရှား၊ အိန္ဒိယ အစရှိသည့်နိုင်ငံများမှတစ်ဆင့် ဒုက္ခသည်အနေဖြင့် လာကြခြင်းဖြစ်ကြောင်း** သိရသည်။ **အမေရိကန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာဦးရေ သုံးသိန်းကျော်ရှိနေပြီး** အင်ဒီယားနားပြည်နယ်တစ်ခုတည်းမှာပင် မြန်မာလူဦးရေ ၂၂၀၀၀ ကျော်ရှိနေကာ အင်ဒီယားနားပြည်နယ်အတွင်းရှိ အင်ဒီယာနာပိုလစ်မြို့တွင် မြန်မာလူဦးရေ ၁၅၀၀၀ ရှိနေကြောင်း စစ်တမ်း၏ရလဒ်တွင် ဖော်ပြထားသည်။

ထို့အပြင် စစ်တမ်းအရတက္ကသိုလ်သို့ ရောက်ရှိသူ လူဦးရေ စာရင်းမှာလည်း ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဧရာဝတီဆန္ဒနှင်းကျော်တိုးတက်လာခဲ့ကာ ယခုကဲ့သို့ မြင့်တက်လာနေခဲ့သည့်အတွက် အမေရိကရောက် မြန်မာများ အလုပ်အကိုင်အတွက် အလားအလာကောင်းများ ရှိနေကြောင်းလည်း စစ်တမ်းတွင် ဖော်ပြထားချက်များအရသိရသည်။

သို့သော် မြန်မာများ အနေဖြင့် အလုပ်လုပ်ရာတွင် လုပ်ငန်းခွင်ကြမ်းတမ်းခြင်းနှင့် လစာနည်းပါးသည့် အခြေအနေများရှိနေပြီး တိုးပွားနေထိုင်မှုအနေဖြင့် **ကယ်လီဖိုးနီးယားပြည်နယ်၊ နယူးယောက်မြို့နှင့် အရီဇိုးနားပြည်နယ်တို့တွင် နေထိုင်သူ မြန်မာအရေးအတွက်မှာ ယခုနှစ်တွင် များပြားခဲ့ကြောင်း** အဆိုပါ BACI တွင် ပါဝင်သူများထံမှ သိရသည်။

**ထက်ဆောင်ဇြိုး**

# ကစားသမားစုဖွဲ့မှု အကောင်းဆုံးအချိန်ဖြစ်၍ ၂၀၁၆ ဆူဇူကီးပြိုင်ပွဲတွင် အောင်မြင်မှုအမြင့်ဆုံးကို ရရှိနိုင်မည်ဟု ဆို

၂၀၁၆ ဆူဇူကီးဖလား ပြိုင်ပွဲတွင် **လက်ရွေးစင်အသင်းကြီးသည် ကစားသမားစုဖွဲ့မှုအကောင်းဆုံးအချိန် ဖြစ်သောကြောင့် အမြင့်ဆုံးအောင်မြင်မှု မှတ်တမ်းသစ်တစ်ခုကို ရရှိသွားနိုင်မည်ဖြစ်ကြောင်း** လက်ရွေးစင်ကစားသမားဟောင်း ဦးမျိုးလိုင်ဝင်းက ဩဂုတ်လ ၅ ရက်တွင် ပြောသည်။

မြန်မာနှင့်ဖိလစ်ပိုင်နိုင်ငံတို့က ယူးတဲ့အိမ်ရှင်အဖြစ်ကျင်းပသွားမည့် ၂၀၁၆ ဆူဇူကီးဖလားအုပ်စုပွဲစဉ်များကို ဩဂုတ်လ ၂ ရက်နေ့က မဲခွဲခဲ့ရာတွင် **မြန်မာအသင်းက အုပ်စု(ခ)တွင် မလေးရှား၊ ဗီယက်နမ်၊ ဖြေစစ်ပွဲအောင်အသင်းတို့နှင့် အတူကျ ရောက်နေပြီး** အုပ်စု(က)တွင် လက်ရှိ ချန်ပီယံဆိုင်း၊ ဖိလစ်ပိုင်၊ ဝင်ကာပူး အစိုနိုးရှားအသင်းတို့ ပါဝင်နေသည်။

''အုပ်စုအနေအထားကတော့ ခွေးငတ်ဟယ်၊ ကျပ်တယ်လို့ ပြောလို့မရပါဘူး။ အောင်မြင်မှုအစဉ်အလာကြီးတဲ့ အသင်းတွေပါဝင်နေလို့ ခက်ခက်ခဲခဲနဲ့ ယှဉ်ပြိုင်သွားရမှာပါ။ မြန်မာအသင်းက ကစားသမားသစ်တွေကလည်း အတွေ့အကြုံရင့်ကျက်လာပြီဖြစ်လို့ စုစည်းမှုအကောင်းဆုံးအချိန်ဖြစ်ပါကယ်။ **အဲဒီ့ချုပ်ကလည်း အကောင်းဆုံးပဲပိုးမှုတွေပေးသွားမှာဖြစ်လို့** အခုနောက်ပိုင်းအုပ်စုအဆင့်ကနေမတက်နိုင်တဲ့ အနေအထား ကနေ အမြင့်ဆုံးအောင်မြင်မှုကို ရရှိသွားနိုင်မှာပါ''ဟု ယင်းက သုံးသပ်ပြောကြားသွားခဲ့သည်။ အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲ(အာဆီယံချန်ပီယံရှစ်)တွင် မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၀၄ **ခုနှစ်က အမြင့်ဆုံးအောင်မြင်မှုအဖြစ် ဆီမီးဖိုင်နယ်အဆင့်ကို တစ်ကြိမ်သာတက်လှမ်းထားနိုင်ခဲ့ပြီး** ယခုနောက်ပိုင်းပြိုင်ပွဲများတွင် အုပ်စုအောက်ဆုံးအဆင့်နေရာသာရရှိနေသောကြောင့် ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ဝင်ရောက်ယှဉ်ပြိုင်ရသေးသည့် အခြေအနေထိ ရောက်ရှိနေသည်။ **၂၀၁၆ ပြိုင်ပွဲတွင် မြန်မာက ယူးတဲ့အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်သောကြောင့် အုပ်စုအဆင့်ကို တိုက်ရိုက်ကစားခွင့်ရရှိခြင်းဖြစ်ပြီး** ခြေစစ်ပွဲအဆင့်တွင် ကမ္ဘောဒီးယား၊ လာအို၊ ဘရူနိုင်း၊ တီမောအသင်းများ အုပ်စုပတ်လည်ကစားသွားမည်ဖြစ်ကာ အမှတ်အများဆုံးရရှိသောတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ **ခြေစစ်ပွဲစဉ်များကို** ယခုလ ၁၅ရက်မှ ၂၁ ရက် **ကမ္ဘောဒီးယားနိုင်ငံတွင်** ကျင်းပသွားမည်ဖြစ်ပြီး **နောက်ဆုံးအဆင့် အုပ်စု ပွဲစဉ်များကို လာမည့်နိုင်ငံတာ ၁၉ရက်မှ ၂၆ ရက်အထိ** ကျင်းပသွားမည်ဖြစ်သည်။

**မိုင်းစောလွင် (သတင်း၊ ဓာတ်ပုံ)**

အုပ်စုအဆင့်ကျွမ်းကျင်စွာ ရေစီးကြောင်းဆန်ခြင်းပြုလုပ်နေစဉ်

# ဆည်းဆာရိပ်ဘိုးဘွားရိပ်သာ တိုးချဲ့ဆောင်သစ်ပြီးစီးပါက ဘိုးဘွား ၁၂၀ ဦးခန့်ကို ထပ်မံလက်ခံသွားမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း ၁၂ ရပ်ကွက်တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် ဆည်းဆာရိပ်သာလာန ဘိုးဘွားရိပ်သာတွင် ဧလေးထပ်အဆောင်သစ်ကို ထပ်မံတည်ဆောက်လျက်ရှိရာ ဘိုးဘွားရိပ်သာ တည်ဆောက်ပြီးစီးပါက ဘိုးဘွား ၁၂၀ ဦးခန့်ကို ထပ်မံလက်ခံသွားမည်ဖြစ်ကြောင်း သြဂုတ် ၆ ရက်တွင် သိရသည်။

လက်ရှိတွင် ဆည်းဆာရိပ်သာလာန ဘိုးဘွားရိပ်သာ၌ နိုက်ဂျီးရာမဲ့ဘိုးဘွား ၁၁၀ ခန့်ကို ပြုစုစောင့်ရှောက်ထားပြီး လာရောက်နေထိုင်လိုသည့် ဘိုးဘွားများထပ်မံများပြားလာခြင်းကြောင့် ယခုကဲ့သို့ အဆောင်သစ်ကို တိုးချဲ့ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

''ဒီမှာ လာရောက်နေထိုင်လိုတဲ့ ဘိုးဘွားတွေ များပြားလာတာကြောင့် အဆောက်အအုံသစ် ထပ်မံဆောက်လုပ်တာပါ။ လောလောဆယ်မှာကို ဧနထိုင်ဖို့လာရောက်လျှောက်ထားတဲ့ ဘိုးဘွား ၄၀ ကျော်လောက်ရှိပါတယ်။ အဆောက်အအုံသစ် မပြီးခင်မှာလည်း ဘိုးဘွားတွေရဲ့ နေထိုင်ရေးအခက်အခဲပေါ်ပူတည်ပြီး စောင့်ပေးသွားမှာပါ''ဟု ဆည်းဆာရိပ်ဂီလာန ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဆည်းဆာရိပ်ဂီလာန ဘိုးဘွားရိပ်သာ၏ အဆောက်အအုံသစ်တွင် ဘိုးဘွားများအတွက် ဧလှေကျင့်ခန်းပြုလုပ်ရန်နေရာ၊ ရောဂါကုသဆောင်နှင့် သာမန်လူနာဆောင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **Snow**

www.free4reader.com



# သင့်ကျန်းမာရေးအတွက် ဒါတွေသိရဲ့လား

## Green Tea သောက်ခြင်း၏ အကျိုးတရားကို သိချင်ပါတယ်

Green Tea သောက်တာ ကိုယ်အလေးချိန်ကျဆင်းဖို့ ကူညီပါတယ်။ လေ့လာမှုတွေအရ Green Tea သောက်တာက ခန္ဓာကိုယ် ကယ်လိုရီလောင်ကျွမ်းနိုင်စွမ်းပိုမိုမြင့်တက်နိုင်တယ်လို့ သိရပါတယ်၊ **ဒေါက်တာခင်မိုးမိုး**

## မစင်အရောင် ပြောင်းလဲခြင်းအကြောင်းတစ်ခုကို ပြောပြပါ

သည်းခြေရည်ထုတ်လွှတ်မှု လျော့နည်းလာတဲ့အခါ မစင်အရောင်လည်းပြောင်းလဲတတ်ပါတယ်၊ အရိုန်ကြာအောင် ပြောင်းလဲတာတွေ့ရင်တော့ ဆရာဝန်နဲ့ ပြဖို့ လိုပါတယ်။ **အမရာ**

## ကြက်သားရဲ့ အကျိုးအာနိသင်က ဘာပါလဲ

ကြက်သားကနေ ပရိုတင်းဓာတ်များစွာရရှိတဲ့အတွက် ကြက်သားတွေတည်ဆောက်မှုကို ကောင်းမွန်စေပါတယ်၊ ဒါ့အပြင် အိုင်အိုဒင်းများစွာလည်း ရရှိနိုင်ပါတယ်။ **ဇာခြည်ဝင်း (ဆေးဝါးတက္ကသိုလ်)**

## မို့၏အစွမ်းသတ္တိကို ပြောပြပါ

မို့ကနေ အိုင်အိုဒင်းသာမကဘဲ ကယ်လ်စီယမ်စုပ်ယူရာမှာလိုအပ်တဲ့ ဗီတာမင် D နဲ့ သံဓာတ်ကို ရရှိနိုင်ပါတယ်၊ ကယ်လ်စီယမ်က အရိုးတွေသန်မာစေပြီး သံဓာတ်က သွေးအားနည်းရောဂါမဖြစ်အောင် ကာကွယ်ပါတယ်၊ **ပန်းနွယ်လေး**

## မေးနှစ်ထပ်ဖြစ်ခြင်းကြောင့် အလိုမကျလျှင် ဂလစ်စရင်းအဆီလိမ်းပါ

ဂလစ်စရင်းအဆီနဲ့ ဆားခါးတို့ကို ဆတူရောပြီး ပက်ပါးမင့်အဆီအနည်းငယ်ထည့်ပါ။ ဝါဂွမ်းစဖြင့် ကိုပြီး လည်ပင်းနဲ့ မေးနှစ်ထပ်ဖြစ်တဲ့နေရာပေါ် လိမ်းပါ။ အရေပြားထဲ စိမ့်ဝင်အောင် ဖိနှိပ်အနည်းငယ်လောက်ထားပါ။ ပြီးမှ ကြက်သီးနွေးရေနဲ့ သန့်စင်ဆေးကြောပါ။ တစ်ပတ်ငါးကြိမ်ပြုလုပ်ပေးပါက မေးနှစ်ထပ်ဖြစ်တာ သိသိသာသာ လျော့နည်းသွားပါလိမ့်မယ်၊ ■

# သစ်ခိုးဂိုဏ်းများက တောရှောင်ကွင်းလမ်းများကိုသုံး၍ သစ်ခိုးထုတ်မှု ဆက်လုပ်နေကြဆဲ



တရုတ်ဝယ်သစ်ခိုးဂိုဏ်းကြောင်ဝယ်သစ်တုန်းများကို တွေ့ရစဉ်

တပ်မတော်က ထိုးစစ်ဆင်၍နှိမ်နင်းနေသည်ဆိုသော်လည်း **တရုတ်သစ်ခိုးဂိုဏ်းများက ဟူးကောင်းတောင်ကြားဒေသဲ့တောမှသစ်များကို တနိုင်းတောလမ်းများမှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ခိုးချသယ်ယူနေဆဲပင်ဖြစ်ကြောင်း** ဒေသခံသတင်းရင်းမြစ်အချို့က ဇာတ်ပုံများနှင့်တကွ ဩဂုတ် ၅ ရက်တွင် သတင်းပေးပြောကြားလာသည်၊

### ပိုပိုခိုးယူ

အထူးသဖြင့် တရုတ်သစ်ခိုးကားများက မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးအခြေအနေမတည်ငြိမ်သည့်အချိန်၊ သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်အချိန်များတွင် ပိုမိုခိုးယူမှုများရှိနေပြီး သစ်ခိုးလမ်းကြောင်းကို ဒေသခံပြည်သူများပင်လျှင် သိရှိထားကြသည်ဟု သိရသည်၊

"ဟောဟိုကနေဖောက်ပြီးသယ်တာ ရှောင်လမ်းလို့ခေါ်မလား။ မူဆယ်ရှောင်လမ်းတွေလိုမျိုးပေါ့။ တရုတ်က **သူ့ဟာသူလမ်းထွင်ဖောက်သယ်တာစင်ရဲ့**" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးကပြောသည်။

အထူးသဖြင့် တပ်မတော်စခန်းများရှိရာကို ရှောင်ကွင်း၍ **တောတွင်းလမ်းမှလမ်းကြောင်းဖောက်၍သွားကာ KIA နယ်မြေမှတစ်ဆင့် တရုတ်ဘက်သို့ သယ်သွားကြခြင်းမျိုးဟု** ဆိုသည်၊

**သစ်တစ်လုံးတည်းဖြင့် ကားတစ်စီးပြည့်**

"ဘမျိုသစ်တွေဆိုရင် တစ်တုံးတည်းနဲ့တောင် ကားတစ်စီးပြည့်တယ်၊ ဟူးကောင်းချိုင့်ဝှမ်းဘက်ကနေ ဝိုးထုတ်ပြီးသယ်လာတာလို့ သိရတယ်" ဟု သတင်းရင်းမြစ်ကပြောသည်၊ တရုတ်သစ်ခိုးကားများ သုံးသောလမ်းပိုင်းသည် **တပ်မတော်၏ ဗဟောင်မှကင်းထောက်လေယာဉ်များပြင်တွေ့ရန် မလွယ်ကူလှသောသစ်ရိပ်ဝါးရိပ်များထူပြောသည့်ဘက်ခြမ်းမှ သွားလာခြင်းမျိုးဖြစ်ပြီး** သစ်ခိုးအဖွဲ့များတွင် ရှောင်ကွင်းလမ်းများအတွက် တရုတ်ဘက်က ထုတ်ထားသော မြေပုံများနှင့် ဟာကွ လာရောက်ကြခြင်းမျိုးဖြစ်ကြောင်းလည်း သိရသည်၊

"ဘနိုင်းမြို့အထိ တပ်မတော်ကပိုင်တယ်။ တနိုင်းဟိုဘက် ဧဘးမဲ့တောထဲကျတော့ KIA အပိုင်ဖြစ်သွားပြီ" ဟု ၎င်းကပြောသည်။

### လူမှုကွန်ရက်၌ ပျံ့နှံ့

တရုတ်သစ်ခိုးအဖွဲ့၏ သစ်တင်ကားလမ်းကြောင်းများကို ကိုယ်တိုင်လိုက်ပါဖူးသူတစ်ဦး၏ အဆိုအရ မြန်မာဘက်မှ ခိုးထုတ်ဧသာ သစ်ခိုးလမ်းကြောင်းနှင့် သစ်သယ်ကားများ၏ ဓာတ်ပုံများမှာ ဘရုတ်နယ်စပ်ဘက်မြစ်ကရှိ တရုတ်လူမှုကွန်ရက်များတွင် ပျံ့နှံ့နေကြောင်းလည်း သိရသည်၊

၂၀၁၄ ခုနှစ်အတွင်းက ကချင်ပြည်နယ်ဘက်တွင် တရုတ်သစ်ခိုးကားများကို တပ်မတော်ကင်းထောက်လေယာဉ်က တွေ့ရှိခဲ့သည့်အတွက် စစ်ကြောင်းဖြင့် ဝိုးနှင်း၍ ဖမ်းဆီးခဲ့မှုကြောင့် သစ်ခိုးတရုတ် ၁၀၀ ကျော်ကို ဖမ်းဆီးရမိခဲ့ပြီး ကရားဖွဲ့ဆိုနိုင်ခဲ့သော်လည်း **ချစ်ကြည်ရေးဟူသောခေါင်းစဉ်အောက်မှနေ၍ တရုတ် ၁၀၀ ကျော်ကို ပြန်လွှတ်ပေးခဲ့ရဖူးကြောင်း** လည်း သိရသည်၊

**Iris**

# ထိုင်း MOU မြန်မာလုပ်သားအရေး သတင်းစာရှင်းပွဲလုပ်ခဲ့သည့် အဖွဲ့အစည်းနှစ်ခုကို ဖမ်းဆီးအရေးယူရန် ကြေညာ

ထိုင်းနိုင်ငံသို့ MOUစနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် **မြန်မာအလုပ်သမားများ၏ လက်ရှိတွေ့ကြုံနေရသော အခက်အခဲများအတွက် မြန်မာနိုင်ငံတွင် အလုပ်သမားများနှင့်အတူသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သော ထိုင်းနိုင်ငံအခြေစိုက် MAT (ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့) နှင့် AAC (မြန်မာအလုပ်သမားကူညီရေးထိုင်းနိုင်ငံ) အဖွဲ့တို့ကို ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနက နိုင်ငံ၏ဂုဏ်သိက္ခာကို ချသည်ဟုဆိုကာ ဖမ်းဆီးအရေးယူရန်** ကြေညာလိုက်ကြောင်း သိရသည်။

ဩဂုတ်လ ၅ရက်တွင် ထိုင်းအလုပ်သမားဝန်ကြီးဌာနရုံး၌ ထိုင်းအလုပ်သမားညွှန်ကြားရေးမှူးချုပ်က သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ယင်းအဖွဲ့အစည်းနှစ်ခုကို ဖမ်းဆီး စစ်ဆေးရန် အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်၊

အဆိုပါ သတင်းစာရှင်းလင်းပွဲကို ပြီးခဲ့သည့် ဩဂုတ်လ ၂ ရက်က ရန်ကုန်မြို့ ယုဇနဟိုတယ်တွင် ပြုလုပ်ခဲ့ ရာ ယင်းအလုပ်သမားအဖွဲ့အစည်းများနှင့် ထိုင်းနိုင်ငံသို့ တရားဝင်ပို့ဆောင်ပေးနေသောအေဂျင်စီများ အရေးအကင်းစကားများကြောင့် **သတင်းစာရှင်းလင်းပွဲပျက်လုနီးပါးဖြစ်ပွားခဲ့ရသည်၊**

"ထိုင်းအလုပ်သမားဝန်ကြီးဌာနရဲ့ ကြေညာချက်မှာတော့အခုအလုပ်သမားအဖွဲ့အစည်းနှစ်ခုမှာ ဓါးပြတိုက်ပြီးသယ်လာတာလို့ သိရတယ်" ဟု သတင်းရင်းမြစ်ကပြောသည်၊ တရုတ်သစ်ခိုးကားများ သုံးသောလမ်းပိုင်းသည် **တပ်မတော်၏ ဗဟောင်မှကင်းထောက်လေယာဉ်များပြင်တွေ့ရန် မလွယ်ကူလှသောသစ်ရိပ်ဝါးရိပ်များထူပြောသည့်ဘက်ခြမ်းမှ သွားလာခြင်းမျိုးဖြစ်ပြီး** သစ်ခိုးအဖွဲ့များတွင် ရှောင်ကွင်းလမ်းများအတွက် တရုတ်ဘက်က ထုတ်ထားသော မြေပုံများနှင့် ဟာကွ လာရောက်ကြခြင်းမျိုးဖြစ်ကြောင်းလည်း သိရသည်၊

"ဘနိုင်းမြို့အထိ တပ်မတော်ကပိုင်တယ်။ တနိုင်းဟိုဘက် ဧဘးမဲ့တောထဲကျတော့ KIA အပိုင်ဖြစ်သွားပြီ" ဟု ၎င်းကပြောသည်။

### လူမှုကွန်ရက်၌ ပျံ့နှံ့

တရုတ်သစ်ခိုးအဖွဲ့၏ သစ်တင်ကားလမ်းကြောင်းများကို ကိုယ်တိုင်လိုက်ပါဖူးသူတစ်ဦး၏ အဆိုအရ မြန်မာဘက်မှ ခိုးထုတ်ဧသာ သစ်ခိုးလမ်းကြောင်းနှင့် သစ်သယ်ကားများ၏ ဓာတ်ပုံများမှာ ဘရုတ်နယ်စပ်ဘက်မြစ်ကရှိ တရုတ်လူမှုကွန်ရက်များတွင် ပျံ့နှံ့နေကြောင်းလည်း သိရသည်၊

၂၀၁၄ ခုနှစ်အတွင်းက ကချင်ပြည်နယ်ဘက်တွင် တရုတ်သစ်ခိုးကားများကို တပ်မတော်ကင်းထောက်လေယာဉ်က တွေ့ရှိခဲ့သည့်အတွက် စစ်ကြောင်းဖြင့် ဝိုးနှင်း၍ ဖမ်းဆီးခဲ့မှုကြောင့် သစ်ခိုးတရုတ် ၁၀၀ ကျော်ကို ဖမ်းဆီးရမိခဲ့ပြီး ကရားဖွဲ့ဆိုနိုင်ခဲ့သော်လည်း **ချစ်ကြည်ရေးဟူသောခေါင်းစဉ်အောက်မှနေ၍ တရုတ် ၁၀၀ ကျော်ကို ပြန်လွှတ်ပေးခဲ့ရဖူးကြောင်း** လည်း သိရသည်၊

**Iris**



www.free4reader.com



# ရဲစခန်းနှင့် တရားရုံးများတွင် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်ကြား လူငယ်ပြစ်မှုကျူးလွန်သူ များစွာတွေ့ရှိရဟု ဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲစခန်းနှင့် တရားရုံးများတွင် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်ကြား လူငယ်ပြစ်မှုကျူးလွန်သူများစွာရှိနေကြောင်း ပင်လာတောင်ညွန့်မြို့နယ် ကိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဖြေရှင်းကော်မတီအဖွဲ့ဝင် ဦးရန်အောင်က ပြည်မြန်မာသတင်းဂျာနယ်ကို ပြောသည်။

အဆိုပါ ကော်မတီအနေဖြင့် ယခုသြဂုတ်လဆန်းပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းမြို့နယ်များရှိ ရဲစခန်းများ၊ တရားရုံးများသို့ သွားရောက်စစ်ဆေးမှုများပြုလုပ်ရာ အသက် ၁၇ နှင့် ၁၈ နှစ်ကြား လူငယ်အများအပြားရောက်ရှိနေမှု အများအပြားတွေ့ရှိရခြင်းဖြစ်ကြောင်း ယင်းက ပြောသည်။

''အဓမ္မပြစ်ခန်းတွေမှာ ထိန်းသိမ်းထားတဲ့သူအများစုက အသက် ၁၇၊ ၁၈ လောက် ပဲရှိတဲ့လူငယ်တွေများတယ်၊ **ခိုးမှု၊ လုယက်မှု၊ မူးယစ်ဆေးဝါးမှုတွေ၊ ရိုက်မှုတွေကြောင့် ထိန်းသိမ်းခံထားရတာတွေများတယ်၊** ထူးခြားတာက ဒီလူငယ်လေးတွေရဲ့ **မျက်နှာတွေက သိမ်ငယ်မှုမရှိဘူး၊ မျက်နှာတွေက စက်ထန်နေတယ်**'' ဟု ယင်းကပြောသည်။

ယင်းကြောင့် ထုတ်ပြန်ပြစ်မှုကျူးလွန်သော လူငယ်များအား **ပြစ်ဒဏ်ပေးရုံသာမက စာရိတ္တပြုပြင်ရေးကိုပါ ဆောင်ရွက်ပေးရန်** ကော်မတီအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အစီရင်ခံစာတင်မည်ဖြစ်ကြောင်း ဦးရန်အောင်က ပြောသည်။

''ပြစ်မှုကျူးလွန်လို့ ပြစ်ဒဏ်ကျခံရပေမယ့် ထောင်ကပြန်ထွက်လာတဲ့အခါမှာ သူတို့အနေနဲ့ ကောင်းမွန်တဲ့အလုပ်ကို မလုပ်ကိုင်ဘဲ ဒုစရိုက်လုပ်ငန်းကိုပဲ လုပ်ကိုင်ကြတာများတယ်၊ ဒါကြောင့် အစိုးရအဖွဲ့အနေနဲ့ ပြစ်မှုကျူးလွန်တဲ့လူငယ်တွေကို ပြစ်ဒဏ်သာမက သူတို့ရဲ့စာရိတ္တပြုပြင်ပေးဖို့ကိုပါလုပ်ဆောင်ပေးဖို့လိုအပ်တယ်။ ပညာပေးမှုတွေ ပြုလုပ်ပေးရမယ်'' ဟု ဦးရန်အောင်က ဆိုသည်။

တိုင်းဒေသကြီးအတွင်းရှိ ရဲစခန်းများ၊ တရားရုံးများသို့ အလှည့်ကျသွားရောက်စစ်ဆေးရာတွင် ရဲစခန်းများ၌ **အမှုအခင်းများကို သက်ဆိုင်ရာအရာရှိများက ကာလရှည်အောင်ပြုလုပ်ထားခြင်း၊ အကျဉ်းစခန်းများ လေဝင်လေထွက်မကောင်းခြင်းနှင့် ရဲဝန်ထမ်းအိမ်ရာများ မျက်စိမ်းနေခြင်း**တို့ ဖတ္တရွှိရသည့်အတွက် ယင်းကို လည်း အစိုးရထံ ဟင်မည့်အစီရင်ခံစာ၌ ထည့်သွင်းသွားမည်ဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။

**လဝန်း**

■

# လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၇၀ ကို ကျပ် ၃ သိန်း ၂ ဘီလျံ ထောက်ပံ့မည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားသည့် **စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၇၀ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ကြေးအဖြစ် ကျပ် ၃ သိန်း ၂ ဘီလီယံ ပေးအပ်သွားမည်ဖြစ်ကြောင်း** ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သြဂုတ် ၅ ရက်က သိရသည်။

### စက်တင်ဘာစပေးမည်

အဆိုပါ ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရန် လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကံကင်ပြုထားပြီး ထောက်ပံ့ကြေးများကို စက်တင်ဘာတွင် စတင်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

''ရန်ကုန်တိုင်းကဲက လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ **စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၇၀ ကို ထောက်ပံ့ကြေး စက်တင်ဘာလမှာ စတင်ပေးအပ်မှာပါ။ ထောက်ပံ့ကြေးပေးအပ်ရာမှာ ပထမဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် အဖြစ်သတ်မှတ်ပြီး ပေးအပ်သွားမှာပါ**'' ဟု ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်ကပြောသည်။

### အဆင့်သုံးဆင့်ခွဲထား

စေတနာ့ဝန်ထမ်း ပရဟိတဂေဟာများ၊ လူငယ်သင်တန်းကျောင်းများ အပါအဝင် အဖွဲ့အစည်း ၇၀ ကို ထောက်ပံ့ကြေးအဖြစ် **တစ်နှစ်သက်တမ်းအထိ ပထမအဆင့်အဖြစ် ဆန်ထောက်ပံ့ပေးမည်ဖြစ်ပြီး တစ်နှစ်မှ သက်တမ်း၀ါးနှစ်အထိ ဒုတိယအဆင့်အဖြစ် ဆန်၊ စားစရိတ်၊ အဝတ်အစားစရိတ်သုံးမျိုးထောက်ပံ့မည်ဖြစ်ပြီး သက်တမ်း၀ါးနှစ်အထက်ရှိပါက တတိယအဆင့် အဖြစ် ဆန်၊ စားစရိတ်၊ အဝတ်အစားစရိတ်တို့အပြင် ဓနဟာမှုးလစာပါ** ထောက်ပံ့ကြေးအဖြစ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားသည့် ပရဟိတဂေဟာ ၅၅ ခု၊ ဘိုးဘွားရိပ်သာ ၁၂ ခု၊ မသန်စွမ်း သင်တန်းကျောင်းလေးခု၊ အမျိုးသမီးဖွံ့ဖြိုးကိုးတက်ရေးသင်တန်းကျောင်းတစ်ခုကွင် တစ်ကျောင်း၊ အသိအမှတ်ပြုထားသော်လည်း ထောက်ပံ့ကြေးပေးရန်စီစစ်ဆဲဖြစ်ပြီး ကျန်တစ်ကျောင်းမှာ ထောက်ပံ့ကြေးမယူသဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ကြေးပေးရမည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းပေါင်း ၇၀ ရှိကြောင်း သိရသည်။ **အေမီအောင်(မြစ်မစ)**


သူနာပြုအကူနှင့် ဆေးဝါးကျွမ်းကျင်မှုသင်တန်း

- အထူးခြင့် သူနာပြုအဆင့်မြှင့် ဆေးဝါးကျွမ်းကျင်မှုသင်တန်း (၃လ သင်တန်း)
- အထူးခြင့် ဆေးဝါးကျွမ်းကျင်မှုနှင့် ကျန်းမာရေးအရာရှိသင်တန်း (၂လ သင်တန်း)
- Diploma သူနာပြုအရာရှိသင်တန်း (၄လ သင်တန်း)
- Diploma ဆေးဝါးကျွမ်းကျင်မှုအရာရှိသင်တန်း (၄လ သင်တန်း)
- အထူးခြင့် စိတ်ကြွဲကျွမ်းကျင်မှုအရာရှိသင်တန်း (၂လ သင်တန်း)

အခြေခံပညာစာတန်းနှင့်အထက်အတွေ့ရှိပြီးသူများ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်အလိုးသီးသို့ မတက်ရောက်နိုင်သော်လည်းလိုလှုပ်ရှား ပုဂ္ဂလိကဆေးခန်းဆေးသန်း၊ ဆိတ်ခွဲသန်းရှာစွာ၌ အထူးခြင့် ထိပ်သူကုလုပ်ကိုင်လိုသူများ၊ ကိုယ်ပိုင်ဆေးပိတ်နှင့် ဆွေးနွေးဆေးသေ ဆေးရောက်လုပ်လိုသူများ ဆေးခြင်းလူနာနှင့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်လိုသူများအတွက် ဖွင့်လှစ်သည်။

- National Center For Competency Testing (USA) မှအသိအမှတ်ပြုသင်ရိုးညွှန်းတန်းနှင့် အညီ ဆရာဝန်၊ သူနာပြု ဆေးဝါးကျွမ်းကျင်ဆရာမများ တတ်ခွဲကျွမ်းကျင်ဆရာဆရာမများကိုသင်တိုင် သုအေတူးကုသေးခန်းနှင့် ရောဂါရှာဖွေစစ်ဆေးပြဿနာတွင် ဓာတ္တဝ်လက်တွေ့စနစ်တကျ သင်ကြားပေးမည်။

- နယ်မှ သင်တန်းသားများအတွက် နေရေး ထိုင်ရေး ကိုယ်ပိုင်အဆောင်များ စီစဉ်ပေးသည်။
- ကိုယ်ပိုင်ဆေးဆိုင်ငွေလုံလုံလျားအတွက် စီစဉ်ညွှန်ကြားပေးမည်။ လစဉ်နှင့် အဟာရဆင့်ပါးသွေးများ လက်ဆိုမြို့
- သင်တန်းကြေး လစဉ်အရစ်ကျပေးသွင်းနိုင်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းအတွက် ညွှန်ကြားပေးမည်။
- ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပန်းထမ်းများအတွက် ဆေးရုံ ဆေးခန်းသုံးအင်္ဂလိပ်စာနှင့်ကောဆပြာ အထူးသင်တန်းရှိသည်။
- လုပ်ငန်းခွင်လက်တွေ့အသုံးချနိုင်သော ဆေးရုံ ဆေးခန်းသုံး ဆေးဆာရုံးကိုင် ကွန်ပျူတာသင်တန်းရှိသည်။

သူဝအထူးကုဆေးခန်း — လမ်းကွဲ - အင်းစိန်လမ်းကြိုး အုန်းတိုင်ပင် လိုင်မြို့နယ် ရန်ကုန်မြို့၊ Advanced National Health Care Center ဖုန်းနံပါတ် - ၀၉-၇၃၀၁၇၄၀၈

ပန်းသုဝ - သင်တန်းခန်းပ — No. (23/W-1), 22-C လမ်း၊ 81×82 လမ်းကြား၊ ဆောင်မြေဆာစ်မြို့နယ်၊ IT-22 INTERNET CAFE မန္တလေးမြို့၊ ဖုန်း - ၀၂-၇၁၃၃၇၊ ၀၉-၇၃၀၁၇၄၀၈


# မြန်မာ့ရှားပါးအလှဆင် စကျင်ကျောက်ထွက်ရှိသည့် နေပြတောင်ကို သဘာဝဥယျာဉ်ပြုလုပ်ရန် အစိုးရထံ တင်ပြ

မြန်မာ့ရှားပါး အလှဆင် **စကျင်ကျောက် (Marble)** ထုတ်လုပ်ရေးစီမံကိန်းရှိသည့် **ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်းရှိ နေပြတောင်ကို သဘာဝဥယျာဉ်အဖြစ်ထိန်းသိမ်း၍ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်ရန်** အစိုးရကို တင်ပြထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းနှင့် ပတ်သက်၍ ယခင် အစိုးရကပြည်သူလူထုထံ ပွင့်လင်းမြင်သာမှုမရှိခဲ့သည့်အပြင် ယခု အစိုးရကလည်း မည်သည့်အကြောင်းကိုမျှ ချပြခြင်းမရှိသေးကြောင်း ဒေသခံများက ပြောသည်။

''သြဂုတ်လ ၆ ရက် မှာ ကျွန်တော်တို့ သွားကြည့်ပါတယ်၊ လုပ်ငန်း ရပ်ထားတာ တွေ့လို့မေးကြည့်တော့ မိုးတွင်းကြောင့် ရပ်ထားတယ်လို့ ပြောပါတယ်၊ အဲဒီမှာ ဒီယက်နမ် နိုင်ငံသားလေးဦး၊ မြန်မာတစ်ဦးနဲ့ ထမင်းချက် တစ်ဦးကို တွေ့ခဲ့ရပါတယ်၊ ကျွန်တော်တို့အနေနဲ့ အမြဲတမ်း လုပ်နေတာကတော့ လက်မှတ်ထိုးတဲ့ ကင်ပိန်းတွေအပါအဝင် လုပ်သင့်ကာကို လုပ်ပါတယ်'' ဟု ရခိုင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက် ဦးမောင်ကော်မတီတစ်ဦး ဖြစ်သူ ကိုဇေယျကျော်က ပြည်ပြန်မှာ သတင်းဂျာနယ်ကို ပြောသည်။

အဆိုပါ ကော်မတီအနေဖြင့် လွန်ခဲ့သည့် အစိုးရလက်ထက် ၂၀၁၃ ကပင် နေပြတောင် စီမံကိန်းရပ်ဆိုင်းရန် လုပ်ဆောင်ခဲ့ကြပြီးကျောက်ပြားထုတ်လုပ်နေသည့် ကုမ္ပဏီရှိသည့် နိုင်ငံမှ အစိုးရကို လည်းကျောက်ပြားထုတ်လုပ်မှုရပ်ဆိုင်းရန်လာမယ့် လများတွင် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်၊

''ဒီယက်နမ်မှာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်မရှင်ကို တင်ပြမယ်၊ ပဲခေါင် ဖြစ်ပွမ်းဆိုင်ရာ မြန်မာကိုယ်စားလှယ် တစ်ဦးနဲ့တွေ့ဆုံပြီး အကူအညီတောင်းထားပါတယ်၊ဒီရင်းနှီးမြှုပ်နှံမှုဟာ ဒေသအတွက် အကျိုးမရှိဟဲ့အကြောင်း သွားရောက် ပြောကြားဖို့ ရှိတယ်'' ဟု ယင်းကပြောသည်၊

**နေပြတောင် စီမံကိန်းအား ဒီယက်နမ်နိုင်ငံ Simco Song Da Joint Stock Company** နှင့် ပြည်ထောင်စု**အစိုးရတို့က အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်က သဘောတူစာချုပ်ချုပ်ဆို ခဲ့ခြင်းဖြစ်၍ ဒီယက်နမ်ကုမ္ပဏီအနေဖြင့် နှစ်ပေါင်း ၂၀ အထိ ထုတ်လုပ်ခွင့်ရမည်ဖြစ်ပြီး၊** နှစ် ၂၀ ပြည့်ပြီးပါက အခြားကုမ္ပဏီများနှင့် ဆက်လက်စာချုပ်ချုပ်ဆို လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ယခင်အစိုးရသက်တမ်းက ပြည်နယ် စက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဦးအောင်သန်းကင်က ပြောကြားဖူးသည်။

အဆိုပါ ရှားပါးဟာဘယ်လို အလှဆင် စကျင်ကျောက်များကို တစ်နှစ်လျှင် မက်ထရစ် တန်ချိန် ၇၅၅၀ ထုတ်ယူနိုင်မည်ဖြစ်ပြီး၂၀၁၃ ခုနှစ်မှ စတင်၍ နှစ်ပေါင်း ၂၀ အထိ ထုတ်ယူမည်ဖြစ်ကြောင်း သိရသည်၊ လွန်ခဲ့သော ၁၉၇၀ ပြည့်နှစ်အချိန်ခန့်က နေပြတောင်ကျောက်ကို မိုင်းခွဲ၍ ရခိုင်ရိုးမလမ်းကြီးကို ခင်းခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် အဆောက်အဦးဆောက်လုပ်သည့်အခါ အမိုးနှင့်အမိုးအကာများအဖြစ် အသုံးပြုခဲ့သေးကြောင်း ၁၉၇၁ ခုနှစ်ခန့်က ထုတ်ပေးသည့် စိုလ်တထောင်သတင်းစာတွင် ပါရှိခဲ့ဖူးကြောင်း သိရသည်၊

ယင်းအပြင် ပြည်ခရိုင် ပန်းတောင်းမြို့အဝိုင်း၊ ခိုင် ၇၀ အကွာတွင် ဒေါ်လာ ကုဋေ ၉၀၀ တန်ဖိုးရှိသော Marble ကျောက်တောင်ကြီး တွေ့ရှိဟုဆိုလည်း အဆိုပါ သတင်းစာတွင် ပါရှိခဲ့ကြောင်း သိမှိသူများက ပြောသည်။

နေပြတောင်ကျောက်သည် အသေးစားကိုရှိ၍ ဒေသခံများအနေဖြင့် **ယခင်က နေပြခံတောင်ဟု ခေါ်ခဲ့ကြခြင်းဖြစ်ပြီး** အရောင်မှာ အညိုရောင်၊ အဖြူရောင်၊ အုန်းခွံရောင်၊ နီညိုရောင် စသည်ဖြင့် အမျိုးမျိုးတွေ့ရှိရကြောင်း၊ **ပင်လယ်ရေပြင်မှ ၂၂၂၃ ပေမြင့်ပြီး ကျောက်တောင် အမြင့် ၈၀ ခုဝဝ ခန့်၊ တောင်ပတ်လည်မှာ ၎င်းမိုင်ခန့်ရှိပြီး** အဆိုပါ ကျောက်တောင်ကြီးအပြင် ဘေးဘက် သျှိုပြောင်ကြီးတွင်လည်း မာဘယ်လိကျောက်တောင်တန်းကြီးများလည်း ရှိနေသေးကြောင်း သိရသည်။

**မေဝေယ်**

## အမြန်ရောင်းမည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ၁၁ ရပ်ကွက်၊ တက္ကသိုလ်လမ်းမကြီး။ ၂၃ ပေ × ပေ ၆၀ ။ ၂ ထပ်၊ ပျဉ်ထောင်၊ ရေ၊ မီးပါ (ပါမစ်မူရင်း)။ **၃၅၅ သိန်း** အလျော့အတင်းရှိသည်။ **ဖုန်း - ၀၉ ၇၉၅၇၁၁၇၈၈၊ ၀၉ ၇၃၀၉၉၅၄၂**

---

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်၊ ကျိုက္ကလီမြို့နယ်ခွဲ၊ သဲကုန်းရွာ၊ ရန်ကုန် - သံတွဲလမ်းမကြီးပေါ်ရှိ ပေ ၈၀ ပတ်လည်ရှိ မြေနှင့် အိမ်ရောင်းရန်ရှိသည်။ **ဖုန်း - ၀၉ ၅၄၀၁၆၀၂၊ ၀၉ ၇၃၀၉၉၅၄၂**

www.free4reader.com




## ဝန်ထမ်းအလိုရှိသည်

ကျာနယ်နှင့် မဂ္ဂဇင်းများ ပုံမှန်ထုတ်ဝေလျက်ရှိသည့် မီဒီယာလုပ်ငန်းတွင် ကြော်ငြာရှာဖွေဖေးလုပ်ငန်းဆောင်ရွက်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

**၁။ Marketing Executive** ကျား/မ (၄)ဦး

အသက် ၂၀ နှစ်မှ ၃၅ နှစ်အတွင်း ရိုးသားကြိုးစား သွက်လက်ဖျတ်လတ်၍ ဆက်ဆံရေးကောင်းမွန်ကာ ဘွဲ့ရပြီးဖြစ်ရမည်။ ကြော်ငြာရှာဖွေရေးလုပ်ငန်းကို အနည်းဆုံး ၂ နှစ် အောင်မြင်စွာလုပ်ဆောင်ဖူးသူ ဖြစ်ရမည်။

**(လစာနှင့် ကော်မရှင်ရရှိမည်ဖြစ်၍ စိတ်ကြိုက်လစာနှင့် စိတ်ကြိုက် ကော်မရှင်နှုန်းတောင်းခံနိုင်သည်၊ လုပ်ငန်းအတွေ့အကြုံနှင့် ထူးချွန်မှုအပေါ်မူတည်၍ ညှိနှိုင်းဆောင်ရွက်ပေးမည်။)**

**၂။ Marketing Assistant** ကျား/မ (၄)ဦး

အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း ရိုးသားကြိုးစား၍ သွက်လက်ဖျတ်လတ်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။ ၁၀ တန်းအောင်မြင်ပြီး ဖြစ်ရမည်။ ကြော်ငြာရှာဖွေရေးလုပ်ငန်းလုပ်ဆောင်ဖူးသူကို ဦးစားပေးမည်။

**(ထိုက်တန်သည့်လစာနှင့် ကော်မရှင်ရရှိမည်ဖြစ်သည်။)**

**ဆက်သွယ်ရန်**

**စွယ်စုံမီဒီယာ (SweSone Media Group)**

ပထမထပ်၊ Central Tower ၊ အမှတ် (၇၉/၈၁)၊

အနော်ရထာလမ်း (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၃၈၅ ၂၉၃၊ ၀၁ ၃၉၂ ၇၃၉၊ ၀၁ ၃၉၂ ၉၂၀။


## အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဦးသံစစ်

**အသက် (၆၈) နှစ်**

ပါဒဟောက္ခ ဦးသံစစ်၊ ပါမောက္ခဌာနမှူး(ငြိမ်း)၊ အသည်းရောဂါပညာဌာန၊ ရန်ကုန်သည် ၂-၈-၂၀၁၆ ရက် အင်္ဂါနေ့ နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာတင်ထွန်းဦး - ဒေါက်တာခင်မိုးမိုး**

**စွယ်စုံမီဒီယာ (SweSone Media Group)**

# စက်မှုဇုန်များထံမှ လျှပ်စစ်ဓာတ်အား၁ ပုံစံတစ်မျိုးဖြင့် သုံးဆတိုးမြှင့်ကောက်ခံရန် စီစဉ်နေဟု ဆို

စက်မှုဇုန်များရှိ လျှပ်စစ်ထိန်းသိမ်းရေးနှင့် မီတာခမများကို သုံးဆတိုးမြှင့်ကောက်ခံရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ကပြင်ဆင်နေပြီဖြစ်ကြောင်း စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးကော်မတီထံမှ ဩဂုတ် ၆ ရက်က သတင်းရရှိသည်။

အထူးသဖြင့်စက်မှုဇုန်များ၏ မိတာထိန်းသိမ်းစောင့်ရှောက်ခကို လျှပ်စစ်ကော်ပိုရေးရှင်းက ပုံမှန်ကောက်ခံသည့်အပြင် **လျှပ်စစ်မီတာ ထရန်စဖော်မာအသစ်တစ်လုံးထပ်မံထားရှိမည်ဆိုပါက Infrastructureကြေးဟု ခေါင်းစဉ်တပ်၍ သုံးဆတိုးမြှင့်ကောက်ခံရန် ပြင်ဆင်နေခြင်းဟု** သိရသည်။ ``Infrastructure ကြေးဆိုတာက သူတို့တည်ဆောက်ပြုပြင်ထားတဲ့ စရိတ်ကိုပြောတာ။ သုံးဆတိုးကောက်မယ်လို့ ပြောတာ။ ဒီအတွက် သူတို့ တွက်ချက်နေတယ်လို့မပြောဘူး'' ဟု စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဟာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းအပြင် စက်မှုဇုန်များထံမှ ကောက်ယူနေသော **မီတာယူနစ်ဈေးနှုန်းများကို မူလ ကျပ် ၁၅၀ မှ ၁၈၀ အထိတိုးကောက်ရန်လည်း** ပြင်ဆင်နေကြသည်ဟု ဆိုသည်။ စက်မှုဇုန်များအနေဖြင့်လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုမှ ပျောက်ဆုံးယူနစ်များအတွက်ကိုလည်းထပ်ဆင့်ဆေးနေကြရပြီး မည်သည့်အခြေအနေတွင်မှ သက်သာရာဖြင့် လျှပ်စစ်မီးသုံးစွဲခွင့်ရရေး အခွင့်မသာမဲ့ကြောင်း ၄င်းကပြောသည်။ စက်မှုဇုန်လုပ်ငန်းရှင်များဘက်က ယင်းကိစ္စကို မဖြစ်သင့်ကြောင်း ထောက်ပြပြောဆိုခဲ့သော်လည်း ရန်ကုန်လျှပ်စစ်ကော်ပိုရေးရှင်းအဖွဲ့ထံသို့သာ တိုင်းဒေသကြီးအစိုးရအဖွဲ့က လွှဲခဲ့ပြီး ကော်ပိုရေးရှင်းကလည်း ၄င်းတို့၏ Sub ကန်ထရိုက်များကိုသာ ထပ်ဆင့်လွှဲ ချခဲ့ကြသည်ဟုဆိုသည်။ စက်မှုဇုန်များထံမှ လျှပ်စစ်ဓာတ်အားမကို ပုံစံမျိုးစုံဖြင့် ထပ်ဆင့်တိုးမြှင့်ကောက်ခံရန် ပြင်ဆင်မှုအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းတင်ဒါ ခေါ်ယူထားပြီးဖြစ်ကာ အခြေအနေကို စက်မှုလုပ်ငန်းရှင်များက စောင့်ကြည့်နေကြရကြောင်းလည်း သိရသည်။

**စက်မှုလုပ်ငန်းဖွဲ့ဖြိုးလာသော နိုင်ငံများတွင် စက်မှုဇုန်များကို လျှပ်စစ်မီတာစများ သက်သာစေရန် စီစဉ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများပြားလာအောင် ဖန်တီးပေးလေ့ရှိသော်လည်း** ပြန်မာနိုင်ငံတွင်မူ အစဉ်အဆက်ဆိုသကဲ့သို့ လုပ်ငန်းရှင်များထံမှ ငွေကြေးပိုမိုကောက်ခံရေးကိုသာ အစိုးရက စီစဉ်သလိုဖြစ်နေသည်ဟု ဆိုသည်။

**အေဝိုင်အီး**

■

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အိုင်အက်စ်အဖွဲ့က ခြိမ်းခြောက်သည့်အတွက် လုံခြုံရေးသတိပိုမိုထားရှိမည်ဟု ရန်ကုန်တိုင်းရဲတပ်ပွဲ ပြောကြား

နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကို အိုင်အက်စ်အဖွဲ့က လုပ်ကြံသတ်ဖြတ်မည်ဟု ခြိမ်းခြောက်သည့်သတင်းများ ထွက်ပေါ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေး အင်အားတိုးမြှင့်ထားခြင်းမရှိသော်လည်း **လုံခြုံရေးသတိပိုမိုထားရှိမည်ဖြစ်ကြောင်း** ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အရာရှိတစ်ဦးက ပြည်မြန်မာသတင်းဂျာနယ်သို့ ဩဂုတ် ၆ ရက်တွင် ပြောသည်။

**သတိပိုထားရမည်**

ပြီးခဲ့သည့် ဩဂုတ် ၁ ရက်တွင် အိုင်အက်စ်စင်သွေးကြွအဖွဲ့က **မဒေးရှားရဲတပ်ဖွဲ့ထံ "အိုင်အက်စ် ခြိမ်းခြောက်မှု" ခေါင်းစဉ်ဖြင့်ပေးပို့ခဲ့သည့်စာတွင်** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ၎င်းတို့၏ ပစ်မှတ်စာရင်း၌ တည့်သွင်းထားသည့်အကြောင်း မဇေးရှားအမြဲတိုက် The Star သတင်းဌာနက ဖော်ပြထားခြင်း ဖြစ်သည်။

``လုံခြုံရေးအင်အားတော့ တိုးချထားတာမရှိဘူး၊ ဒါပေမဲ့ အခုလို ဖြစ်လာတဲ့အပေါ်မှာတော့ ပြည်သူတွေရဲ့ လုံခြုံမှုအတွက် လုံခြုံရေးသတိပိုထားရမယ်၊ အရင်ထက်ပိုပြီး လုံခြုံရေးအတွက် လုပ်ဆောင်ချက်တွေကို သေချာဂရုစိုက်လုပ်ကိုင်ရမယ်'' ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲမှူးကြီးဝင်းဇိုလ်က ပြည်မြန်မာသတင်းဂျာနယ်ကို ပြောသည်။

**ရှစ်ဖြို့နယ်တိုးချဲ့**

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မူခင်းကျဆင်းရေးစီမံချက်အဖြစ် မြို့နယ်များ ဆက်မှတ်ဆောင်ရွက်ရာ ယခင်က လေးမြို့နယ်အပြင် ဒဂုံ၊ တွံတေး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ သာကေတ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ စမ်းချောင်း၊ မရမ်းကုန်း စသည့်ရှစ်မြို့နယ်ကိုတိုး၍ သတ်မှတ်ဆောင်ရွက်နေကြောင်း ယင်းကဆက်လက်ပြောကြားသည်။

''အရင်လေးမြို့နယ်မှာ ဆောင်ရွက်တဲ့အခါ သိသိသာသာ မူခင်းကျဆင်းလာတယ်၊ လက်ရှိအထိလည်း IS နဲ့ပတ်သက်ပြီး သတင်းရရှိထားတာမရှိသေးဘူး။ ကျွန်တော်ကိုရဲတပ်ဖွဲ့အပြင် သတင်းတပ်ဖွဲ့ဖေါ်ကလည်း သေချာဂရုစိုက်လုပ်ဆောင်နေကြတယ်'' ဟုယင်းကပြောသည်။ **ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အား ၅၀၀၀ ကျော်ရှိကြောင်း** ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စာရင်းများအရ သိရသည်။

**လဝန်း**

# ရန်ကုန်ပြည်ခိုင်ဖြိုးဥက္ကဋ္ဌနှင့် အတွင်းရေးမှူး လျာထားအမည်စာရင်း အတည်ပြု

ရန်ကုန်ကိုင်းဒေသကြီး ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးလျာထားအမည်စာရင်းကို ဗဟိုအဆင့်တွင်ရွေးချယ်ရန် ပါတီသဘာပတိအဖွဲ့က အတည်ပြုခဲ့ကြောင်း ဩဂုတ် ၆ ရက်က သိရသည်။

**ရန်ကုန်တိုင်းဒေသကြီး ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌအဖြစ် လျာထားသူများ ဖြစ်ကြသော ဦးခင်မောင်စိုး၊ ဦးတင်မောင်ဝင်းနှင့် ဦးမင်းသိန်း၊ အတွင်းရေးမှူးများအဖြစ် လျာထားသူများ ဖြစ်ကြသော ဦးသာဝင်း၊ ဦးတင်အောင်နှင့် ဦးတင်လွင်**တို့ကို ဩဂုတ်လ ၅ ရက်က ရန်ကုန်တွင်ကျင်းပသော ပါတီ၏ ရန်ကုန်တိုင်းဒေသကြီးအဆင့် မျက်နှာစုံညီအစည်းအဝေးတွင် အတည်ပြုခဲ့ကြခြင်း ဖြစ်သည်။

**ယခင် အစိုးရသက်တမ်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌအဖြစ် လက်ရှိဒုတိယသမ္မတ ဦးမြင့်ဆွေက တာဝန်ထမ်းဆောင်ခဲ့ပြီး** ယခုရွေးချယ်ခံရသော ဥက္ကဋ္ဌသည် ယင်းနေရာ၌ တာဝန်ယူရမည် ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ပါတီ၏ ဒုဥက္ကဋ္ဌ ဦးဌေးဦးက **ပြည်ခိုင်ဖြိုးပါတီ၏ မူဝါဒအတိုင်း လက်ရှိအစိုးရကို အတိုက်အခံပြုလုပ်မည်မဟုတ်ဘဲ လွှဲချော်မှုများရှိခဲ့လျှင် တည့်မတ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ခိုင်ဖြိုးပါတီအား မည်သည့်အကြောင်းကြောင့်မှမဖျက်စီးစေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုကြောင်း** ပြောကြားခဲ့သည်။

''ဘာပဲလုပ်လုပ် ဝည်းလုံးညီညွတ်မှုကိုမဖျက်ပါစေနဲ့။ ပါတီတွင်း စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်ပါ။ ဘာအကြောင်းရင်းနဲ့မှ ပျက်စီးအောင်လုပ်တယ်ဆိုတဲ့ ပုံစံမျိုးအဖြစ်မခံပါနဲ့၊ ရည်မှန်းချက်ဖတ္တဝတ္ထုအသာလည်းပဲ ပြိုင်ပွဲသဘောမျိုးဆိုရင်တစ်ယောက်နဲ့ တစ်ယောက် သံသယစိတ်တွေဝင်ပြီး တစ်ယောက်ကိုတစ်ယောက် အမြင်မတင်းဟာတွေဖြစ်တတ်ပါတယ်'' ဟု ယင်းက မြောသည်။

**ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဇွန် ၁၈ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ပါတီဝင်အင်အားကိုးသိန်းကျော်ရှိကြောင်း** အဆိုပါပါတီ၏ဗဟိုရင်းမြားအရ သိရသည်။

**မဓဝယ်**

www.free4reader.com





ထင်ဟောအုပ်ကြားမှ လှပမြင်ရသော Yosemite Waterfall


ဥယျာဉ်တွင်းရှိ နှစ်ပေါင်း ၃၀၀၀ကျော် သက်တမ်းရှိ ဧရာမသစ်ပင်ကြီးတစ်ပင်


El Capitan နှမ်းကော်ဇောကဲ့ ကျောက်ဆားတိုင်ကြီးဧပါဆို့ တက်နေကြသည့် တောင်တက်သမားများ

ထိပ်ဆုံးရှခင်းများလှပမြင်ရသည့် Glacier Point ၌ ဓာတ်ပုံသူအမှတ်တရ

ဥယျာဉ်တွင်းရှိ Tuolumne မြက်ခင်းပြင်ကြီး

ဝိုးရောင်စုံနှင့်တိုက်တာအဆောက်အအုံများစွာဖြင့် မြို့ပြရှခင်း မည်ဟုပင် ဆန်းကြယ်လှပနေပါဧ ဟောဟောင်နှင့် တိပ်စိုင်တိပ်ခဲတို့ပေါင်းစပ်လိုက်လျှင်ပေါ်ထွက်လာသည့် သဘာဝရှခင်းအလှကို မိုနိုင်မည်မထင်ပါ။ ထို့ပြင် တောင်ကုန်းတောင်တန်းများ၊ ကျောက်ထရံကြီးများ၊ စိမ်းစိုသော မြက်ခင်းပြင်ကြီးများ၊ ကြည်လင်သော ကန်ရေပြင်များ၊ ရွှေဟောင်းဧရာမသစ်ပင်အိုကြီးများ၊ တသွင်သွင်စီးနေသော စမ်းချောင်းလေးများနှင့် တဟုန်ဟုန်စီးဆင်းနေသော ရေတံခွန်များပါ ဖြည့်စွက်လိုက်လျှင်ဖြင့် ပြီးပြည့်စုံစွာလှပသာယာသော သဘာဝရှခင်း ဖြစ်ပေါ်လာမည်ထင်၏၊ ထိုပြီးပြည့်စုံသော သဘာဝအလှပန်းချီကားကို ကြည့်ရှုလိုလျှင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ Yosemite (ဗိုစမိုက်တီး) အမျိုးသားဥယျာဉ်သို့ ညွှန်းဆိုရမည်ဖြစ်ပေသည်၊

၁၈၉၀ ခုနှစ်က ဧကင်ဖွင့်လှစ်ထားသော ထိုဥယျာဉ်ကြီးသည် ဟရိပိုဆာမြို့အနီးတွင် ရှိ၍ ဧကပေါင်း ဂုသိန်းခွဲနီးပါး ကျယ်ဝန်းလျက်ရှိကာ Sierra Nevada တောင်တန်းကြီးနှင့် ဆက်လျက်ကည်ရှိနေပါ၏။ ပန်းခြံ၏ ၉၅ရာခိုင်နှုန်းသည် သဘာဝအတိုင်း အရှိင်းဆန်စွာ တည်ရှိနေခြင်းကြောင့် သတ္တဝါများကျက်စားရာ၊ အပင်မျိုးစိတ်များစွာ ရှင်သန်ပေါက်ဖွားရာနေရာလည်းဖြစ်လို့နေပါသည်၊ ထို့ကြောင့်လည်း UNESCO အဖွဲ့ကြီးက ၁၉၈၄ ခုနှစ်မှစပြီး ကမ္ဘာအမွေအနှစ်နေရာအဖြစ် အသိအမှတ်ပြုထားခြင်းဖြစ်သည်။

ထိုဥယျာဉ်ကြီးသို့ တစ်နှစ်လျှင် ဧည့်သည်ပေါင်း ၃.၈ သန်းကျော် လာရောက်လေ့ရှိကြောင်းသိရသည်။ မွန်းကြပ်လှသော မြို့ပြလူအဖွဲ့အစည်းမှ ခဏတာလွတ်မြောက်လိုစိတ်၊ သာယာသည့် ရှခင်းအလှခံစားကာ သဘာဝနှင့် နီးစပ်လိုစိတ်တို့ကြောင့် လာရောက်အပန်းဖြေကြပါ၏။ လှပသာယာသော ရှခင်းများကြောင့်လည်း ကမ္ဘာလှည့်ခရီးသည်များအကြား ကျော်ကြားလျက်ရှိရာ ဓာရေးသူသည်လည်း သွားရောက်ဖြစ်ခဲ့ပါ၏၊ ဆန်ဖရန်စစ္စကိုမြို့မှ လက်စဲဗေးဂတ်မြို့သို့ အသွားလမ်းတွင် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်၊ ဆန်ဖရန်စစ္စကိုမှ ကားဖြင့် လေးနာရီကြာမောင်းရုံနှင့် Yosemite ဥယျာဉ်ကြီးသို့ ရောက်နိုင်ပါ၏၊

ထိုဥယျာဉ်ကြီး၌ ဖုန်ပါးဖုန် ခဲခြားထားပြီး လူသွားအများဆုံးမှာ ၇ စတုရန်းမိုင်ကျယ်ဝန်းသည့် Yosemite Valley ပင်ဖြစ်ပေသည်၊ ထိုနေရာ၌ ရှေးခေတ်နှစ်ပေါင်းများစွာ ကတည်းက တည်ရှိခဲ့သည့် ကျောက်ဖောင်ကြီးများ၊ တောင်တန်းကြီးများ တည်ရှိ နေပြီး ၄၄းတို့အနက် ကမ္ဘာ့အပြင့်ဆုံး နှမ်းဖက်ကျောက်ကျောက်သားတိုင်ကြီး El Capitan သည်ကမ္ဘာပေါ်၌ ကျောက်တောင်တက်ခြင်း (Rock Climbing) မြှောက်ပင့်ရာ ထိပ်တန်းနေရာတစ်ခုလည်း ဖြစ်လို့နေပါသည်။ ထို့ပြင် မြောက်အမေရိကတိုက်၏ အမြင့်ဆုံးရေတံခွန် Yosemite Waterfall လည်းရှိ၍ နေရာ ဒေသဦးရာသီဖြစ်၍ ရေတံခွန်သို့ လာရောက်သော လူများ စည်ကားလျက်ရှိသည်ကိုလည်း တွေ့ခဲ့ရပါသည်၊

ဥယျာဉ်ကြီးသို့ ကျွန်ုပတို့ကဲ့သို့ နေမျင်းပြန် မ၀ာတာလာရောက်သူများ ရှိသလို ညအိပ်ညခေ လာရောက်သူများလည်း များစွာရှိပါ၏။ အများစုမှာ ကိုယ်ပိုင်ရွက်ဖျင်တဲတိုးကာ တည်းခိုကြပြီး ရွက်ဖျင်တဲများအတွက် Camp Ground များ ဒေနရာ ၁၃၅၌ ထားရှိထားပါသည်။ထို့ပြင် အဆင်သင့် တည်းခိုနိုင်သည့် ရွက်ဖျင်တဲအိမ်များရှိသလို တောင်ခြေရှိ ခမ်းနားထည်ဝါလှသည့် ရှေးဟောင်း ဟိုတယ်ကြီး The Majestic Yosemite Hotel ၌လည်း တည်းခိုနိုင်ပါသည်၊

ဥယျာဉ်ကြီးသည် တောင်တက်ဝါသနာပါသူများ မျော်မှေ့ရာနေရာလည်းဖြစ်လို့နေပါသည်၊ လွယ်ကူလှသော တောင်တက်လမ်းများကနေ နေ့ပေါင်းများစွာ ညအိပ်သွားရသည့် တောင်တက်လမ်းများ အကွာအဝေးပေါင်း ပိုင် ၁၀၀ ကျော် သည့်အထိရှိနေခြင်းကြောင့် ဖြစ်သည်။ မတ်စောက်လှသည့် ကျောက်တောင်များ တက်လိုပါကလည်း ၁၀၀၀အမြင့်မှသည် ပေ ၂၃၀၀ကျော် အမြင့်အထိ တက်၍ ရပါ၏။ တောင်တက်ခြင်းအပြင် တောထဲလမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ခွေ့အစ်၍ ခြစ်ချောင်းများထဲ လှေစီးခြင်းနှင့် ဆောင်းအခါ၌ နှင်းလျှောစီးခြင်း စသည် ကို့ပါ ပြုလုပ်နိုင်ပါသည်။ Yosemite ဥယျာဉ်ကြီးသည် သဘာဝချစ်သူများအကြား ယည်းမျှ ကျော်ကြားသနည်းဆိုလျှင် Yosemite အမည်နှင့် ဓေါင်းဆောင်မင်းသား ကျိမ်းဖရန်ကို ပါဝင်သရုပ်ဆောင်ထားသည့် ဟောလိဝုဒ်ဒရာမာရုပ်ရှင်ဇာတ်ကား ၂၀၁၅ ခုနှစ်၌ ထွက်ရှိခဲ့သည် အထိပင်ဖြစ်သည်။ ထိုကဲ့သို့ အံ့မခန်းဖွယ် ရှခင်းများ သဘာဝအလှများဖြင့် သာယာ လှပလှသည့် Yosemite ဥယျာဉ်ကြီးကို သဘာဝတရား၏ နိဗ္ဗာန်လို့သာ ညွှန်းဆိုချင်မိပါတော့သည်။

**ဒေါက်တာနုမြတ်သိဂ်ဦး**

ဥယျာဉ်ကြီးအတွင်းရှခင်းအလှဆုံး Tioga ကားလမ်း


ဥယျာဉ်ကြီးအတွင်း၌ ဂျက်ကဲ့သို့ လှော်နိုင်

အမျိုးသားသမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သည့် Sierra Club

High Sierra Camp ရှိ ရွက်ဖျင်တဲ တည်းခိုဆောင်များ


တောင်ခြေရှိ The Majestic Yosemite ဟိုတယ်


ဆောင်းဝါရာသီတွင် လက္ခဏာထင် နေဝင်ချိန်များတွင် မီးတောက်မီးလွှဲသဖွယ် မြင်တွေ့နိုင်သည့် Horsetail ရေတံခွန်

www.free4reader.com



# မြန်မာ-လာအို ချစ်ကြည်ရေးတံတားစိမ်ခန့်ခွဲမှုဆိုင်ရာစာချုပ် လက်မှတ်ရေးထိုး

မြန်မာ-လာအို ချစ်ကြည်ရေးတံတား စီပံခန့်ခွဲမှုဆိုင်ရာ သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီးဒေါ်ဒေအောင်ဆန်းစုကြည်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးတို့ ဩဂုတ် ၅ ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲကို နိုင်ငံတော်သမ္မတအိမ်တော်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လာအိုနိုင်ငံသမ္မတအား ဂုဏ်ပြုတဲပွဲဖြင့်ကြိုဆိုခဲ့ကာ နှစ်နိုင်ငံအစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားမှုကြောင့်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် လာအိုနိုင်ငံသမ္မတနှင့် အစိုးရအဖွဲ့ခရီးစဉ်အတွင်း မြန်မာ-လာအို ချစ်ကြည်ရေးတံတား စီပံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုစာချုပ်ကို နှစ်နိုင်ငံ နိုင်ငံခြားရေးပန်ကြီးများက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါချစ်ကြည်ရေးတံတားမှာ **လာအိုနိုင်ငံဘျောက်ပိုင်းနှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့ကို ဝဲခေါင်မြစ်အား ဖြတ်ကျော်ဆက်သွယ်ထားသည့် တံတားဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် နှစ်နိုင်ငံ အစိုးရများ၏ ထည့်ဝင်ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၂၆ သန်းဖြင့်တည်ဆောက်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ခြင်း** ဖြစ်သည်။ တို့ပြင် ယင်းတံတားတွင် **နှစ်လမ်းသွားယာဉ်လမ်းကြောင်းပါရှိသည့်အပြင်** တံတားခံနိုင်ဝန်အားမှာ အများဆုံး ၇၅ တန်ဖြစ်ပြီး ငလျင်အား ၇ ဒသမ ၀ ရစ်မ်စကေးထိခံနိုင်ရည်ရှိကာ တံတားအရှည်မှာ ၆၉၁ ဒသမ ၆ မီတာ၊ တံတားအကျယ်မှာ ၁၀ ဒသမ ၉၀ မီတာရှိကြောင်း သိရသည်။ တံတားမှာ နှစ်နိုင်ငံကုန်သွယ်မှုပြင်ဂက်ဧရိယာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလုံးဆိုင်းသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလုံးဆိုင်းသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အိသင်္ဂါထွန်း (မြစ်မဇ)**

# Ecotourism အဖြစ် သတ်မှတ်ထားသော ဒေသ ၂၂ ခုကို ခရီးသွားလည်သည်များ လည်ပတ်နိုင်ရန် ဆောင်ရွက်မည်

Ecotourism အဖြစ် သတ်မှတ်ထားသော ဒေသ ၂၂ ခုကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အမှန်တကယ် သွားရောက်လည်ပတ်နိုင်ရန် အစီအစဉ်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဩဂုတ် ၅ ရက်က သိရသည်။ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် Ecotourism Plan ကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲပျက်ရှိပြီး Ecotourism Plan ကို ဥပဒေနဲ့ကိုက်ညီမှုရှိမှုအောင် ရေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

**Ecotourism ဆိုသည်မှာ လူသားများ စားဝတ်နေရေး ပြေလည်စေရန် မိုမိုနေရပြီး ထိန်းသိမ်းစောင့်ရှောက်ထားသည့် သစ်တောများတွင် လည်ပတ်ခွင့်ပြုထားသည့် ဒေသများကိုဆိုလိုခြင်းဖြစ်သည်။**

"အခုအချိန်မှာလည်း တစ်နှစ်ထက်တစ်နှစ်ခရီးသွားတွေပိုပိုများလာတယ်။ ဒါကြောင့် Eco Tourism ထဲမှာ ပါဝင်တဲ့ ပရောဂျက်တွေကို တိုးမြှင့်ပြီးတော့ လုပ်ဆောင်သွားဖို့ရှိပါတယ်။ သတ္တဝါသားဝက် တိရစ္ဆာန်တွေ ထိန်းသိမ်းနိုင်ဖို့နဲ့ သစ်ပင်၊ ပန်းမန်၊ သစ်ခွတွေကို လိုက်လံကြည့်ရှုနိုင်အောင်လည်း ဆောင်ရွက်သွားမယ်" ဟု ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင့်သွင်က ပြောသည်။

လက်ရှိ Ecotourism ဒေသများတွင် အချို့ဒေသများသို့ ခရီးသွားဝင်ရောက်မှု အလွန်နည်းပါးနေသည့်အပြင် ခရီးသွားဝင်ရောက်မှု လုံးဝမရှိသော ဒေသများလည်း ရှိနေခြင်းကြောင့် အဆိုပါဒေသအားလုံးကို ခရီးသွားများ သွားရောက်လည်ပတ်နိုင်ရန် သစ်တောဦးစီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"လက်ရှိမှာ ခရီးသွားဒေသနေရာ•သစ်တွေကတော့ Economic Tourism ဆိုရင် ၂၂ ခုရှိတယ်၊ အကုန်လုံးက စီးပွားဖြစ်မလုပ်နိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ လွှမ်းခြုံနိုင်မှုအနေအထားကိုလည်း ကြည့်ရသေးတယ်။ နောက်တစ်ခုက ဇည့်သည်တွေအတွက် လုံခြုံစိတ်ချမှုရှိဖို့လည်း အရေးကြီးတယ်၊ အခုဆိုရင် ကချင်နဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းမှာဆိုရင် ဒေသအချို့ဆိုရင် လုံခြုံရေးလည်း မရှိသေးဘူး" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးကပြောသည်။

Ecotourism နေရာဒေသများအဖြစ် **အလောင်းတော်ကသပ၊ ကျိုက်ထီရီး၊ မြိုင်ဓမ္မဝန်၊ နတ်မဒေါင် အမျိုးသားဥယျာဉ်၊ မိန်းမလုကျွန်း၊ အင်းလေးကန်နှင့် ဓါကာတိုရာဇီ အမျိုးသားဥယျာဉ် အပါအဝင်** အခြားသော နေရာဒေသများစွာ ပါဝင်ကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ လေကြောင်းလိုင်းများနှင့် နယ်စပ်ဂိတ်ပေါက်များမှ ၂၀၀၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသားဧည့်သည် ၅ ဒသမ ၅ သန်း ဝင်ရောက်ရန် မျှော်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသားဧည့်သည် ၄ ဒသမ ၇သန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ယမုံ (မြစ်မဇ)**

# ထိုင်းနိုင်ငံတွင် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းရှိသော မြန်မာအလုပ်သမားများကို နိုင်ငံကူးလက်မှတ်ထုတ်ပေးမည်

ထိုင်းနိုင်ငံတွင် ယာယီနေထိုင်ခွင့်ကတ်ပြားဖြင့်နေထိုင်သော မြန်မာအလုပ်သမားများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းရှိနေပါက ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံးမှ သံအမတ်ကြီးဦးဝင်းဇော်က ပြည်မြန်မာသတင်းဂျာနယ်သို့ ဩဂုတ် ၆ ရက်တွင် ပြောသည်။

**နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် ထိုင်းဘတ် ၁၆၀၀ ကုန်ကျမည်ဖြစ်ပြီးမှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမရှိသူများကိုမူ မြန်မာနိုင်ငံသားဖြစ်ကြောင်းထောက်ခံစာ (CI)အစိမ်းရောင်စာအုပ်ပြုလုပ်ပေးရေး စီစဉ်နေပြီဖြစ်ကြောင်း** ယင်းကပြောကြားသည်။

"**မန်းဇောင်ကတိနဲ့ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း ရှိတဲ့သူတွေကို သံရုံးမှာပတ်စပို့ လျှောက်လို့ရပါတယ်၊** CI ထုတ်ပေးရေးအတွက်ကတော့ လက်ရှိမှာ စခန်းဖွင့်ဖို့ အတွက် စီစဉ်နေတုန်းဆိုတော့ အစိမ်းရောင်စာအုပ်ထုတ်ပေးဖို့ကိုနောက်လလောက်မှ စနိုင်မယ်ထင်တယ်" ဟု ယင်းက ပြောသည်။

**မြန်မာနိုင်ငံသားဖြစ်ကြောင်း ထောက်ခံစာ (CI) ထုတ်ပေးရန်အတွက် စခန်းခြောက်ခုကို မြန်မာအလုပ်သမားများအများဆုံးရှိသည့် စမွတ်ပရာကန်၊ မဟာချိုင်၊ စမွတ်စာခွန်၊ မဲဆောက်၊ မဲဆိုင်နှင့် ရနောင်းတို့တွင် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ကုန်ကျစရိတ်ကို ဘတ် ၄၀၀ ခန့်ထက် မကျော်လွန်စေရန်** အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထိုင်းအစိုးရသို့ တင်ပြထားကြောင်း သိရသည်။

ထိုင်းနိုင်ငံအစိုးရမှ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားအပါအဝင် နိုင်ငံခြားအလုပ်သမားများအတွက် ယာယီနေထိုင်ခွင့် ပန်းရောင်ကတ်ကို ဇူလိုလမှဇူလိုင်လအထိ ရက်ပေါင်း ၁၂၀ ကျော် ပြုလုပ်ပေးခဲ့ရာတွင် မြန်မာအလုပ်သမားတစ်သန်းကျော် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**လဝန်း**

# ကမ္ဘာကျော် လီဒိုလမ်းအဆက် ရှင်ဂွေယန်-နန်းယွန်း-ပန်ဆောင်လမ်းကို ရာသီမရွေးသုံးနိုင်သော လမ်းဖြစ်ရန် ကျပ်လေးဘီလျံခွဲ သုံးမည်

ကမ္ဘာကျော်လီဒိုလမ်းမကြီးနှင့်ဆက်ဝပ်သော ရှင်ဂွေယန်- နန်းယွန်း- ပန်ဆောင်လမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ခဲချလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ခန့်မှန်း ခြေကျပ်လေးဘီလျံခွဲကုန်ကျခံသုံးစွဲရမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၅ ရက်က သတင်းရရှိသည်။

**အဆိုပါလမ်းပိုင်း၏ အဓိကဖြတ်သန်းရာ ခန္ဓီးခရိုင် နန်းယွန်းမြို့နယ်သည် ကမ္ဘာကျော် စတီးဓေး လမ်းမကြီးဇေါ်လီဒိုလမ်းမကြီးဖေါ်၌ တည်ရှိပြီး ရှင်ဂွေယန်- နန်းယွန်း - ပန်ဆောင်အထိ ၅၁ ပိုင်သာရှိရသော်လည်း ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းမဟုတ်သောကြောင့် ဒေသခွဲ့ဖြိုးရေးအတွက် အသုံးမဝင်သည့် လမ်းပိုင်းသာ ဖြစ်နေကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှက ပြည် သူ့လွှတ်တော်၌ ပြောသည်။** အထူးသဖြင့် ယင်းလမ်းကို ပွင့်လင်းရာသီဖြစ်သည့် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ သုံးလသာကောင်း မွန်မွာသွားလာနိုင်ပြီး ယင်းလမ်းပိုင်းကိုသာ အဆင့်မြှင့်တင်နိုင်ပါက အိန္ဒိယနှင့် တိုက်ဖိုက်ဆက်သွယ်နိုင်ပြီးဒေသအကျိုးများမြားဖြစ်ထွန်းမည်ဟု ဆိုသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အဆိုအရ ယင်းလမ်းပိုင်းအတွက် ၂၀၁၂-၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ခွဲဝေ ရရှိသည့် ရန်ပုံငွေကျပ်သန်းပေါင်း ၂၅၇၆.၃၃၂မ ၅ သန်းဖြင့် လိုအပ်သော အဆင့်မြှင့်တင်မှုများကို လုပ်ဆောင်ထားခဲ့ကြောင်းလည်း သိရသည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် မူလ အမာခံလမ်းမကျောက်ခင်းလမ်း ငါးပိုင်၊ ကျောက်စီကမ်းကပ်ခဲနှင့် သစ်သားကြေးခင်းတံတားတည်ဆောက်ခြင်း ဟစ်ဗင်း၊ ဘေလီတံတားဘီးလမ်းကြမ်းခင်းလဲလှယ်ခြင်း၊ ဆေးသုတ်ခြင်းတစ်စင်း၊ ကွန်ကရစ် ရေထုတ်ပြန်ကည်ဆောက်ခြင်း ခြောက်စင်းစသည့် လုပ်ငန်းများကို ဆောက်ရွက် သွားမည်ဖြစ်ကြောင်းသိရသည်။ ရှင်ဂွေယန်-နန်းယွန်း-ပန်ဆောင်လမ်းကို ရာသီမရွေးသွားလာနိုင်သည့်ကျောက်မျောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ခန့်မှန်းခြေကုန်ကျငွေ ကျပ် ၄ ဒသမ ၅ ဘီလျံ လိုအပ်မည်ဖြစ်ပြီး **သုံးနှစ်အတွင်း စီမံကိန်းများရေးဆွဲဆောင် ရွက်သွားမည်ဖြစ်သည့် အတွက်** နှစ်စဉ် ခွဲဝေရရှိသော ရန်ပုံငွေအပေါ် မူတည်ပြီး ရာသီမရွေးသွားလာနိုင်သည့် ကျောက်ခင်းကျောက်မျောလမ်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

**ဇအဝိုင်အီး**

# အွန်လိုင်းဘွတ်ကင်စနစ်အသုံးပြုပြီး ဟိုတယ်အခန်းငှားရမ်းသူများတွင် ၅၀ ရာခိုင်နှုန်းက ပြည်တွင်းခရီးသွားများဖြစ်

၂၀၁၆ မုနှစ်အတွင်း Jovago မှတစ်ဆင့် အွန်လိုင်းဘိုကင်စနစ်အသုံးပြုပြီး ဟိုတယ် အခန်းငှားရမ်းသူများတွင် ၅၀ ရာခိုင်နှုန်းသည် ပြည်တွင်းခရီးသွားများဖြစ်နေကြောင်း ၅-၈-၂၀၁၆ ရက်တွင် သိရသည်။

**အပတ်စဉ်တိုးလာ**

Jovago သည် မြန်မာနိုင်ငံ၌ ၂၀၁၅ ဒီဇင်ဘာမှစတင်ခဲ့ပြီး အွန်လိုင်းမှတစ်ဆင့်ဟိုတယ်ခန်းငှားရမ်းကြသူများမှာအပတ်စဉ်တိုးလာကြောင်း သိရသည်။

"Jovago application ကနေတစ်ဆင့်အခန်းငှားတဲ့သူတွေက တဖြည်းဖြည်း တိုးလာပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် **မြန်မာနိုင်ငံမှာနည်းပညာတွေကိုအသုံးပြုပြီးစရိုးသွားလာခြင်းကိုလုပ်ဆောင်လာတာအရင်ကထက်တိုးလာတယ်လို့** ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာတွက်ကင်လုပ်တဲ့ခရီးတွေရဲ့ ၅၀ ရာခိုင်နှုန်းဟာပြည်တွင်းခရီးသွားတွေဖြစ်နေတာကို တွေ့ရပါတယ်" ဟု Jovago မှ Managing Director Mr.Hugo Schleicher က ပြောသည်။

**စနစ်နှစ်မျိုး**

Jovago အနေဖြင့်လည်းမြန်မာနိုင်ငံပတ်ဝန်းကျင်အွန်လိုင်းမှတစ်ဆင့်တွက်ကင် တင်ခြင်းများကိုတွင်တွင်ကျယ်ကျယ်အသုံးပြုလာနိုင်စေရန်နှင့်အွန်လိုင်းပန်းစ်ကိုယ်ကြည်စိတ်ချစွာအသုံးပြုနိုင်ရန်ကြိုး ပမ်းလျက်ရှိကြောင်းသိရသည်။ နိုင်ငံတကာတွင် အွန်လိုင်းမှ တစ်ဆင့် ဟိုတယ်အခန်းငှားရမ်းခြင်း လုပ်ငန်းများမှာလွန်ခဲ့သည့်နှစ်များကတည်းက တွင်ကျယ်ခဲ့သော်လည်း **မြန်မာအပါအဝင် အာရှပစိဖိတ်ဒေသများတွင်မူ ယခုနောက်ပိုင်းမှသာပိုမိုတွင်ကျယ်လာကြောင်း** သိရသည်။ Jovago သည် အခန်းဟိုတယ်ငှားရမ်းရာတွင် ကြိုတင်ငွေပေးချေသည့်စနစ်နှင့် ဟိုတယ် ရောက်မှပေးချေသည့်စနစ်ဟူ၍ နှစ်မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည့်ရည်ဖူး**

www.free4reader.com



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မညီညွတ်သည့် နိုင်ငံခြားသားလုပ်ငန်းရှင်များအား အရေးယူပေးရေးအဆို လွှတ်တော်သို့တင်မည်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် **မညီညွတ်သော နိုင်ငံခြားသားလုပ်ငန်းရှင်များအား တည်ဆဲဥပဒေဖြင့် အရေးယူဆောင်ရွက်ပေးရန်** ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုတစ်ခုပတ်သွင်းသွားမည်ဖြစ်ကြောင်း လိုင်သာယာမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆန္ဒနုယ်အမှတ်(၁)မှ ဦးဝင်းဇော်က ပြည်ပြန်ဟသတင်းဂျာနယ်သို့ ဩဂုတ် ၅ ရက်က ပြောသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အခြားကဏ္ဍဒေသကြီးများနှင့်ပြည်နယ်များတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများရရှိရာ လုပ်ငန်းကြီးများသာမက နိုင်ငံသားလုပ်ငန်းရှင်များလုပ်ကိုင်နိုင်သည့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများကိုပါ လုပ်ကိုင်ဟန်မရှိသောကြောင့် အခုလို တိုက်တွန်းကြောင်း အဆိုတင်သွင်းဖို့ လုပ်ဆောင်ခဲ့ကာပါ''ဟု ၎င်းက ရှင်းပြသည်။

**အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း တစ်ပိုင်တစ်နိုင်လုပ်ငန်းများအား ပြည်ကွင်းလုပ်ငန်းရှင်များက လုပ်ကိုင်လျက်ရှိပြီး နိုင်ငံသားများမလုပ်နိုင်သည့် လုပ်ငန်းများကိုသာ နိုင်ငံခြားသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေးကြောင်း** သိရှသည်၊

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ယခုလကုန်တွင် ပြန်လည်စတင်ရန်ရှိကြောင်း သိရသည်။

လဝန်း

# မြန်မာအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျန်းမာရေးနယ်ပယ်များတွင် ကူညီလိုကြောင်းဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးဆို

ဟရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် **ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းစသည့် နယ်ပယ်များအတွက်** တက်ကြွစွာ အကူအညီပေးခြင်းနှင့် အားပေးဖော်ဆောင်ခြင်းတို့ကို ပြုလုပ်လိုကြောင်း မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံမှူးကြီး Mr.Chen Chen က ဩဂုတ် ၆ ရက်တွင် ပြောကြားလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ် နယ်ခြေအတွင်းရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ဩဂုတ်လ ၅ ရက်က ပြုလုပ်သည့် ပေါက်ဖော် ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမွဲတေမှု လျော့ချရေးဟောင်ကွန်း (CFPA) Myanmar Office ထူထောင်သည့် အတိမ်းအမှတ်အခမ်းအနားကွင်းသို့ ရောက်ရှိလာသော သံမှူးကြီးကအထက်ပါ အတိုင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

''မြန်မာနိုင်ငံရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လူငယ်တွေအတွက် အရေးကြီးဆုံးကတော့ ပညာရေးနဲ့ ကျန်းမာရေးပါ။ ပညာရေးချို့တဲ့မှုဟာ ကျွန်မတို့ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် အားဖြည့်ဖို့ဆန္ဒရှိပါတယ်'' ဟု သံမှူးကြီးက ဆိုသည်။

ယခုနှစ်သည် မြန်မာနိုင်ငံအစိုးရသစ် စတင်အုပ်ချုပ်သည့် နှစ်တစ်နှစ်ဖြစ်ရာ **မြန်မာနိုင်ငံ၏ အနာဂတ်သည် မျှော်လင့်ဖွယ်ရာကောင်းပြီး တရုတ်-မြန်မာဆက်ဆံရေးသည်လည်း မျှော်လင့်ဖွယ်ရာကောင်းကြောင်း** သံမှူးကြီးက အဆိုပါပွဲတွင်ထည့်သွင်းပြောကြားသည်။

''၂၀၁၁ ခုနှစ်မှာ **တရုတ်-မြန်မာနှစ်နိုင်ငံကြား ဘက်စုံမဟာဗျူဟာမြောက်မှုပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို ထူထောင်ခဲ့ပါတယ်။** နှစ်နိုင်ငံဟာ ကဏ္ဍအသီးသီးမှာဆက်ဆံဖလှယ်ရေးနဲ့ မှုပေါင်းစေဆောင်ရွက်မှုတွေကို ဘက်စုံတိုးမြှင့်ပြီး **အထူးသဖြင့် ပညာရေးကဏ္ဍ မှုပေါင်းဆောင်ရွက်မှုများမှာ စဉ်ဆက်မပြတ် တိုးတက်နေပါတယ်**''ဟု ၎င်းက ထပ်မံပြောသည်။

ထက်အောင်ဖြိုး

# ကမ္ဘာကျော်အမှတ်တံဆိပ် Panasonic စမတ်ဖုန်းများ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ဈေးကွက်၌ ထိုးဖောက်ရန်ပြင်ဆင်

ကမ္ဘာကျော် အမှတ်တံဆိပ်တစ်ခုဖြစ်သော Panasonic သည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်တို့၌ ၎င်းတို့၏ စမတ်ဖုန်းများကို လာမည့်သုံးလမန့်အတွင်း ဈေးကွက်ချဲ့ထွင် ရောင်းချသွားရန်ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

Panasonic အမှတ်တံဆိပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ အိမ်သုံးပစ္စည်းများကိုသာအဓိကတွေ့ရပြီး ဆက်သွယ်ရေးနည်းပညာပိုင်းနှင့် ပတ်သက်၍ ထုတ်ကုန်ခြားခြားဈေးကွက်ဝင်ထားနိုင်ခြင်းမျိုးမတွေ့ရသော်လည်း လူထုကြားတွင် အသိ အမှတ်ပြုခံရသော အမှတ်တံဆိပ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**''နောက်လာမယ့် သုံးလေးလလောက်မှာတော့ ကုမ္ပဏီအမှတ်တံဆိပ် စမတ်ဖုန်းတွေကို ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာမှာလာပြီး ရောင်းချသွားနိုင်ဖို့ရှိပါတယ်**''ဟု Panasonic ၏ အိန္ဒိယဘာဝန်ခံ Pankaj Rana က ပြောသည်။

ကုမ္ပဏီအဖြေကို Panasonic လုပ်ငန်းစုအနေဖြင့် အရှေ့အလယ်ပိုင်း အာဖရိက၊ သိဂိုလ်ကာနှင့် နီပေါတို့၌ ဈေးကွက်ရရှိခဲ့သည့်နည်းတူ အိန္ဒိယ၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့တွင်ပါ ဈေးကွက်ဝေစုများ ရယူလိုနေခြင်းလည်း ဖြစ်ကြောင်း သိရသည်။ Panasonic ကုမ္ပဏီတွင် စမတ်ဖုန်းအသစ်တစ်မျိုးကို အိန္ဒိယတွင် စတင်မိတ်ဆက်နိုင်ခဲ့ပြီဖြစ်ပြီး အဆိုပါဖုန်းသည် 4G စနစ်ပန်ဆောင်မှုကို အကောင်းဆုံး ပံ့ပိုးပေးနိုင်ကြောင်းလည်း သိရသည်။

**မြန်မာဈေးကွက်တွင် Apple ၏ iphone၊ တောင်ကိုရီးယား ဆမ်ဆောင်း၊ တရုတ်မှ Huawei၊ Xiaomi အပါအဝင် ကုန်အမှတ်တံဆိပ်မျိုးစုံက ဈေးကွက်ဝေစုခွဲခြမ်းရယူလျက်ရှိနေပြီး HTC၊ OPPO စသည့် စမတ်ဖုန်းများကလည်း ဈေးကွက်အပြိုင်အဆိုင်ရှိနေသည့်အတွက်** အသစ်ထပ်ဝင်လာမည့် စမတ်ဖုန်းများ၏ ဈေးနှုန်းနှင့်ဝန်ဆောင်မှုမှာ ဈေးကွက်ဝေစု ရနိုင်ခြေရှိမရှိအပေါ်တွင် မူတည်သွားလိမ့်မည်ဟု ခန့်မှန်းထားသည်။

အေဝိုင်အီး



Panasonic
Photo : panasonicphone.blogspot.com

# တစ်ပတ်စာ သင့်ကံကြမ္မာ

၁၁-၈-၂၀၁၆ မှ ၁၇-၈-၂၀၁၆ ထိ

ဒေါက်တာလင်းမြတ်သူ၊ မြန်မာနိုင်ငံဝေဒနာသုတေသနအဖွဲ့၊ စုန်း ဒုဗိမိတ္တာ၊ ဝဠု ၇၃၂၃၇၅၊ ဝဠု ၂၅၃၈၁၆၀

**တနင်္ဂနွေ** အိုးအိမ်၊ ပြေယာအခြေစိုက်ပစ္စည်းများရရှိမ်ိးရပါလိမ့်မည်။ အများအလယ်တွင် ထင်ပေါ်ကျော်ကြားမှု၌ လူသိများဝေလိမ့်မည်။ မိမိ၏ လူရင်းများနှင့် ဆန့်ကျင်မှုပြုနေရပါလိမ့်မည်၊ အစုစပ်လုပ်ကိုင်သူများနှင့် ဘဏ္ဍာရေးပြဿနာကြောင့် စိတ်ပူပန်မှု ဖြစ်ဝေရပါလိမ့်မည်။ ခြေထောက်တွင် မတော်တဆထိခိုက်မှုဖြစ်ဝေရတတ်ပါသည်။ မိမိအတွက် ရရန်ရှိသော ရိုင်ငွေခွင့်များဆုံးရှုံးစေမှုဖြစ်စေရတတ်ပါသည်၊ မိမိအလုပ်တွင် မိမိကြောင့်ပင် ပျက်စီးနစ်နာမှုဖြစ်ပေရတတ်ပါသည်၊ အချစ်ရေးတွင် အမှုယရှိစဉ်၊ နီးသည်၊ လွယ်သည်၊ ကြိုးသည်ပယ်သည်ဟူ၍ အမူလွန်ရွေးချယ်ခြင်းအတွက် တဖြည်းဖြည်းနောက်ဆုတ်၍ ဝေးကွာမှုဖြစ်စေသော အရွယ်နှင့် ဇရာသည် "Reject" တရင်းတွင် ပယ်ဖျက်ခြင်းအလွှာဖြင့်သာ ဆုံဆည်းနေရပါလိမ့်မည်။

ယတြာ ။ ။ မိတ်ဆွေတစ်ဦးအား " ပြောင်းဖူးကြော် " ဒါနပြုပေးပါ။

**တနင်္လာ** မိမိနေရပ်ဒေသ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ လုပ်ငန်းနှင့် သက်ဆိုင်ပတ်သက်မှုများတွင်လည်းကောင်း၊ အများနှင့် လိုက်လျောညီထွေစွာ ဆက်ဆံပတ်သက်မှုပြုသင့်ရန် လိုပါသည်။ ရွေးချယ်ဆောင်ရွက်ရန်ကိစ္စများ၊ အငြင်းအခုံဖြစ်နေခြင်းများရှိခဲ့လျှင် ပရိယာယ်သုံး၍ ပညာသားပါပါဖြင့် ဖြေရှင်းပါ။ ငွေကြေးကိစ္စအတွက် အရှုပ်အယှက်းကင်းနိုင်ရန် သတိပြုပါ၊ အသုံးစရိတ်ကုန်ကျငွေများ ပို၍သုံးစွဲနေတတ်ပါသည်၊ ဝိဘ၊ အထက်လူကြီးများယုံမှ ပုံပိုးကူညီမှုရရှိခဲ့မားရပါလိမ့်မည်။ အချစ်ရေးတွင် အချစ်နှင့် ပတ်သက်ဝိဇ္ဇလသမျှ ပုံမှန်သက်ရောက်လျှော့သည့်အနေအထားမှ၊ ယုံရန်ခက်လောက်ဓေသည့် အခြေအနေများဖြင့် ကြုံးနာကြုံသိခွင့်ဖြစ်စေသော အခြေအနေများကြုံရစေတတ်ပါသဖြင့် သတိထားရှိဆင်ခြင်ပါ။

ယတြာ ။ ။ မိတ်ဆွေတစ်ဦးအား အုန်းနို့ခေါက်ဆွဲတစ်ပွဲ ဒါနပြုပေးပါ။

**အင်္ဂါ** စိတ်ဆန္ဒပတ္ထည်ကြသူအချင်းချင်း မူးတွဲနေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းများကို ရှိနေရတတ်ပါသည်။ ယခုလတွင် အလုပ်အကိုင်အဆင်ပြေနိုင်ရန် ခက်ခဲနေရခြင်းများ မကြာခဏကြုံတွေ့နေရခြင်းကို ရှိနေရပါလိမ့်မည်။ အထက်လူကြီးများ၏ အပြစ်တင်ငြိုငြင်ခံမှု ခံရတတ်ပါသည်။ ကျန်းမာရေးထိခိုက်မှုမရှိရန် အထူးသတိပြုပါ။ မိမိအပေါ်တွင် အိမ်ထောင်ဖက်မှ နားလည်မှုမများစွာပေးနိုင်ပါလိမ့်မည်။ အရုပ်ရေးရာ အခြေအနေသဟဇာတဖြစ်ရပ်နှင့်အတူ အဖေအမေတင်းကျပ်သည့် အယူအဆအောက်တွင် အတူတကွလျှောက်လှမ်းရမည့် ခရီးလမ်းအတွက် ဖြောင့်ဖြူးသာယာပွားဖြစ်နိုင်ကြောင်း အရှိအသွင်အပုန်တရားအဖြစ် သိမြင်ခံစားခွင့် ကြုံနေရပါလိမ့်မည်။

ယတြာ ။ ။ ချို့တဲ့သူတစ်ဦးအား ငွေလှူပေးပါ။

**ဗုဒ္ဓဟူး** ဆွေမျိုးသားချင်း မွေးချင်းပေါက်ဖော်များအတွက် ကူညီလှုပ်ကိုင်ဆောင်ရွက်ပုံပြုရပါလိမ့်မည်။ အချို့သောကိစ္စများတွင် ကြိုးစားသလောက် ခရီးမပေါက်ဖြစ်နေမည်။ နှစ်ကြိပ်၊ နှစ်ဓါ ကြိုးစားရခြင်းများလည်း ပြုရပါလိမ့်မည်။ မိမိ၏ အကက်အဝဲများအတွက် ကူညီမည့်သူများပေါ်လာပါလိမ့်မည်။ မိမိအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများတွင် ပူးတွဲ၍ဆုံပ်ကိုင်ရတတ်ပါသည်။ အခြေတကျ၊ အသွင်လန်းစေသော ဗီးပွားရေးကိစ္စများတွင် အောင်မြင်စေသည့်အပြင်၊ စေတနာမေတ္တာဝန်ထမ်းဆောင်ရွက်ရသော အလုပ်မျိုးလည်း ပြုလုပ်ရပါလိမ့်မည်။ အချစ်ရေးတွင် အချစ်နှင့် ပတ်သက်ဝိဇ္ဇလသမျှ ဟန်မကျစိတ်ဖောမှုဖြစ်ရပ် အထွေထွေအတွက် ဆန္ဒစိတ်ဓေါမွှာဆုံးဖြတ်မိမိသော မှားယွင်းမှုသည် အမုန်းဆုံးဟု အပြစ်ကင်းစေသည့် ဆုံးရှုံးမှုချခြင်းပဟေဋ္ဌိအဖြစ်သာ လက်ခံခံစားဓေရပါလိမ့်မည်။ ယတြာ ။ ။ ကလေးများအား မုန့်စိမ်းပေါင်း ဒါနပြုပေးပါ။

**ကြာသပတေး** မိမိ၏အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင် ဂုဏ်ရှိဓေသော အောင်မြင်တိုးကက်မှုများဖြစ်ပေါ်နေပါလိမ့်မည်။ ဝိသားစုအတွင်း ကိုယ်ဝန်ဆောင်သူရှိပါက သားယောကျ်ားလေးမွေးဖွားရတတ်ပါသည်။ ဥစ္စာပစ္စည်းများလည်း လက်ဆောင်ရရှိတတ်ပါသည်။ ပြီးပြည့်စုံဝေကျနပ်နှစ်သက်မှုဖြစ်ဓေသော ကာလတစ်ခုဖြစ်ပါသည်။ လက်ရှိရင်ဆိုင်ရသော ဘဝအတွေ့အကြုံများသည် မိမိ၏အရည်အချင်းများအား တိုးတက်မှုဖြစ်စေရပါလိမ့်မည်။ အချစ်ရေးကွင် ဝိဒိသည် အသွင်နေအရောတယူ မရှိဟတ်ပါဓသော်လည်း အဆင်ပြေသဘောဖြူသည့် အလိုက်သိတတ်ပါသော ချစ်သူမျိုးဖြင့် လက်တွဲနိုင်ရန် လိုလားနေမိပါလိမ့်မည်။

ယတြာ ။ ။ မိတ်ဆွေများအား လက်ဖက်ထုပ် ဒါနပြုပေးပါ။

**သောကြာ** မိမိ၏ကြိုးစားအားထုတ်မှုကိုင်းအတွက် အထိုက်အလျောက်အောင်မြင်ပြီးမြောက်မှုရရှိပါလိမ့်မည်။ မိမိအထက်လူကြီးများ၏ ကိစ္စအဝဝတွင် တာဝန်ယူဆောင်ရွက်မှုပြုပေးနေပါလိမ့်မည်။ ဆောင်ရွက်ရသောကိစ္စများပြားခြင်းအတွက် အလုပ်အကြွေးတင်တတ်ပါသည်။ မိမိဆန္ဒရှိထားသော ဥစ္စာပစ္စည်းများဝယ်ယူစုဆောင်းနိုင်ပါလိမ့်မည်။ ရေချိုးရာတွင်တာရှည်အဖေးခံ၍မချိုးမိပါစေနှင့်။ အိမ်ထောင်ဖက်မှ ဂင်ဒွေကောင်းများရရှိခံစားရပါလိမ့်မည်။ အချစ်ရေးကိစ္စများတွင် အတိတ်သမိုင်းပုံပြင်မှာ အမှားရှိခဲ့ဖူးသူများ၏ ဟန်မကျအတိတ်အကွက်၊ သံသယစိတ်၊ နှိပ်စက်ခံရခြင်းများ ကြုံတွေ့ခံစားရမြင်းမျိုး ဖြစ်စေတတ်ပါသည်။

ယတြာ ။ ။ ကလေးနှစ်ဦးအား သကြားမုန့်ဖက်ထုပ် ဒါနပြုပေးပါ။

**စနေ** ရုဒ်ဆောင်းထားသောဇွေကြေးများထဲမှ ဆုံးရှုံးမှုများရှိနိုင်ပါသည်။ ဓေ့ပပ်ညှိနှိုင်းမှုများ၊ မွေးမွေးဖွားဖွားပြုလုပ်မှုများ အောင်မြင်ပါလိမ့်မည်။ နေအိမ်မှ လူ၊ ရွေ့၊ လေ့ စသော ဝုဒ္ဓဟူးနံများထွက်ကိန်းရှိနေပါသည်။ ကုသိုလ်ဒါနပြု လှူဒါန်းလိုစိတ်၊ ဓာရေးဘာဝနာပွားများလိုစိတ်များ ဖြစ်ပေါ်ခံစားရပါလိမ့်မည်။ အချစ်ရေးရာ ပညာနည်းပါးခြင်းကြောင့်၊ ဇာတ်လွဲမှားစွာ၊ စပ်စုကတ်ပါဓသော ချစ်သူများနှင့် ဆုံဆည်းရတတ်ပါသည်။ ယုံမှားမှာလိုက်လျောမိခြင်းအတွက် အကုန်၊ အရှိ၊ အပါ၊ နစ်နာမှုမျိုးဖြစ်စေတတ်ပါ၍ အထူးသတိပြုပါ။

ယတြာ ။ ။ မိမိမွေးဓေ့တွင် သဲတစ်အိတ်လှူပေးပါ။

www.free4reader.com



# မိရိုးဖလာလက်လီဆိုင်များ Modern trade အဖြစ် ကူးပြောင်းနိုင်ရေး အခက်အခဲများစွာ ရှိနေ

ပထမအကြိမ် လက်လီရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ နိုင်ငံတကာကုန်ရောင်းဝယ်ရေး အဖွဲ့ချုပ်(WTO)နှင့် အဖျော်ယမကာ နိုင်ငံတကာကုန်စည်ပြပွဲ အကြိုသတင်းထုတ်ပြန်ရန်အတွက် ကြေးရုံတွေ့

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ အတူ ပြည်ပမှ မြန်မာနိုင်ငံတွင်း ဝင်ရောက်လာမည့် ခေတ်မီ လက်လီရောင်းချသည့် ဆိုင်များနှင့် ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းရှိ မိရိုးဖလာ လက်လီရောင်းချသူများအနေဖြင့် Modern trade အဖြစ် ကူးပြောင်းနိုင်ရေး အခက်အခဲများစွာ ရှိနေသေးပြီး ပညာပေးပွဲများ ပြုလုပ်နေရကြောင်း မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က ဩဂုတ် ၅ ရက်တွင် ပြောသည်။

**တတိယအကြိမ်**

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းအဖွဲ့ချုပ်ရုံး (UMFCCI) တွင် ဩဂုတ်လ ၄ ရက်က ပြုလုပ်သည့် ပထမအကြိမ် လက်လီရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ နိုင်ငံတကာ ကုန်စည်ပြပွဲနှင့် တတိယအကြိမ်စားသောက်ကုန်နှင့် အဖျော်ယမကာ နိုင်ငံတကာ ကုန်စည်ပြပွဲအကြောင်း အကြိုသတင်းစာရှင်းလင်းပွဲတွင် ဦးမျိုးမင်းအောင်က မြန်မာ့ကို ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"အမေးကိုအခဲက အများကြီးရှိတယ်။ HR ဝိုင်းက နံပါတ်တစ် ပြဿနာပါ။ နံပါတ် နှစ်က ကိုယ်ရဲ့ ဆိုင်ကို ပြောင်းဖို့ ငွေရေးကြေးရေး ကလွဲပေါ့။ ဘဲ့ဒါတွေ ရှိပါတယ်။ Modern trade က သူ့ဟာနဲ့သူ နည်းစနစ်ကျတယ်။ HR ဝိုင်းနဲ့ ဥပဒေဖိုင်းမှာ သူမဟာနဲ့သူ သွားတာဆိုတော့ ပြဿနာမရှိဘူး။ ရိုးရာလက်လီရောင်းချပုံဟာက ဝိရိုးဖလာ မိဘလုပ်တာကို ဆက်လုပ်တယ်။ အဲဒီ ပြဿနာတွေ ရှိနေပါတယ်" ဟု ဂုဏ်းက ရှင်းပြသည်။

**စနစ်တကျစီမံထား**

**ဝိရိုးဖလာဝိုင်းတွင် လုပ်သားကို လုပ်ရင်းကိုင်ရင်း သင်ပေးသွားသည့် ပုံစံမျိုး ဖြစ်ပြီး Modern trade ဝိုင်းမှာမူ HR ဝိုင်းနှင့် စနစ်တကျစီမံထားခြင်း ဖြစ်ကာ** အကြိုသတင်းစာရှင်းလင်းပွဲတွင် ဦးမျိုးမင်းအောင်က ပြည်ပြမှာကျနေတယ်ဟ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"အမေးကိုအခဲက အများကြီးရှိတယ်။ HR ဝိုင်းက နံပါတ်တစ် ပြဿနာပါ။ နံပါတ် နှစ်က ကိုယ်ရဲ့ ဆိုင်ကို ပြောင်းဖို့ ငွေရေးကြေးရေး ကလွဲပေါ့။ ဘဲ့ဒါတွေ ရှိပါတယ်။ Modern trade က သူ့ဟာနဲ့သူ နည်းစနစ်ကျတယ်။ HR ဝိုင်းနဲ့ ဥပဒေဖိုင်းမှာ သူမဟာနဲ့သူ သွားတာဆိုတော့ ပြဿနာမရှိဘူး။ ရိုးရာလက်လီရောင်းချပုံဟာက ဝိရိုးဖလာ မိဘလုပ်တာကို ဆက်လုပ်တယ်။ အဲဒီ ပြဿနာတွေ ရှိနေပါတယ်" ဟု ဂုဏ်းက ရှင်းပြသည်။

**စနစ်တကျစီမံထား**

**ဝိရိုးဖလာဝိုင်းတွင် လုပ်သားကို လုပ်ရင်းကိုင်ရင်း သင်ပေးသွားသည့် ပုံစံမျိုး ဖြစ်ပြီး Modern trade ဝိုင်းမှာမူ HR ဝိုင်းနှင့် စနစ်တကျစီမံထားခြင်း ဖြစ်ကာ** စကားများခြင်း၊ ပြည်သူဝိုင်လမ်း ဧနရာများကိုပင် ရောင်းစားခြင်း အစရှိသည်ကို ရှိနေကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့ ကျောက်တံတားဖြို့နယ်အပါအဝင် ပန်းပဲတန်း၊ လမ်းမတော်၊ လသာ၊ ဓိလ်တထောင် အစရှိကဲ့ဖြို့နယ်တွေမှာလည်း ဒီလမ်းဘေးစျေးသည်ပြဿနာကို ရင်ဆိုင်နေရပါတယ်" ဟု ကျောက်တံတားဖြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးယက်က ပြောသည်။ ယခုအခါကွင် ကျောက်တံတားဖြို့နယ်၊ **ပန်းဆိုးတန်းလမ်းတွင် ကျောက်တံတားဖြို့နယ်လွှတ်တော်ကိုယ်စားလှယ်ရုံးကို ဖွင့်လှစ်ပြီးဖြစ်သောကြောင့် ပြည်သူများအနေဖြင့်အကူအညီများကိုအချိန်မရွေးလာရောက်တောင်းခံနိုင်ကြောင်း** ကိုလည်း ယင်းကဆိုသည်။ **ကိုသီဟ**

မည်သည့် ပစ္စည်းက ပည်သည်မှန်ရာတွင် ထားပေ သင့်တော်သည်ဆိုသည့် အချက်ကို မိရိုးဖလာ ဆိုင်များကွင် သိနိုင်ပည် မဟုတ်ကြောင်း ဦးမျိုးမင်းအောင်က ပြော သည်။

**"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတယ်၊ မကြာခင် ဆဲဒင်းအလဲဝင်းလို ဟာမျိုးတွေဝင်လာတော့မယ်ဆိုရင် ကိုယ့်လက်ရှိ ဆိုင်ဘေးလာဖွင့်မယ်ဆိုရင် ကြိုတင်ပြင်ဆင်မှုမရှိဘူးဆိုရင် ကိုယ့်ဆိုင်မြုတ်သွားတာ ရှိမယ်၊** ကာကွယ်ပေးမှု အနေနဲ့ ဧကွးဧနွးပွဲတွေနဲ့ ပညာပေးလုပ်ပေးတယ်၊ ဟာတွေက ဆောင်ရမယ် ရောင်ရမယ်ဆိုတာ လုပ်ပါတယ်" ဟု ဂုဏ်းက ထပ်မံပြောသည်။

**ထည့်သွင်းမည်**

လက်လီရောင်းချသူများအကွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဆော့ဖ်ဝဲများ၊ လိုအပ်သည့် ပစ္စည်းများ၊ ဧွေးဧနွးပွဲများကို လာမည့် ဩဂုတ်လ ၁၈ ရက်မှ ၂၀ ရက် အထိ ရန်ကုန်ပြို့ ဟပ်မတော်စန်းမတွင် ပြုလုပ်မည့် ပထမအကြိမ် လက်လီရောင်း ချခြင်းဆိုင်ရာလုပ်ငန်းများ နိုင်ငံတကာ ကုန်ရည်ပြပွဲနှင့် တတိယအကြိမ်. စား သောက်ကုန်နှင့် အဖျော်ယမကာ နိုင်ငံ တကာ ကုန်ပည်ပြပွဲတွင် တည့်သွင်းသွား မည်ဖြစ်ကြောင်း သိရသည်။

**ထက်အောင်ဖြိုး (သတင်း၊ ဓာတ်ပုံ)**

# ပြိုင်ပွဲတစ်လျှောက် သာမန်ပွဲကစားချိန်အတွင်း ရှုံးပွဲမရှိခဲ့သည့် မြန်မာအမျိုးသမီးအသင်းကို ကျပ်သိန်း ၇၀၀ ဆုချီးမြှင့်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော ၂၀၁၆ အာဆီယံအမျိုးသမီးဘုန်းပိယံရှစ် ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် **ဗိုလ်လုပွဲနှင့်လွှဲချော်ခဲ့ရသော်လည်း ပြိုင်ပွဲတစ်လျှောက် သာမန်ပွဲကစားချိန်အတွင်း ရှုံးပွဲမရှိအောင် ကစားသွားနိုင်ခဲ့သော** ကြောင့် ကျပ်သိန်း ၇၀၀ အထိ ဆုချီးမြှင့်ခံ ခဲ့ရကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်မှ သိရသည်။

ဖွင့်ပွဲပွဲစဉ်အဖြစ် ဩဂုတ်လ ၆ ရက်ထိ ပန္တလေးမြို့ မန္တလာသီရိ ကွင်းတွင်ကျင်းပ ခဲ့သော ၂၀၁၆ အာဆီယံ အမျိုးသမီးဘုန်း ပိယံရှစ်ပြိုင်ပွဲ၌ မြန်မာအမျိုးသမီးအသင်း သည် အုပ်စုပွဲစဉ်များတွင် ရှုံးပွဲမရှိဘဲ ဧနာက်ကစ်ဆင့်ကို ဘက်လုံးနိုင်ခဲ့သည်။ ဆီးဂိုးဖိုင်နယ်တွင် နာမည်ကြီး ဗီယက်နမ် အသင်းကို **သာမန်ပွဲကစားချိန်နှင့်အချိန်ပို မိနစ်ခုဝအတွင်း သရေကစားနိုင်ခဲ့ပြီး ပင်နယ်တီ အဆုံးအဖြတ်တွင် အရေးနိုဝ်မှခံကာ ဗိုလ်လုပွဲနှင့် လွှဲချော်ခဲ့ရခြင်း ဖြစ်သည်။** ပြီးခဲ့သော ၂၀၁၅ အာဆီယံ အမျိုးသမီး ခွန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင်ပြန်မာအ မျိုးသမီးအသင်းသည် ဧနာက်ဆုံးဗိုလ် လုပွဲအထိတက်ရောက်ခဲ့ပြီး ဒုတိယဆု ရ ရှိခဲ့သော်လည်း အိမ်ရှင်အဖြစ်ကျင်းပခဲ့ သော ယမုနဝ်ပြိုင်ပွဲတွင် တတိယဆုသာရ ရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယမုနဝ်ပြိုင်ပွဲတွင် အောင်မြင်မှုအရ အ ဆင့်နိုဝ်ကျသွားခဲ့သော်လည်း ဗီယက်နမ် အသင်းနှင့်ကစားခဲ့သော ဆီးဂိုးဖိုင်နယ် ပွဲ စဉ်တွင်နှဝ်ဂိုးပြတ်ရှုံးနိုဝ်နေသည့် အနေ အထားမှဧရေပဂိုးများနှင့်အနိုင်ဂိုးများ ရရှိ ရန် အကောင်းဆုံးကြိုးစားခဲ့သည့်အပြင် တတိယနေရာလုပွဲတွင် အုပ်စုပွဲစဉ်၌ သရေကျခဲ့သော အင်းအားကြီး သြစတြေးလျ ယူ-၂၀ အသင်းကို အနိုင်ရ ရှိအောင် ခွန်ဆောင်နိုင်ခဲ့သည်။ ထို့ ကြောင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအ သင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျပ် သိန်း ၃၀၀၊ အမျိုးသမီးဘောလုံး ကော်မတီ ဥက္ကဋ္ဌနှင့် ဒွဲကပင် ယူနိုက်တက် အသင်းပိုင်ရှင် ဦး လှဌေးက ကျပ် သိန်း ၂၀၀၊UAB Bank က ကျပ်သိန်း ၁၀၀၊ MFF အမျိုးသမီး ဘောလုံး ကော်မတီက ကျပ် သိန်း ၁၁၀ စုစုပေါင်း ကျပ် သိန်း၇၀၀ဖြင့် ချီးမြှင့်ပေး ခဲ့ခြင်း ဖြစ်သည်။ ဆက်လပ်သတင်းအရ ၂၀၁၆အာဆီယံအမျိုးသမီးမျန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် ဗိုလ်ခွဲသွားခဲ့သော **ထိုင်းအမျိုးသမီးအသင်း**သည် ခွန်ပီယံဆု နှစ်ကြိမ်စီရရှိ ထားသော မြန်မာ၊ ဗီယက်နမ် အမျိုးသမီးအသင်းများကို ကျော်ဖြတ်ကာ ခွန်ပီယံဆုသုံးကြိမ်ဖြင့် ပြိုင်ပွဲသမိုင်း ဟစ်ဇယ္ဂျာကိုအဓောင်မြင့်ဆုံးအသင်း အဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ သည့် အပြင် **ခွန်ပီယံဆုကို နှစ်နှစ်ဆက်တိုက်ရရှိ သည့်ပထမဆုံးအသင်း**ဖြစ်လာခဲ့ကြောင်း သိရသည်။

**မိုင်းစောလွင်**

# လမ်းဘေးစျေးသည်နှင့် သက်ဆိုင်ယောဉ်ပင်ဥပဒေသစ်ကို လွှတ်တော်တွင် ဆွေးနွေးမည်

တော်မို့-ထက်အောင်ဖြိုး

ရန်ကုန်တိုင်းဒေသကြီး၏ လွှတ်တော်၌ လာမည့်အစည်းအဝေးတွင် လမ်းဘေးစျေးသည်နှင့် သက်ဆိုင်သည့် စည်ပင်သာယာရေးကော်မတီဥပဒေ သစ်တစ်ရပ်ကို တင်သွင်းဆွေးနွေးသွား မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြည်ပြန်ဟသတင်းဌာနယ်ကို ပြော သည်။

"ကျွန်မတို့အနေနဲ့ လာမယ့် လွှတ်တော်အစည်းဝေးမှာ **လမ်းဘေးစျေးသည်တွေနဲ့ပတ်သက်ပြီး အဆင်ပြေစေမယ့် ဥပဒေတစ်ခုကိုတင်သွင်းဆွေးနွေး သွားမှာပါ၊ အရင်က စည်ပင်သာယာဥပဒေကိုလည်း ပြန်ပြင်သွားမှာပါ**" ဟု ယင်းကပြောသည်။ ဒီဝိုကရေစီနိုင်ငံတစ်ခုထူထောင်ရန်အတွက် နိုင်ငံအတွင်း ပြည်သူများစည်းကမ်းရှိရန်၊ စနစ်တကျနေ တတ်ရန်လိုကြောင်း၊ ယမုအခါ လမ်း ဘေးစျေးသည်များအချင်းချင်း ဧနရာလု

## လမ်းဘေးစျေးသည်များ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းဘေးစျေးသည်များကို ဧပြီလ ၁ ရက်မှ စတင်၍ ဧပြီလ ၁၅ ရက်အထိ ဧရိယာ ခွဲခြားသတ်မှတ်ခြင်း၊ ဧရိယာအလိုက် ခွင့်ပြုသည့် ဧရိယာများ၊ ခွင့်ပြုသည့် အချိန်ကာလများ၊ ခွင့်ပြုသည့် ဧရိယာ များတွင် ရောင်းဝယ်ရမည့် ပစ္စည်းအမျိုး အစားများ၊ ခွင့်ပြုသည့် ဧရိယာများတွင် ရောင်းဝယ်ရမည့် ပစ္စည်းအမျိုးအစား များ၊ ခွင့်ပြုသည့် ဧရိယာများတွင် ရောင်း ဝယ်ရမည့် ပစ္စည်းအမျိုးအစားများ

www.free4reader.com



# မြို့ ၁၂ မြို့တွင် Huawei စမတ်ဖုန်းများကို KBZ ဘဏ်နှင့်ချိတ်ဆက်ကာ အရစ်ကျ ငယ်ယူနိုင်သောအစီအစဉ်စတင်

မြန်မာနိုင်ငံရှိ မြို့ ၁၂ မြို့တွင် Huawei ဖ်ိနောက်ဆုံးပေါ် **Huawei P9 နှင့် Mate 8**တို့ကို **KBZ** ဘဏ်နှင့်ပူးပေါင်းကာ **အရစ်ကျငယ်ယူနိုင်သောအစီအစဉ်စတင်လိုက်ကြောင်း** Huawei Technologies Co., Ltd မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**အရစ်ကျငယ်ယူနိုင်သော မြို့များမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး၊ ပုံရွာ၊ ပဲခူး၊ တောင်ငူ၊** ပြည်၊ မကွေး၊ မြစ်ကြီးနား၊ ပုသိမ် အစရှိသည့် မြို့များဖြစ်ကာ ငယ်ယူ သုံးစွဲသူများအနေဖြင့် **အတိုးပေးရန်မလိုသကဲ့သို့** စုဆောင်းသည့် ငွေပမာဏအတွက် ဘဏ်တိုးရရှိမည့်ပုံစံဖောင်ရွက်ပေးထားကြောင်း သိရသည်။ ''ငယ်သူတွေအနေနဲ့ ယိမိကိုနဲ့ အဆင်ပြေမယ့် ငယ်ယူစေးအစီအစဉ်တွေကိုဖွေးချယ်နိုင်မှာဖြစ်သလို Huawei ရဲ့ အဆင့်မြင့် စမတ်ဖုန်းတွေကို အလွယ်တကူ ပိုင်ဆိုင်စေပြီး စမတ်ကျလှတဲ့လူနေမှုဘဝကို အလွယ်တကူရရှိစေမှာ ဖြစ်ပါတယ်။ သုံးစွဲသူတွေဟာ Huawei ရဲ့ နောက်ဆုံးပေါ်ဝန်ဆောင်မှုတွေကို သဘောကျလိမ့်မယ်လို့ ယုံကြည်ပါတယ်'' ဟု Huawei မြန်မာ မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အရစ်ကျစနစ်နှင့် ငယ်ယူလိုလျှင် သုံးစွဲသူအနေဖြင့် KBZ ဘဏ်တွင် တရင်း ရှင်အမ်ငွေ သို့မဟုတ် ငွေစုဘဏ်အပ်ငွေ ရှိရမည်ဖြစ်ပြီး ဖုန်းတန်ဖိုးနှင့် ညီမျှသည့်ငွေပမာဏကို တည့်သွင်းထားရမည်ဟု သိရသည်။ ငယ်ယူသူက ဖုန်းတန်ဖိုးကို ခြောက်လအညီအမျှခွဲပြီး လစဉ်အရစ်ကျ ပေးသွင်းရမည်ဖြစ်ကာ ငယ်ယူသူက ဘဏ်ကပေးသည့် ပုံစံစာရွက်တွင် လိပ်စာအပြည့်အစုံ၊ ငယ်ယူလိုသည့် ဖုန်းမော်ဒယ်လ်နှင့် အရောင်တို့ကို ပြည့်စုံစွာဖြည့် ပေးရမည်ဖြစ်ကြောင်းသိရသည်။

ဘဏ်က ငယ်ယူသူအား ပထမအရစ်ကျအတွက် ငွေပေးသွင်းရမည့်နေရာနှင့်ဖုန်းသွားယူနိုင်မည့် နေရာတို့ကို ဆက်သွယ်ပေးမည်ဖြစ်ကာ **အရစ်ကျပေးသွင်းငွေကို ပေးသွင်းရန် နောက်ကျခဲ့ပါက ဘဏ်ရှိအပ်ငွေထဲမှ အလိုအလျောက်နုတ်ယူသွားမည်ဖြစ်ကြောင်း**အရစ်ကျအစီအစဉ်နှင့်ပတ်သက်ပြီး ၀၁-၉၀၀၀၉၀၀ ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ အရစ်ကျစနစ်တွင် Huawei P9 ကို ၅၅၉,၀၀၀ ကျပ်၊ Huawei Mate8 ကို ၅၉၉,၀၀၀ ကျပ်ဖြင့် ငယ်ယူနိုင်မည်ဖြစ်သည်။

ရှိန်းဝင်းထိုက်

# တိုက်ခန်း ၆၀၀ ခန့် ပါဝင်သော Gems Garden ကွန်ဒို အောက်တိုဘာလကုန်တွင် စတင်နေနိုင်မည်

ရန်ကုန်မြို့၏ အချက်အချာကျသော **ပြည်လမ်းနှင့် အင်းစိန်လမ်းကြား ၃ ဒသမ ၄ ဧက အကျယ်ဝန်းတွင် တည်ဆောက်နေသော Gems Garden Condo** မှာ ယခု အခါ towerများ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သောကြောင့် အောက်တိုဘာလကုန်တွင် လူစတင်နေထိုင်နိုင်မည်ဖြစ်ကြောင်း ယင်းစီမံကိန်းကို ကာဇန်ယူတည်ဆောက်ခဲ့သော Capital Development မှ သြဂုတ် ၅ရက်ကသတင်းရရှိသည်။

**၂၁ထပ်တာဝါလေးခု**

ယင်း စီမံကိန်းတွင်**အထပ် ၂၁ထပ် တာဝါလေးခုပါဝင်ပြီး အခန်းပေါင်း ၅၈၄ ခန်းဖြင့် ဖွဲ့စည်းထားကာ** စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ကုန်ကျကြောင်း၊ အခန်းအမျိုးအစားမှာ နှစ်ယောက်ခန်း သုံးယောက်ခန်းစသည်ဖြင့်ရှိပြီး အခန်းအကျယ်အဝန်းအနေဖြင့် ၈၉၇ စတုရန်းပေ မှ ၁၅၀၅ စတုရန်းပေ အထိရှိသည်၊ ကွန်ဒိုတွင် အထပ်အနိမ့် အမြင့်အ ပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုး ရှိမကြောင်း၊ အခန်းဈေးနှုန်းမှာ စတုရန်း တစ်ပေလျှင် ကျပ်ငွေ နှစ်သိန်းမှ သုံးသိန်း ရှိသည်။ **ငယ်ယူသူများအနေဖြင့် အခန်းတန်ဖိုး၏ ၄၀ ရာခိုင်နှုန်းကို အရင်ပေးသွင်း၍ ဒနထိုင်နိုင်ပြီး ကျန် ၆၀ရာခိုင်နှုန်းကို အရစ်ကျစနစ်ဖြင့် ငယ်ယူပြီးသည့် အချိန်မှစ၍ တစ်နစ်မှ ခြောက်နှစ်အတွင်း AYA Bank နှင့်ချိတ်ဆက်ပြီးပေးသွင်းနိုင်ကြောင်း၊** ဘဏ်နှင့်မချိတ်ဆက်ပဲ ငွေသားဖြင့်ပေးသွင်းလိုပါက အခန်းတန်ဖိုး၏ ၅၀ရာခိုင်နှုန်းကို အရင်ပေးသွင်းပြီး ကျန် ၅၀ရာခိုင်နှုန်းကိုတစ်နှစ်အတွင်း အရစ်ကျ ပေးသွင်းနိုင်ကြောင်းသိရသည်။

**ငါးလွှာ၌ရေကူးကန်**

အခန်းတိုင်းတွင် air conditioning၊ မျက်နှာကျက်များသည့် အိပ်ခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ ဦးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာနှင့် လသာဆောင်များအထိပါ တပ်ဆင်ထားကြောင်းသိရသည်၊ ထို့ပြင် အခန်းနံရံများကိုလည်း သလင်းကျောက်များဖြင့်ပြုလုပ်ထားပြီး ခန်းဆီးများကို လည်းအရှိ ဓာတ်ခံနိုင်သော Plaster Board များဖြင့် ပြင်ဆင်ထားကြောင်း သိရသည်။

ယင်းအဆောက်အအုံနှင့်ဒီဇိုင်းကို စင်ကာပူနိုင်ငံမှ RSP ကုမ္ပဏီက ဒီဇိုင်းရေးဆွဲထားကာ အဆောက်အအုံ ၏ ငါးလွှာတွင် ရေကူးကန်ထားရှိပြီး မြေညီထပ်တွင် ကားပါကင် ဆောက်လုပ်ထားမကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

# မိုဘိုင်းဆင်းမ်ကတ်မှတ်ပုံတင်မှုကို အွန်လိုင်းနှင့် မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် ပြုလုပ်နိုင်ရန် ဆောင်ရွက်မည်

မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာသုံးဦး၏ မိုဘိုင်းဆင်းမ်ကတ်များ မှတ်ပုံတင်ခြင်းကို **အော်ပရေတာများ၏** တရားဝင်အရောင်းဆိုင်များတွင်သာမက အွန်လိုင်းနှင့် မိုဘိုင်းအက်ပလီကေး ရှင်းများမှတစ်ဆင့်ပြုလုပ်နိုင်ရန်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်းဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဩဂုတ်လ ၅ရက်က သတင်းရရှိသည်။

မှတ်ပုံတင်ထားခြင်းမရှိ သည့် ဆင်းမ်ကတ်များကို ၂၀၁၇ မတ်လကုန်တွင်ပယ်ဖျက်စဉ်မည်ဟု ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပြီး နောက်ပိုင်း ပြည်သူများဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ကို ယမုကဲ့သို့ လူယ်ကူပွာပြုလုပ်နိုင်ရန် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီသုံးခုနှင့် ဆွေးနွေးယားကြောင်း သိရသည်။

''လွယ်လွယ်ကူကူနဲ့ မှတ်ပုံတင်နိုင်ဖို့အတွက် အော်ပရေတာကုမ္ပဏီတွေနဲ့ ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ဆင်းမ်ကတ် မှတ်ပုံတင်တာနဲ့ပတ်သက်လို့ လိုက်နာဆောင်ရွက်အောင် အော်ပရေတာတွေကို လည်း ညွှန်ကြားထားတယ်။ နောက်ပိုင်း ဆင်းမ်ကတ်တွေ ရောင်းတဲ့အခါ ချက်ချင်း သုံးလို့ရတဲ့ မှတ်ပုံတင်လုပ်ပြီးမှ စသုံးလို့ရမယ့်စနစ်မျိုးလုပ်သွားဖို့ ရှိတယ်'' ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုကဲ့သို့ ပြုလုပ်ခြင်းမှာ ပြည်သူများ၏ လုံခြုံရေးအတွက် ထိရောက်စွာ ကာကွယ်ပေးနိုင်ရန်၊ မိုဘိုင်းဘဏ်စနစ်၊ မိုဘိုင်းဗုန်းမှ ငွေပေးချေခြင်းနှင့် အွန်လိုင်းဈေးဝယ်ခြင်းတို့အတွက် အသိအမှတ်ပြုပစ္စည်းအဖြစ် အသုံးပြုနိုင်ရန်၊ ဆင်းမ်ကတ်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း တို့ ဖြစ်ပေါ်ပါက လွယ်ကူစွာ ပြန်လည်သုံးစွဲနိုင်ရန် ဂျည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်းမ်ကတ်မှတ်ပုံတင်ရန် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အခြားအကျုံးဝင်သည့် ကတ်ပြားအမှတ်၊ မကျားသားကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်၊ နိုင်ငံခြားသားများဖြစ်ပါက ပတ်စ်ပို့အမှတ်၊ ယင်းကတ်ပြားများ၏ မိတ္တူ၊အဘအမည်၊ မွေးသက္ကရာဇ်၊ လူမျိုးနိုင်ငံသား၊ ကျား/မ၊ နေရပ် လိပ်စာကို လိုအပ်မည်ဟုသိရသည်။ လက်ရှိတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုကို အသုံးပြုသူ သန်း ၂၀ ကျော်၊ တယ်လီနော အသုံးပြုသူ ၁၇ သန်းကျော် နှင့် အူရီဒူး မြန်မာအသုံးပြုသူ ၁၀သန်း ကျော်ရှိနေကြောင်းသိရသည်။

ရှိန်းဝင်းထိုက်

# ဒူဘိုင်း-ရန်ကုန် နေ့စဉ်ပျံသန်းလျက်ရှိသည့် အမ်းမရိတ်လေကြောင်းက ပြည်တွင်းရှိ အခြားလေဆိပ်များသို့လည်း ပျံသန်းရန်ရှိ

**ဒူဘိုင်း-ရန်ကုန်-ဟန္ဒိုင်းသို့ နေ့စဉ်ပျံသန်းမည့် အမ်းမရိတ်လေကြောင်းလိုင်းသည် ၎င်း၏ခရီးစဉ်ကို ဩဂုတ်လ ၃ရက်တွင် စတင်လိုက်ပြီဖြစ်ပြီးရန်ကုန်အပြင် ပြည်တွင်းရှိအခြားမြို့များသို့လည်း တိုးချဲ့ပျံသန်းရန် ရှိကြောင်း**Emirates Commercial Operations(Far East)၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Badr Abbas က မက်လာမုံအပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပြုလုပ်သည့်လေကြောင်းခရီးစဉ်သစ်ပဏ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်၊

Photo-Emirates

အမ်းမရိတ်လေကြောင်းလိုင်းသည် ဒူဘိုင်းမှ ရန်ကုန်မြို့သို့ပျံသန်းလာပြီး ရန်ကုန်မြို့မှတစ်ဆင့် ဗီယက်နမ်နိုင်ငံဟန္ဒိုင်းမြို့သို့ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်၊ ''ကျွန်တော်တို့ဒေသကြောင်းလိုင်းရဲ့ အရေးကြောင်အာရုံမှာပျံသန်းနေကဲ့ ပျံသန်းမှုကွန်ရက်ကို ထပ်မံကိုးချဲ့တဲ့အနေနဲ့ ရန်ကုန်ခရီးစဉ်ကိုစတင်တာဖြစ်ပြီး ရန်ကုန်ကနေ ဟန္ဒိုင်းကိုသွားမောက်လိုတဲ့ ခရီးသည်တွေအတွက် လေကြောင်းလိုင်း ခရီးစဉ်သစ်ရွေးချယ်မှုကို ပေးအပ်လိုက်တာဖြစ်ပါတယ်၊ နောက်ပိုင်းမှာ ရန်ကုန်အပြင်တခြားမြို့တွေကိုလည်း ပျံသန်းဖို့ရှိပေမယ့် အသေးစိတ်ပြောကြားလို့မရသေးပါဘူး''ဟု ယင်းကဆိုသည်၊

ဒူဘိုင်း-ရန်ကုန်ပျံသန်းမှုခရီးစဉ်သည် မြန်မာနှင့်ဗီယက်နမ်မှခရီးသွား များအား **အမ်းမရိတ်လေကြောင်းလိုင်း၏ ကမ္ဘာလုံးဆိုင်ရာတိုးချဲ့ကွန်ရက်များဖြစ်သည့် ဥရောပနိုင်ငံပေါင်း ၃၉နိုင်ငံ၊ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံပေါင်း ၁၆နိုင်ငံ အပြင် အာဇရိကနှင့်အမေရိကတိုက်ရှိ နေရာများနှင့်လည်း ချိတ်ဆက်သွားလာနိုင်ရန် ဆောင်ရွက်လိုက်ခြင်းဖြစ်သည်၊** လေယာဉ်စီးနှင်းလိုက်ပါမှုအတွက် အမျိုးအစားသုံးပျံနှံ့ခြားထားပြီး ခရီးဆောင်အိတ်သယ်ဆောင်ခွင့်မှာလည်း **အများဆုံး ကီလိုဂရမ် ၅၀အထိသယ်ဆောင်ခွင့်ရရှိမည်ဖြစ်ကြောင်း** သိရသည်။ **နှင်းနုဝေ**

# လျှင်ဘေးနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန် အချက်များကို သိလာကြပြီဖြစ်သော်လည်း အားနည်းချက်များ ရှိနေသေး

မြန်မာနိုင်ငံရှိ ပြည်သူများကြား လျှင်နှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန် အချက်များ သိရှိမှုများပြားလာပြီး လျှင်ကို ဂရုပြုမှုရှိနေပြီဖြစ်သော်လည်း အားနည်းမှုများလည်းရှိနေကာ လျှင်နှင့် ပတ်သက်၍ **အသက်ဘေးလုံခြုံရေးအတွက် ပြင်ဆင်စရာ၊ သိရှိစရာအဝိုင်းတွင် အားနည်းမှုများရှိနေသေးကြောင်း** လျှင်ပညာရှင်များထံက သိရသည်၊

ယခင်က လျှင်နှင့် ပတ်သက်၍ စိတ်ဝင်စားမှု အားနည်းခဲ့သော်လည်း နာဂဝ်မုန်တိုင်းပြီးသည့် ဧနောက်ပိုင်းကာလများတွင် စိတ်ဝင်စားမှုများပြားလာပြီး ရစ်ချိတာစကေး ၄ သို့မဟုတ် ၅ ခန့် လှုပ်သည်ကိုပင် ပြည်သူများ စိတ်ဝင်စားခြင်းက ကောင်းမွန်သည့် အချက်တစ်ချက်အဖြစ် မြင်နိုင်ကြောင်း လျှင်ပညာရှင် ဦးဝိုးသူရထွန်းက ပြည်မြန်မာသတင်းဂျာနယ်ကို ပြောသည်။

''အဝိုးရဲ့ မြို့တော်စည်ပင်ကလည်း လျှင်နဲ့ပတ်သက်လို့သည်ပြီး စဉ်းစားတာကလည်း ကောင်းတဲ့ဟာပါပဲ။ ဒါပေမဲ့လည်း လျှင်က ဘယ်အချိန်၊ ဘယ်မှာဖြစ်မလဲ မသိနိုင်ဘူး။ ပမာဏ ဘယ်လောက်လည်း မသိနိုင်ဘူး။ နောက် ကိုယ့်ရဲ့ အဆောက်အအုံ လျှင်ဒက်ဘယ် လောက်ခံနိုင်လည်း ပြည်သူတွေ မသိနိုင်ဘူး'' ဟု ၎င်းက ဂျင်းပြသည်၊

လျှင်နှင့် ပတ်သက်၍ နိုင်ငံတော်ဘဝိုးရက လျှင်လှုပ်လျှင် မည်သို့ဖြေနိုင်သင့်ကြောင်း သတင်းစာတွင် ထုတ်သွင်းဖော်ပြတတ်ခြင်းနှင့် တီဗီတွင် ကြားညှပ်ကာ ပြသခြင်းကလည်း ကောင်းမွန်ကြောင်း၊ သို့သော် ပြည်သူများထံ လျှင်နှင့် **ပတ်သက်၍ သိရှိနိုင်ရန် NGO များနှင့် ပူးပေါင်း၍ စာအုပ်လက်စွဲ စာအုပ်များဖြန့်ဝေသော်လည်း သိမ်းထားလိုက်ခြင်း သာရှိပြီး ဖတ်ရှုခြင်း နည်းပါးသည့် အခြေအနေကိုလည်း တွေ့ရကြောင်း** ဦးဝိုးသူရထွန်းက ထပ်မံပြောသည်၊

''တကယ်တော့ ကျွန်မတို့ ကိုယ်ကိုင်က လျှင်နဲ့ ပတ်သက်ပြီး သိပ်မသိဘူး။ ကိုယ့်မှာ အားနည်းတာလည်းရှိတယ်။ လျှင်က အပြောတမ်း ဖြစ်မနေဖော့ ပေါ့တာလည်း ပါမယ်ထင်တယ်။ အခုလို သတင်းတဲ့ ထည့်ကာထက်ဘရင် စိတ်ဝင်စားစရာ အစီစဉ်တွေနဲ့ လှုပ်နိုင်ရင် ပိုကောင်းမယ်ထင်တယ်၊ လျှင်လှုပ်တာကိုကြောက်ပါတယ်၊ အဲဒါကို ပြန်ပြောဖူးတယ်'' ဟု အသက် ၂၄ နှစ်အရွယ် ဒိုးစဉ်ဒီက ပြောသည်။

ထက်ဆောင်မြိုး

www.free4reader.com

## ထူးအိမ်သင်တေးပေါင်းချုပ် ထွက်ရှိ

ကွယ်လွန်သွားပြီဖြစ်တဲ့ အဆိုတော် ထူးအိမ်သင်ရဲ့ သီချင်းတွေကို စုစည်းပြီး **ထူးအိမ်သင်တေးပေါင်းချုပ်သီချင်းစာအုပ်**ကို ယခုလ ၅ ရက်မှ ၁၅ရက်အထိ ပြုလုပ်သော ဂိတ်ကူးချိုချိုကအုပ်အရောင်းပွဲဝင်ရောင်းချခဲ့ပြီး **သီချင်းစုစုပေါင်း ၃၅၂ ပုဒ် ပါဝင်သလို တစ်အုပ်ကို ၅၅၀၀ ကျပ်နဲ့** ရောင်းချမှာဖြစ်ကြောင်း သိရပါတယ်။ ယင်းသီချင်းစာအုပ်ကို ထူးအိမ်သင်ရဲ့ ပရိသတ်အဂျက်များများက ဝယ်ယူအားပေးနေကြောင်းလည်း သိရပါတယ်။

## တင်ဇာမော်နှင့်တွဲပြီး ဖျော်ဖြေဦးမယ့် စည်သူလွင်

လက်ရှိအချိန်အထိ ပရိသတ်များ အားပေးလျက်ရှိကြသော အနုပညာရှင် နှစ်ဦးဖြစ်တဲ့**အဆိုတော်စည်သူလွင်နဲ့ တင်ဇာမော်တို့ သီဆိုဖျော်ဖြေမယ့် Beyond The 21 (Duet Live Concent)** ကို လာမည့် ဩဂုတ်လ ၂၇ ရက်ကွင်း ရန်ကုန်မြို့ရှိ **Myanmar Convention Center** မှာ ပြုလုပ်သွားမယ်လို့ သိရှိရပါတယ်။ အဆိုပါပွဲကို Myanmar Media Management က စီစဉ်ပြီး ကြိုတင်လက်မှတ်များကိုရောင်းချပေးနေကြောင်း သိရပါကလဲ့။

## ဇာတ်လမ်းတွဲတွေ ပိုရိုက်လာတဲ့ ပွင့်

လတ်တလော ဒါရိုက်တာ ကိုတော် (အရုဏ်ဦး)ရိုက်ကူးပြီး သရုပ်ဆောင် ပြေတိဦး၊ ဖိုင်သင်းကြည်တို့နဲ့အတူ **''အမေပေးတဲ့ လယ်တစ်ကွက်''** ဇာတ်ကားမှာ ပါဝင်နေတဲ့ သရုပ်ဆောင် ပွင့်က MRTV-4 ရုပ်သံလိုင်းမှာလွှင့်နေတဲ့ **ကိုလူမျို့ ဇာတ်လမ်းတွဲ**မှာ ပရိသတ်အားပေးမှုကိုပို ပိုရရှိခဲ့ပြီး အဲဒီဇာတ်လမ်းတွဲကလည်း ဟာသဖြစ်ပေမယ့် အတော်လေး ပင်ပန်းခဲ့ရတယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့လည်း အိမ်နီးချင်းဇာတ်လမ်းတွဲလိုပဲ ပရိသတ်တွေစောင့်ကြည့်တယ်ဆိုတဲ့အသံလေးကို ကြားချင်တယ်လို့လည်းပြောပါသေးတယ်။

## ပြိုင်ပွဲအတွက် ပြင်ဆင်နေတဲ့ ဥက္ကာမင်းမောင်

မေလုန်ရာသီဖွား ရုပ်ရှင်ဇာတ်ကားနဲ့ သရုပ်ဆောင်လောကကို တစ်ကျော့ပြန်လည်ဝင်ရောက်လာတဲ့ သရုပ်ဆောင်ဥက္ကာမင်းမောင်က သူရဲ့တစ်ကိုယ်တော်ကောင်းဖိုးဖိုးအကွက် ကြိုးစားဆောင်ရွက်နေသလို စက်တင်ဘာလပထမအပတ်တွင် ကျင်းပမည့် **Mister Tourism World 2016 ပြိုင်ပွဲအတွက် အစွမ်းကုန်ပြင်ဆင် နေတယ်လို့**ပြောပါတယ်။ ဒါ့အပြင် သူ့အနေနဲ့ Tourism နဲ့ ပတ်သက်တဲ့အရာတွေကိုလည်း လေ့လာနေကြောင်း ဆိုပါတယ်။ ယင်းပြိုင်ပွဲကိုတော့ **အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ** ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ၂၁ ပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲ မန္တလေးပြည်သူ့ဟစ်တိုင်တွင် ပြုလုပ်

မန္တလေးတိုင်းဒေသကြီး မဟာဓောင်မြို့နယ်ရှိ မနော်ရမ်မဲ့ ပြည်သူ့ဟစ်တိုင်ကွင်း၌ **၂၁ ပင်လုံညီလာခံအား ကြိုဆိုထောက်ခံပွဲကို ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့ကြောင်း** သိရသည်။ အဆိုပါ ထောက်ခံပွဲကို **ဩဂုတ်လ ၈ ရက်ထိ ပြုလုပ်မည်ဖြစ်ကြောင်း** သိရသည်။

''မန္တလေးပြို့မှာ ၂၁ ပင်လုံညီလာခံအတွက် ဆောင်ရွက်နေတာတွေ့တော့ အရမ်းဝမ်းသာပါတယ်။ ပြန်မာနိုင်ငံရဲ့ အနာဂတ်တစ်ခုကိုလည်း ကြိုတင်ပြီးကောင်းအောင် ဖန်တီးလာမယ့် ဒီပင်လုံညီလာခံကို ကျွန်တော်တို့ ပြည်သူတွေကလည်း ကြိုဆိုပါတယ်။ ဒီပင်လုံညီလာခံက ပြန်မာနိုင်ငံရဲ့ သမိုင်းတစ်ခုဆိုတာလည်း တကယ်ပြောလို့ရတယ်။ အခုလို ကျင်းပတဲ့အခါမှာလည်း **လာရောက်တဲ့သူတွေက အရမ်းများတော့ အရမ်းဝမ်းသာပါတယ်**'' ဟု မန္တလေးပြို့ဒေသခံ ကိုမောင်သောင်းက ပြောသည်။ မနော်ရမ်မဲ့ ပြည်သူ့ဟစ်တိုင်ကွင်းဟွင်းကျင်းပသည့် ၂၁ ပင်လုံညီလာခံကို မန္တလေးမှ ဗာဓူးဆရာ ဖော်မိုင်ဦးနှင့် အာရာကတိုးကုန်တို့က ၂၁ ပင်လုံညီလာခံအတွက် ကောပြောခဲ့ပြီး ပန်းရဲ့လမ်းတေးဂီတအဖွဲ့က ဖျော်ဖြေမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

''ငြိမ်းချမ်းရေးကို လိုလားတဲ့သူတွေအားလုံး ဒီပွဲကိုလာရောက်ကြတဲ့အတွက် ဝမ်းသာတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်သူလူထုတွေကလည်း မူပေါင်းပါဝင်ကြဖို့လိုတယ်။ ငြိမ်းချမ်းရေးအတွက် ဆိုရင် ခြေတစ်လှမ်းလှမ်းနိုင်တဲ့အထိ ဆောင်ရွက်သွားမှာပါ'' ဟု မန္တလေးတိုင်းဒေသကြီး NLD ပါတီမှ နာယကအရာရှိဦးသိန်းကန်က ပြောသည်။

အဆိုပါ ၂၁ ရာစု ပင်လုံညီလာခံကြိုဆိုကောက်ခံပွဲကို မန္တလေးတိုင်းဒေသကြီးမှ NLD ပါတီဝင်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းခန့်(မြစ်မဝ)

# ရခိုင်မှလာသည်ဆိုသော ဒုက္ခသည်များကို UNHCR နှင့် ပူးပေါင်း၍ နေရပ်သို့ ပြန်ပို့ရန် ဘင်္ဂလားဒေ့ရ် စီစဉ်နေ

အစိုးရအဖွဲ့ခေါင်းဆောင်ကြီးနှင့် UNHCR ကာယကံရှင်သူကို ဆွေးနွေးကြစဉ်

ဂုဏ်ဟိုနိုင်ငံတွင်းသို့ ရောက်ရှိနေသိုဝင်ဖေသော ရခိုင်ပြည်နယ်မှလာသည်ဆိုသည့် ဒုက္ခသည်များကို ပြန်လည်ပို့ဆောင်သွားရန် ဘင်္ဂလားဒေ့ရ်ရှိက ကုလအဖွဲ့ အဝဝည်းဖြစ်သော UNHCR နှင့်ပူးပေါင်း၍ စီဝဝဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဘင်္ဂလားဒေ့ရ်သတင်းဌာန BDNews 24 က ဩဂုတ်လ ၄ ရက်တွင်ဖော်ပြလာခြင်းဖြစ်ပြီး ကုလအဖွဲ့အစည်းဟစ်ခု ဖြစ်သော UNHCR ၏ အကြီးအကဲနှင့် ဘင်္ဂလားဒေ့ရ်နိုင်ငံခြားရေးဝန်ကြီးတို့ ဖွေ့ ဆုံအတည်ပြုခဲ့ကြခြင်းဟုလည်း သိရသည်။ ယင်းတွေ့ ဆုံမှုတွင် UNHCR မှဘင်္ဂလားဒေ့ရ်နိုင်ငံဆိုင်ရာ အကြီးအကဲ Shinji Kubo အား ဘင်္ဂလားဒေ့ရ်နိုင်ငံခြားရေးဝန်ကြီး AH Mahmood Ali က ရခိုင်ဘက်သို့ ပြန်ပို့မည့် ဒုက္ခသည်များကိစ္စကို ရှင်းပြခဲ့ပြီး စာနာထောက်ထားမှုအရ သက်ဆိုင်ရာနယ်မြေဒေသသို့ ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်းဆိုသည်။

''ဝန်ကြီးအနေနဲ့က မြန်မာအစိုးရကျွန်တော်တို့ ပြည်သူတွေကလည်း ကြိုဆိုပါတယ်။ ဒီပင်လုံညီလာခံက ပြန်မာနိုင်ငံရဲ့ သမိုင်းတစ်ခုဆိုတာလည်း တကယ်ပြောလို့ရတယ်။ အခုလို ကျင်းပတဲ့အခါမှာလည်း **လာရောက်တဲ့သူတွေက အရမ်းများတော့ အရမ်းဝမ်းသာပါတယ်**'' ဟု မန္တလေးပြို့ဒေသခံ ကိုမောင်သောင်းက ပြောသည်။ မနော်ရမ်မဲ့ ပြည်သူ့ဟစ်တိုင်ကွင်းဟွင်းကျင်းပသည့် ၂၁ ပင်လုံညီလာခံကို မန္တလေးမှ ဗာဓူးဆရာ ဖော်မိုင်ဦးနှင့် အာရာကတိုးကုန်တို့က ၂၁ ပင်လုံညီလာခံအတွက် ကောပြောခဲ့ပြီး ပန်းရဲ့လမ်းတေးဂီတအဖွဲ့က ဖျော်ဖြေမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

''ငြိမ်းချမ်းရေးကို လိုလားတဲ့သူတွေအားလုံး ဒီပွဲကိုလာရောက်ကြတဲ့အတွက် ဝမ်းသာတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်သူလူထုတွေကလည်း မူပေါင်းပါဝင်ကြဖို့လိုတယ်။ ငြိမ်းချမ်းရေးအတွက် ဆိုရင် ခြေတစ်လှမ်းလှမ်းနိုင်တဲ့အထိ ဆောင်ရွက်သွားမှာပါ'' ဟု မန္တလေးတိုင်းဒေသကြီး NLD ပါတီမှ နာယကအရာရှိဦးသိန်းကန်က ပြောသည်။

အဆိုပါ ၂၁ ရာစု ပင်လုံညီလာခံကြိုဆိုကောက်ခံပွဲကို မန္တလေးတိုင်းဒေသကြီးမှ NLD ပါတီဝင်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းခန့်(မြစ်မဝ)

ဂုဏ်ဟိုနိုင်ငံတွင်းသို့ ရောက်ရှိနေသိုဝင်ဖေသော ရခိုင်ပြည်နယ်မှလာသည်ဆိုသည့် ဒုက္ခသည်များကို ပြန်လည်ပို့ဆောင်သွားရန် ဘင်္ဂလားဒေ့ရ်က ကုလအဖွဲ့ အဝဝည်းဖြစ်သော UNHCR နှင့်ပူးပေါင်း၍ စီဝဝဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဘင်္ဂလားဒေ့ရ်သတင်းဌာန BDNews 24 က ဩဂုတ်လ ၄ ရက်တွင်ဖော်ပြလာခြင်းဖြစ်ပြီး ကုလအဖွဲ့အစည်းဟစ်ခု ဖြစ်သော UNHCR ၏ အကြီးအကဲနှင့် ဘင်္ဂလားဒေ့ရ်နိုင်ငံခြားရေးဝန်ကြီးတို့ ဖွေ့ ဆုံအတည်ပြုခဲ့ကြခြင်းဟုလည်း သိရသည်။ ယင်းတွေ့ ဆုံမှုတွင် UNHCR မှဘင်္ဂလားဒေ့ရ်နိုင်ငံဆိုင်ရာ အကြီးအကဲ Shinji Kubo အား ဘင်္ဂလားဒေ့ရ်နိုင်ငံခြားရေးဝန်ကြီး AH Mahmood Ali က ရခိုင်ဘက်သို့ ပြန်ပို့မည့် ဒုက္ခသည်များကိစ္စကို ရှင်းပြခဲ့ပြီး စာနာထောက်ထားမှုအရ သက်ဆိုင်ရာနယ်မြေဒေသသို့ ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်းဆိုသည်။

''ဝန်ကြီးအနေနဲ့က မြန်မာအစိုးရသစ်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကိုလည်း ထူထောင်ချင်နေပါတယ်'' ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ယင်းအတွက် မြန်မာနိုင်ငံခြားရေးဝန်ကြီးကိုလည်း ဘင်္ဂလားဒေ့ရ်သို့ ဖိတ်ကြားထားကြောင်းဆိုသည်။

ဘင်္ဂလားဒေ့ရ်ဘက်က လက်ခံပေးထားရသော ဒုက္ခသည်များကို ရခိုင်ပြည်နယ်သို့ပြန်ပို့ နိုင်ရေးအတွက်လိုအပ်သော စစ်ဘမ်းကောက်ယူမှုနှင့် နိုင်ငံသားစိစစ်မှုများ လုပ်ဆောင်ထားပြီးဖြစ်ကြောင်းလည်း နိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။ UNHCR အကြီးအကဲ မစ္စတာ Shinji Kubo ကလည်း ဘင်္ဂလားဒေ့ရ်အစိုးရနှင့် ပူးပေါင်းလက်တွဲ၍ ဒုက္ခသည်များ နေရပ်ပြန်ရေးကို ကူညီလုပ်ဆောင်သွားမည်ဖြစ်ပြီး ဖြေရှင်းစက်နေသော ပြဿနာကို အဖြေရှာသွားမည်ဟုလည်း ဆို သည်။ **ဘင်္ဂလားဒေ့ရ်တွင် ရခိုင်မှလာသည်ဆိုသော ဒုက္ခသည် သောင်းဂျီနေပြီး** ယင်းကိုကို ပြန်မာအစိုးရတက်က နိုင်ငံသားဖြစ်သည်ဟု အသိအမှတ်ပြု လက်ခံထားခြင်းမရှိသေးကြောင်းလည်း သတင်းဌာနက ရေးသားဖော်ပြထားသည်။ Iris

# DNA ဌာနကို ယခုနှစ်အတွင်း စနစ်တကျဖွဲ့စည်းရန် ကြိုးပမ်းနေ

**မူခင်းမျိုးစုံတွင် နိုင်မာသော အထောက်အထားများဖြင့် သက်သေပြနိုင်ရေးအတွက် အရေးပါသည့် DNA ဌာနကို** ယခုနှစ်အတွင်း ဖွဲ့ စည်းပုံစနစ်တကျ ပြင်ဆင်ဖွဲ့ စည်းတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်သဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လျပ်အောင်စိုးက ဩဂုတ်လ ၃ ရက်ပြည်သူ့ လွှတ်တော်၌ စတင်ပြောကြားခဲ့ခြင်းဖြစ်ပြီး ယင်းအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ DNA ကျွမ်းကျင် အလုပ်ရှိများက ပြင်ဆင်နေကြပြီဟု သိရသည်။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် မာတုဇေဒစစ်ဆေးရေးဌာနကို မတ်လ ၂၇ ရက်၌ စတင်ဖွင့်လှစ်ခဲ့ပြီး** ဖွေ့ပိုင်းလ ၁၄ ရက်မှစ၍ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများကို ပတင်ဟပ်ဆင်နေဆဲဖြစ်ကြောင်း သိရသည်။ တစ်ချိန်ပဲည်းမှာပင် DNA ဇာတ်ခွဲခန်းဆိုင်ရာ လက်တွေ့သင်ကြားခြင်းများကို အင်္ဂလန်နိုင်ငံမှကျွမ်းကျင်ပညာရှင်များနှင့် လေ့ကျင့်သင်ကြားမှုများ လုပ်ဆောင်နေကြောင်း သိရကာ **ယခုဘဏ္ဍာနှစ် မကုန်မီတွင် DNA စစ်ဆေးသည့် စက်ကိုဝယ်ယူပြီး DNA ဌာနကို ဖွဲ့စည်းမှုအရ သီးခြားဖွဲ့စည်းထားရှိတော့မည်ဖြစ်ကြောင်း** မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှသိရသည်။ နိုင်ငံကွင်းပြင်ဖြစ် ပေါ်ခဲ့သော မှုခင်းများတွင် DNA စစ်ဆေးမှုရလဒ်ကို ခိုင်ခိုင်မာမာ ပြသနိုင်ခြင်းမရှိခဲ့သည့် ကာလများစွာ ရှိခဲ့ပြီးနောက် DNA ဌာနက နိုင်ငံတကာရဲတပ်ဖွဲ့ များနည်းတူ ဖွဲ့ စည်းပုံ စနစ်တကျဖြင့်လုပ်ဆောင်နိုင်ရန် ရဲတပ်ဖွဲ့က စဉ်းစားလာခဲ့ခြင်းလည်းဖြစ်သည်။

သို့သော်လည်း ဌာနဖွဲ့ စည်းနိုင်ရေးအတွက် ဆယ်စုနှစ်တစ်ခုနီးပါး ကြိုးပမ်းခဲ့ရပြီးနောက် ယခုနှစ်မှသာလျှင် ယဲ့ထဲဝင်ဝင်လုပ်ဆောင်ရန်အကောင်အထည်ပေါ်လာခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ ၏ လျာထားချက်များအရ မူခင်းဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရမည့် ဒေသဆိုင်ရာကိစ္စရပ်များအပေါ်တွင် **တိကျသည့် စစ်းသစ်စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် လိုအပ်သော ဓာတ်ပိစက်ကိရိယာများကို ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူသင့်သို့ ယခုဘဏ္ဍာနှစ်တွင်လည်း** ခွင့်ပြုလာမည့် ဘဏ္ဍာငွေအပေါ်မူတည်ပြီး စက်ကိရိယာများ ဝယ်ယူတပ်ဆင်နိုင်ရေးကိုပါပြင်ဆင်ထားကြောင်း သိရသည်။

အေဝိုင်အီး

www.free4reader.com



# တူးတူး၏ချန်ပီယံစိန်ခေါ်ပွဲကို ကြိုက်ကြေးရလျှင် ထိုးသွားမည်ဟု ရိုးရာလက်ဝှေ့ မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်း ပြော

ရိုးရာလက်ဝှေ့ မြန်မာပြည်အလွတ်တန်း ချန်ပီယံဆုအတွက် နဂါးမာန်ကလပ်မှ ပထမတန်းလက်ဝှေ့ကျော် တူးတူး၏ စိန်ခေါ်မှုကို ကြိုက်ကြေးရလျှင် ယှဉ်ပြိုင်ထိုးသွားမည်ဖြစ်ကြောင်း ချန်ပီယံ ထွန်းထွန်းမင်းက သြဂုတ် ၆ ရက်တွင် ပြောသည်။

ရိုးရာလက်ဝှေ့ လောကမှ အနားမယူမီ မြန်မာပြည်ချန်ပီယံဖြစ်ရန် ရည်မှန်းထားသောကြောင့် အရန်းရင်းနှီးသည့် သူငယ်ချင်းဖြစ်သော်လည်း ထွန်းထွန်းမင်းကို စိန်ခေါ်ထိုးသွားရန် စိတ်ရင်ခြင်းဖြစ်ကြောင်း တူးတူးကပြောထားပြီး ပထမတန်းလက်ဝှေ့သမားရှားပါးသဖြင့် ထွန်းထွန်းမင်းနှင့်လက်ရည်တူဖြစ်သည့်ယင်း ပွဲစဉ်ကို ပရိတ်သက်များမှ အစောပိုင်းကတည်းက တောင်းဆိုနေခဲ့ကြကြောင်း သိရသည်။ "ဝယ်ဝယ်ကတည်းက အတူနေခဲ့ကြပြီး တစ်ယောက်အကြောင်းတစ်ယောက်သိနေတာ သူနဲ့ထိုရမယ့်ပွဲဟာ ကျွန်တော့်အတွက် အခက်ခဲဆုံးပြိုင်ပွဲဖြစ်လာမှာပါ၊ သူရဲ့စိန်ခေါ်မှုကိုလည်း နားလည်ပါတယ်၊ ကျွန်တော်တို့က အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်နေလို့ အနိုင်အရှုံးပဲဖြစ်ဖြစ်၊ သရေပဲဖြစ်ဖြစ် ဘယ်လိုရလဒ်မျိုးထွက်ထွက် ပရိတ်သတ်တွေ လက်ခံနိုင်တဲ့ အခြေအနေရှိအောင် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသွားမှာဖြစ်ပါတယ်"ဟု ထွန်းထွန်းမင်းကပြောသည်။

လက်ရှိတွင် အောက်တိုဘာလအထိ အခြားပွဲစဉ်များ ထိုးသွားရန် စာချုပ်ရှိနေသောကြောင့် တူးတူးနှင့် ထိုးသွားမည့်ပွဲသည် အောက်တိုဘာလနောက်ပိုင်းမှဖြစ်လာနိုင်မည်ဖြစ်ကြောင်းနှင့် အခက်ခဲဆုံးပြိုင်ပွဲတစ်ခုဖြစ်သောကြောင့် ကြိုက်ကြေး တောင်းဆိုသွားမည်ဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။ ထိုပွဲစဉ်အတွက် တူးတူးမှလည်း လက်ရှိရရှိနေသည့်ထိုးကြေးယက် ဟိုးမြင့်မဟာင်းဆိုသွားမည်ဖြစ်ပြီး တောင်းဆိုမည့်ပမာဏကို နည်းပြဆရာနှင့် ဘိုင်ပင်သွားရေးမည်ဖြစ်ကြောင်း ပြောသည်၊ **လက်ရှိတွင် ထွန်းထွန်းမင်းက ထိုးကြေး ကျပ်သိန်း ၇၀ နှင့် တူးတူးက ကျပ်သိန်း ၆၀ ခန့် ရရှိနေကြပြီး** ၎င်းတို့ယှဉ်ပြိုင်ထိုးသွားမည့် ပွဲစဉ်အတွက် အဆမတန်တောင်းဆိုလျှင် ပွဲစီစဉ်သူများအတွက် အခက်အခဲများစွာ ရှိလာနိုင်ကြောင်း ရိုးရာလက်ဝှေ့ အစည်းအရုံးမှ အမှုဆောင်ဦးဇင်လင်းထွန်းက ပြောသည်။

ပိုင်းစောလွင် (သတင်း၊ ဓာတ်ပုံ)

**အင်္ဂါနေ့(၉-၈-၂၀၁၆)**

**ကံကောင်းဒေဗယ်အရောင်** - ခရမ်းရောင်၊ ရောင်၊ အနက်ရောင်

**ကံကောင်းဒေဗယ်အလှူ** - ခေါက်ဆွဲကြော်ဆွမ်းတော်ကပ်လှူပါ။

**ကံကောင်းဒေဗယ်ဂဏန်း** - ၈ ဂဏန်း၊ ၂ ဂဏန်းနဲ့ ၄ ဂဏန်းတွေကိုအားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ကလေးပြောတာကို နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ မလုပ်ချင်တဲ့အလုပ်တွေ ကြုံလာရတတ်တဲ့နေ့ပါပဲ။

**ဗုဒ္ဓဟူးနေ့(၁၀-၈-၂၀၁၆)**

**ကံကောင်းဒေဗယ်အရောင်** - အနီရောင်၊ အညိုရောင်

**ကံကောင်းဒေဗယ်အလှူ** - ကိတ်မုန့်နဲ့ ကော်ဖီ ဆွမ်းတော်ကပ်လှူပါ။

**ကံကောင်းဒေဗယ်ဂဏန်း** - ၉ ဂဏန်း၊ ၂ ဂဏန်းနဲ့ ၀ ဂဏန်းတွေကိုအားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဘုရားခန်းမာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ခရီးကံကောင်းတဲ့နေ့ပါပဲ။

**ကြာသပတေးနေ့(၁၁-၈-၂၀၁၆)**

**ကံကောင်းဒေဗယ်အရောင်** - ရွှေရောင်၊ အဖြူရောင်၊ အဝါရောင်

**ကံကောင်းဒေဗယ်အလှူ** - ဘုရားမှာရွက်လှ ၁၀ ညွှန့်လှူပါ။

**ကံကောင်းဒေဗယ်ဂဏန်း** - ၁ ဂဏန်း၊ ၄ ဂဏန်းနဲ့ ၈ ဂဏန်းတွေကိုအားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် သစ်ပင်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အပြောင်းအလဲတွေ လုပ်သင့်တဲ့နေ့ပါပဲ။

**သောကြာနေ့(၁၂-၈-၂၀၁၆)**

**ကံကောင်းဒေဗယ်အရောင်** - အစိမ်းရောင်၊ ငွေရောင်၊ အဖြူရောင်

**ကံကောင်းဒေဗယ်အလှူ** - ဘုရားမှာ နှင်းဆီပန်း ၉ ပွင့်လှူပါ။

**ကံကောင်းဒေဗယ်ဂဏန်း** - ၂ ဂဏန်း၊ ၉ ဂဏန်းနဲ့ ၀ ဂဏန်းတွေကိုအားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် တံခါးမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ဆုံးဖြတ်ရခက်တာတွေ ကြုံရတတ်တဲ့နေ့ပါပဲ။

**စနေနေ့(၁၃-၈-၂၀၁၆)**

**ကံကောင်းဒေဗယ်အရောင်** - ခရမ်းရောင်၊ ကြက်သွေးရောင်

**ကံကောင်းဒေဗယ်အလှူ** - နွားနို့နှင့်ပေါင်မုန့်ဆွမ်းတော်ကပ်လှူပါ။

**ကံကောင်းဒေဗယ်ဂဏန်း** - ၃ ဂဏန်း၊ ၇ ဂဏန်းနဲ့ ၈ ဂဏန်းတွေကိုအားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် ဝင်လာတဲ့ဖုန်းကို နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ မရေမရာတွေ များတတ်တဲ့နေ့ပါပဲ။

**တနင်္ဂနွေနေ့(၁၄-၈-၂၀၁၆)**

**ကံကောင်းဒေဗယ်အရောင်** - အဝါရောင်၊ ရွှေရောင်၊ အဖြူရောင်

**ကံကောင်းဒေဗယ်အလှူ** - ဘုရားမှာ ပေါင်မုန့် ၁၂ ချပ် လှူပါ။

**ကံကောင်းဒေဗယ်ဂဏန်း** - ၄ ဂဏန်း၊ ၈ ဂဏန်းနဲ့ ၀ ဂဏန်းအစ၊

ဒီနေ့ကံကောင်းချင်ရင် ဓါတ်ပုံတစ်ပုံမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ တစ်ခုခုကို အပိုင်ဆုံးဖြတ်သင့်တဲ့နေ့ပါပဲ။

**တနလ်းနေ့(၁၅-၈-၂၀၁၆)**

**ကံကောင်းဒေဗယ်အရောင်** - အဝါရောင်၊ ငွေရောင် **ကံကောင်းဒေဗယ်အလှူ** - အုန်းညွှန့် ၁၃ ညွှန့်၊ ဘုရားမှာလှူပါပါ။

**ကံကောင်းဒေဗယ်ဂဏန်း** - ၅ ဂဏန်း၊ ၃ ဂဏန်းနဲ့ ၄ ဂဏန်းတွေကိုအားပြုပါ။

ဒီနေ့ကံကောင်းချင်ရင် စာအုပ်စင်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ညီနိုင်းရခက်သူတွေနဲ့ ပြေလည်သွားနိုင်တဲ့နေ့ပါပဲ။

သဇွေမမွာ
ဇင်ယော်နိ

# Samsung Note 7 ကို ယခုလ ၂၁ရက်တွင် ပြည်တွင်း၌ စတင်ရောင်းချမည်

နှစ်ပေါင်းများစွာကြာပြုလုပ်သည့် Note 7 မိတ်ဆက်ပွဲဦးအခမ်းအနားတွင် ပိုင်းပိုင်းခမ်းလှိမ့်

နယူးယောက်မြို့တွင် သြဂုတ်လ ၂ ရက်၌ စတင်မိတ်ဆက်ခဲ့သည့် ဆမ်ဆောင်းဂလက်ဆိုးပေါ်ထုတ်ကုန်သစ် Note 7 Smart Phone ကိုပြည်တွင်း၌ ယခုလ ၂၁ရက်တွင်စတင်ရောင်းချသွားမည်ဖြစ်ကြောင်း သြဂုတ်လ ၅ရက်ကသိရသည်၊

**အဆိုပါဖုန်း၌ ရန်ကုန်နှင့်မန္တလေးနှစ်မြို့စလုံးတွင် တစ်ပြိုင်နက်ရောင်းချသွားမည်ဖြစ်ပြီး** ယခင် S 7 edge ရောင်းချသကဲ့သို့ ဦးရာလူစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ " Note 7 ကို အရစ်ကျစနစ်နဲ့ဝယ်ယူလိုတဲ့သူတွေအတွက် ကမ္ဘာ့ဈေးကွက်နဲ့ချိတ်ဆက်ပြီး ရောင်းချပေးသွားမှာပါ။ **အရောင်ကတော့ သုံးမျိုးရရှိနိုင်မှာဖြစ်တယ်၊** စတင်ရောင်းချတဲ့ နေ့မှာ **ဆမ်ဆောင်းစမတ်တီဗီအလုံး ၅၀၀ကို ဝဲဇောက်ပေးမှာဖြစ်ပြီး လက်ဆောင် ပစ္စည်း ကျပ်ရှစ်သောင်းဖိုးကိုလည်း ထည့် သွင်းပေးသွားမှာဖြစ်ပါတယ်"**ဟု ဆမ် ဆောင်းမြန်မာမှ ဟာပန်ရှိုသူတစ်ဦးက ပြောသည်၊

Note 7 ကို ကျပ်ကိုးသိန်းနှစ်သောင်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်ဖြင့် မျှတမှုရှိသူများအနေဖြင့် သြဂုတ်လ ၅၅ရက်မှ ၁၈ရက်အထိ ကြိုတင်စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ Snow

# မြန်မာရှိ MPU နည်းပညာပိုင်းကို ပိယက်နမ်နည်းပညာအကူအညီဖြင့် အဆင့်မြှင့်မည်

**မြန်မာငွေပေးချေရေး ဝန်ဆောင်မှုအဖွဲ့(MPU)၏နည်းပညာပိုင်းဆိုင်ရာများကို ဝီယက်နမ်နည်းပညာ ကုမ္ပဏီနှင့် ဝီယက်နမ်ငွေပေးချေရေးအဖွဲ့တို့ အကူအညီဖြင့် အဆင့်မြှင့်တင်ဇဆောင်ရွက်သွားမည်ဖြစ်ကြောင်း** MPU မှအမှုဆောင်အရာရှိချုပ်ဦးဇော်လင်းထွဋ်က သြဂုတ်လ ၅ရက်က ပြောသည်။

**ပိုမိုကောင်းမွန်လာမည်**

ယင်းသို့ပူးပေါင်းဆောင်ရွက်ရာတွင် ဝီယက်နမ်အခြေစိုက်နည်းပညာကုမ္ပဏီဖြစ်သော FPT က ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲနှင့် အခြားနည်းပညာဆိုင်ရာများ ထောက်ပံ့ပေးမည်ဖြစ်ပြီး ဝီယက်နမ်ငွေပေးချေရေးအဖွဲ့ (NAPAS)က ပူးတွဲရင်းနှီးမြှုပ်နှံသူအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။"MPU ရဲ့လက်ရှိစနစ်ကို အမေရိကန် နည်းပညာကို သုံးစွဲပြီး အဆင့်မြှင့်ဖို့အတွက် သဘောတူလက်မှတ်ရေးထိုးထားကာပါ။ ဒါကွေကို တဖြည်းဖြည်းချင်းလုပ်သွားမယ်၊ နောက်ပိုင်းအသုံးပြုမှုတွေပိုမိုကောင်းမွန်လာမှာပါ"ဟု ၎င်းကပြောသည်။

နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ခြင်း ပထမအဆင့်အဖြစ် ၂၀၁၇ နှစ်စတွင် စတင်လုပ်ဆောင်လည်ပတ်နိုင်မည်ဖြစ်ကာ ယင်းစီမံကိန်း ကာလအတွင်း MPU အနေဖြင့် ငွေပေးချေရေးဝန်ဆောင်မှုဆိုင်ရာများကို ဒေသာင်မြင်စွာ အကောင်အထည် ဖော်နိုင်မည်ဟုဖြစ်ကြောင်းသိရသည်။

**အခက်ကြုံနေ**

လက်ရှိတွင် **ပြည်တွင်းဘဏ် ၂၃ ခု အဖွဲ့ဝင်အဖြစ် ပါဝင်သော မြန်မာငွေပေးချေရေးဝန်ဆောင်မှုအဖွဲ့ (MPU)** သည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကာ အခြေခံအဆောက်အအုံ ပြည့်စုံခြင်းမရှိ၍ ကတ်အသုံးပြုသူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးရန် အခက်ကြုံနေကြောင်း သိရသည်။ **ယခုအခါ MPU ကတ်ကို အလိုအလျောက် ငွေထုတ်စက် (ATM) ၂၀၀၀ ကျော်နှင့် အရောင်းဆိုင် (POS) ၆၀၀၀ ခန့်တွင် ငွေသားအစား ကတ်ဖြင့် အသုံးပြုနိုင်ပြီး** နောက်ပိုင်းတွင် ကတ်အသုံးပြုစနစ် ပိုမိုတွင်ကျယ်လာမည်ဖြစ်ကြောင်းသိရသည်။ **မိုန်းဝင်းထိုက်**

www.free4reader.com



# အမြင့်ပေ ၄၆၀၀ ရှိ တောင်စောင်းတွင် ပတ်ဆောက်ထားသည့် ဖန်လျှောက်လမ်း

တရုတ်နိုင်ငံတောင်ပိုင်း တိဗက်မန်တောင်၏ အမြင့်ပေ ၄ ၆၀၀ ရှိတောင်စောင်းများတွင် ဖန်လျှောက်လမ်းကျဉ်းလေးကို ပတ်ဆောက်ထားပြီး ယင်းလျှောက်လမ်းကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်၊ ခရီးသွားများကို ကျယ်ပြောလှသည့် သဘာဝရှုမျှော်ခင်းများနှင့် ဆွဲဆောင်နိုင်ရန်အလို့ငှာ တရုတ်က ထိုသို့ ဖန်လျှောက်လမ်းများကို ဆောက်လုပ်လာခြင်းဖြစ်သည်၊

ယခုဖန်လျှောက်လမ်းမှာ တတိယမြောက်လျှောက်လမ်းဖြစ်သည်၊ ယခု လျှောက်လမ်း စတင်ဖွင့်လှစ်ကတည်းကစကာ လူအများအပြားလာရောက်ကြပြီး သတ္တိစမ်းကြသည်၊ အချို့ သတ္တိအလွန်ကောင်းသူများကမူကလေးကိုပင် ချိကာ ယင်းလမ်းကို လျှောက်ကြသည်၊ ထိုလျှောက်လမ်းသည် **အရှည် ၈၀ ၃၃၀ ရှိပြီး အကျယ် ၁၊၈၀သာရှိသည်၊ ကြမ်းပြင်မှာ ဖန်အကြည်ဖြစ်သည့် အတွက် အောက်မှ စိမ်းစိမ်းစိုစိုရွှေစင်းကို ထိုလမ်းပေါ်မှအားပါးတရ ကြည့်ရှုခံစားနိုင်မည်** ဖြစ်သည်၊

**(CCTV, 5.8.16) ဂျယ်ရီ**

# ရှည်လျားလှသော ဆံပင်ပိုင်ရှင် အမျိုးသမီးများ အများဆုံးရှိသည့် ရွာ

တရုတ်နိုင်ငံ၊ ဂွမ်စီရွှေအန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟောင်လူရွာလေးသည် **ရှည်လျားလှသည့် ဆံပင်ပိုင်ရှင် အမျိုးသမီးများ အများဆုံးရှိရာရွာအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်သည်၊** ယိုတိုင်းရင်းသူများသည် ဆံပင်ရှည်လျှင် ဂုဏ်ကျက်သရေရှိသည်ဟု ယုံကြည်သဖြင့် ထိုသို့ ဆံပင်အရှည်ထားကြခြင်းဖြစ်သည်၊

ၾကင်းတို့သည် **တစ်သက်လျှင် တစ်ဖါသာ ဆံပင်ညှပ်ကြသည်၊ ၎င်းတို့ ဆံပင်ညှပ်သည့်အချိန်မှာ အသက် ၁၈ နှစ်အရွယ်တွင်ဖြစ်သည်၊** အမျိုးဖြစ်သည့်အတိုင်း အမှတ်အနေဖြင့် ၎င်းတို့က ဆံပင်ညှပ်ပြီး ထိုနောက်ပိုင်းတွင်မူ ဆံပင်ကို တစ်သက်လုံး အရှည်ထားတော့သည်၊ ယင်းရွာတွင် ယိုတိုင်းရင်းသား၊ တိုင်းရင်းသူပေါင်း ၄၀၀ ရှိသည်၊ ထိုတိုင်းရင်းသူများအနက် တိုင်းရင်းသူ ၆၀ ခန့်မှာ သုံးပေကျော်ရှိသည့် ဆံပင်ရှိကြသည်၊ **တစ်ရွာလုံးတွင်ဆံပင်အရှည်ဆုံးအဖြစ် သတ်မှတ်ခံထားရသူ အမျိုးသမီးမှာမူ ဆံပင်အရှည် ၆နှစ်ပေ** ရှိသည်၊ **(CCTV, 6.8.16) ဂျယ်ရီ**

www.free4reader.com



# ငါးမိုင်ကျော်သာရှိသော ကမ်းနားလမ်းသစ်မှ တစ်နှစ်လျှင် ပျမ်းမျှ ကျပ်သန်း ၃၀၀၀ ခန့် ဖြတ်သန်းခ ကောက်ခံရရှိနေ

ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းစေတီတို့ တစ်နေ့တာရိုက်ကူးနေကြစဉ်

ဇိလံတဖောင်ဖြို့နယ် သန်လျက်ခွန်းမှ ကြည်ပြင်တိုင်ဖြို့နယ် ဟုံးလမ်းအထိ ဖောက်လုပ်ထားသော ငါးမိုင်ကျော်ရှိသည့် **ကမ်းနားလမ်းသစ်လမ်းဖြတ်သန်းခအဖြစ် တစ်နှစ်လျှင်ပျမ်းမျှ ကျပ်သန်းပေါင်း ၃၀၀၀ ခန့်ကို ကောက်ခံရရှိနေကြောင်း** သတင်းရရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်၏ သြဂုတ်လ ၄ ရက်က ပြည်သူ့လွှတ်တော်၌ ဖြေကြားချက်အရ ယင်းကဲ့သို့ တွက်ချက်သိရှိရခြင်းပေးဉီး ဖြစ်သည်။ ကမ်းနားလမ်းသစ်ကြီးသည် ၅ ဒသမ ဝမ၉ ပိုင်ရှည်လျားပြီး တစ်ဖက်လျှင် ယာဉ်သွားလမ်းနှစ်လမ်း၊ ဝီးရထားလမ်း တစ်လမ်းတို့ကိုပါ ထည့်သွင်းတည်ဆောက်ထားသော ၅၂ မေကျယ်သည့်လမ်းဖြစ်ကြောင်း၊ ယင်းလမ်းကို **Virtue Land(ဗောင်းမြတ်သောမြေကုမ္ပဏီ)က ကုန်ကျငွေအား၎င်း ဝိုက်ထုတ်၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူ BOT စနစ်ဖြင့် ဝင်ငွေအပေါ်တွင် အကျိုးအမြတ်ခွဲဝေ၍ ဆောင်ရွက်ခွင့်ပြုရန်** ၁၃-၂-၂၀၁၃ ရက်၌ ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (၇/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးက ခွင့်ပြုချက်အမှတ်၊ ယနသ-၈၈၈/၂၀၁၃ နှင့် ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ယင်းခွင့်ပြုချက်အရ၊ ကြေညာချက်ဌာပိုင်နှုန်းကို ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ လမ်းဖြတ်သန်းခငွေကောက်ခံမှုအဖြစ် ၁၄ ပေနှင့်အောက် ယာဉ်တစ်စီးလျှင်ကျပ် ၁၅၀၀ နှုန်း၊ တန် ၂၀ နှင့် အထက်ကုန်တင်ယာဉ်တစ်စီးလျှင် ၄၀၀၀ နှုန်းနှင့် နံနက် ၆ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအထိ ၂၄ နာရီအတွင်း ယာဉ်တစ်စီးလျှင် တစ်ကြိမ်သာ ကောက်ခံပြီး ဖြတ်သန်းခွင့်ပြုခြင်းကို ၁-၄-၂၀၁၃ ရက်မှစတင်ခဲ့ခြင်းဟု သိရသည်။

ယင်းကဲ့သို့ ကောက်ခံရရှိမှုထဲမှ ၅၅ ရာခိုင်နှုန်းဖြစ်သည့်ကျပ် ၁၄၁ ဒသမ ၁၄၉ သန်းကို ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် မြို့တော်စည်ပင်သို့ ပေးသွင်းခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွက်ကျပ် ၁၅၂ ဒသမ ၁၁၄ သန်းကိုလည်း ပေးသွင်းခဲ့ပြီးပြီဖြစ်ကြောင်း သိရကာ ဘဏ္ဍာနှစ် နှစ်ခုစာအတွက် ကျပ် ၂၉၃ ဒသမ ၂၆၄ သန်းရရှိခဲ့ပြီဟုသိရသည်။

ယင်းစာရင်းဇယားများအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီဘက်က ကောက်ခံရရှိငွေမှာ ကျပ် ၂၈၂၂ ဒသမ ၉၈ သန်း ကောက်ခံရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၄-၁၅ အတွက် ကျပ် ၃၀၄၂ ဒသမ ၂၈ သန်းကောက်ခံရရှိခဲ့ခြင်းမျိုးဖြစ်နေကြောင်းလည်း တွက်ချက်သိရှိရသည်။

အေဝိုင်အီး

# ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ်နေသည့် မူဆယ်အတွက် မြို့ရှောင်လမ်းဖောက်ရေး လမ်းအူကြောင်းပေါ်မှ ဒေသခံများ၏ ခွင့်ပြုချက်ရရန် ညှိနှိုင်းနေ

ကရုက်နှင့် နယ်စပ်ကုန်သွယ်ရေးအဓိကဂိတ်ပေါက်ဖြစ်သောမူဆယ်မြို့တွင် ကုန်တင်ကား အဝင်အထွက်များကြောင့် ယာဉ်ပိတ်ဆို့မှုများဖြစ်ပေါ်နေပြီး ယင်းကိုဖြေရှင်းမည့် မြို့ရှောင်လမ်းဖောက်မည့်ဧရိယာမှ စိုက်ခင်းများနှင့် ဘုန်းကြီးကျောင်း အဆောက်အအုံများကို စနစ်တကျရွှေ့ပြောင်းနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြဧလိုကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

ဩဂုတ်လ ၄ ရက် ပြည်သူ့လွှတ်တော်တွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားလိုက်ခြင်းဖြစ်ပြီး **မြို့ရှောင်လမ်းအတွက် ပျက်စီးမှုအနည်းဆုံးဖြစ်နိုင်ခြေနေရာကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း**လည်း ဆိုသည်။ မူဆယ်မြို့တွင် မတန်တဆများပြားလာသည့် ယာဉ်သွားလာမှုများကြောင့် မြို့တွင်း၊ မြို့ပြင်များကွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး ဝိုင်းယု ၁၀၅ ဝိုင် **ကုန်စည်စီးဆင်းရေးဂိတ်မှ မန္တိန်း-ကျယ်ကောင် နယ်ခြားစစ်ဆေးရေးဂိတ်၏အောက်ဘက်တစ်နေရာသို့ မူဆယ်မြို့ရှောင်ကွင်းလမ်းကို သက်ဆိုင်ရာက ဖောက်လုပ်ပေးစေလိုကြောင်း** လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်က မေးမြန်းခဲ့ခြင်းလည်းဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် မူဆယ်မြို့ကွင်ရှိသည့် ယန္တလေး-လားရှိး- မူဆယ်-ဝန်းဓမော်-မြစ်ကြီးနားလမ်း ဝိုင်းယု Toll Gate မှ မူဆယ်မြို့သို့ မူဆယ်မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ရန်ကွင်းဆင်းဟိုင်းတာမှုများ လုပ်ဆောင်ထားကြောင်း၊ **မြို့ရှောင်လမ်း၏ အရှည်မှာ ၁၁ မိုင်ရှည်လျားပြီး** ရွေးချယ်ထားသည့် လမ်းအူကြောင်းတွင် ဝိုက်ပျိုးမြေများ စုစုပေါင်း ၁၀၈ ဒသမ ၂၆၁ ဧကနှင့်အတူ ဧရိယာနှစ်ကန်၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်း အပါအဝင် အဆောက်အအုံ ၅၄ လုံးပါဝင်နေသည်ဟု သိရသည်။ ယင်းအခြေအနေကြောင့် သက်ဆိုင်သူများနှင့် ဝန်ကြီးဌာနတို့အကြားညှိနှိုင်းမှုများ ပြုလုပ်နေရဆဲပင်ဖြစ်သည်။

အေဝိုင်အီး

# ရန်ကုန်မြို့ ဟန်ချက်ညီဖွံ့ဖြိုးရေးအတွက် မြို့စွန်မြို့နယ်များကို တိုးတက်မှုရှိစေရန် ဆောင်ရွက်သင့်

ရန်ကုန်မြို့ ဟန်ချက်ညီဖွံ့ဖြိုးရေးအတွက် မြို့စွန်မြို့နယ်များကိုပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်ပြီဖြစ်သောကြောင့် မြို့စွန်မြို့နယ်များဖြစ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဗိုလ်ချုပ်ဆောင်ရန် လိုအပ်လာသဖြင့် မြို့ပြနှင့်အတူကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ပြိုင်တည်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သြဂုတ်လ ၅ ရက်ကသိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ၂၀၄၀စီမံကိန်းကို အခြေခံ၍မြို့သစ်ခုနှစ်မြို့နယ်ကိုးခု၊ ရန် ဗီဝံဆောင်ရွက်လျက်ရှိပြီး **ထန်းတပင်မြို့သစ်စီမံကိန်း**ကို ကုလသမဂ္ဂနှင့်ပူးပေါင်း၍ ရေးဆွဲလျက်ရှိကြောင်း သိရသည်။ ''မြို့ပြဖွံ့ဖြိုးမှုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးမှုဟာလည်း ဆက်စပ်နေတဲ့အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ ရေးဆွဲသလို ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေကြပါတယ်။ ကျေးလက်နဲ့မြို့ပြတစ်ပြေးညီဖွံ့ဖြိုးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကျေးလက်နေသူတွေဟာမြို့ပေါ်ကို ပြောင်းရွှေ့နေထိုင်မှုနည်းပြီး မြို့ပြနဲ့လုပ်ငန်းဆောင်တာတွေ နည်းသွားလို့ လုပကောင်းမွန်တဲ့မြို့တွေအဖြစ်ရပ်တည်နိုင်မှာဖြစ်ပါတယ်'' ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်ဖြေစီပံခန့်ခွဲမှုပညာရှ ပညာနဲ့ခွဲမှု၊ ဒေါ်စောစန္ဒာဦးကပြောသည်။

ရန်ကုန်မြို့စွန်မြို့ဖျားများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ကက်ဂျက်လိုအပ်ချက်ရှိပြီး **ရန်ကုန်တိုင်းဒေသကြီးအတွက် စုစုပေါင်းသုံးခွဲဝရိတ်ကျပ်ဘီလျံ ၄၀၏၁၅ရာခိုင်နှုန်းကို မြို့စွန်ရှိမြို့နယ် ၁၂မြို့နယ်ခွဲဖွံ့ဖြိုးတိုးတက်ရေးအတွက် လျာထားကြောင်း** ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့ကြောင်း သိရသည်။ **Snow**

# ကန်တော်ကြီးဥယျာဉ်အတွင်း နိုင်ငံတကာအဆင့်မီ ရေအောက်ငါးကမ္ဘာစီမံကိန်း MIC မှ ခွင့်ပြုချက်ရရှိ

ရန်ကုန်မြို့ **ဗဟန်းမြို့နယ်ရှိကန်တော်ကြီးရေရှိငါးဥယျာဉ်တွင် တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီရေအောက်ငါးကမ္ဘာစီမံကိန်းအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း** သြဂုတ် ၅ ရက်က သိရသည်။

တို့ဘို့နိုင်ငံတကာအဆင့်မီ ရေအောက်ငါးကမ္ဘာတည်ဆောက်ခြင်းနှင့် ပြသခြင်းဝန်ဆောင်မှုလုပ်ငန်းကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်အတွက် MIC ၏ ၁၄/၂၀၁၆ ကြိမ်မြောက်အစည်းအဝေးက ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် **Myanamr Aquariums Co.,Ltd.** က တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါကုမ္ပဏီသည် ရေအောက်ငါးကမ္ဘာစီမံကိန်းအတွက် ပြီးခဲ့သည့်အစိုးရလက်ထက်ကပင် စတင်ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄/၂၀၁၆တွင် ရေအောက်ငါးကမ္ဘာစီမံကိန်းအပါအဝင် Sewell Garment Myanmar Industrial ကုမ္ပဏီကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် **လှိုင်သာယာမြို့နယ် ၎၄ပင်လယ်စက်မှုဇုန်၌ CMP ဝန်ဆောင်မှုဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း**၊ Marga Global Telecom Limited ကိုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် **ဒဂုံမြို့သစ်အရှေ့ပိုင်းတွင် Data Center & Wireless Internet Services** လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**Snow**

# အသင်းချုပ်ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံရေး မဆုံးဖြတ်ရသေးဟု ဦးဝင်းအောင် ပြော

စက်တင်ဘာလတွင် ကျင်းပရမည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် CEC၊ EC များ ရွေးချယ်ရာတွင် **ဥက္ကဋ္ဌနေရာအတွက် ထပ်မံယှဉ်ပြိုင်ရန် လက်ရှိအချိန်အထိ ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း** အသင်းချုပ်၏လက်ရှိဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

အသင်းချုပ်၏ ရွေးကောက်ပွဲကို စက်တင်ဘာလအတွင်း ကျင်းပသွားရန် CEC ဘုတ်အဖွဲ့က သဘောတူထားပြီးဖြစ်ကာ **ရွေးကောက်ပွဲကော်မရှင်ကိုပါ ဖွဲ့စည်းပြီးနေဖြစ်ကြောင်းလည်း** သိရသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍာတွင် အကြီးမားဆုံးအဖွဲ့အစည်းကြီး၏ ရွေးကောက်ပွဲကို ဒီဇိုက ရေဒီစ်ရှင်းပွားနှင့်အညီ ပွင့်လင်းမြင်သာစွာဆောင်ရွက်ပေးနိုင်ရေးအတွက် စီးပွားရေးအသိုင်းအဝိုင်းက တောင်းဆိုမှုပြင့်မားလာနေကြောင်းလည်း သိရသည်။

''စက်တင်ဘာလ ၁၇ ရက်မှာတော့ ရွေးကောက်ပွဲ လုပ်မယ်လို့တော့ ဒီစဉ်ထားတယ်။ UMFCCI ရဲ့ လူမှုကွန်ရက်မှာတော့ ပွင့်ပွင့်လင်းလင်းပဲ အပြည့်အစုံကြေညာထားပြီးပါပြီ'' ဟု ဦးဝင်းအောင်က ပြောသည်။

လက်ရှိဥက္ကဋ္ဌဖြစ်သူ ဦးဝင်းအောင်အနေဖြင့် အသင်းချုပ်၏ **ဥက္ကဋ္ဌတာဝန်ကို နှစ်ကြိမ်ဆက်ထမ်းဆောင်ခဲ့ပြီးပြီဖြစ်သော်လည်း ၂၀၁၃ ခုနှစ်မိုးရွာကောက်ပွဲမှစ၍ အသစ်ပြောင်းလဲလိုက်သော စည်မျဉ်းစည်းကမ်းများအရ ဥက္ကဋ္ဌသက်တမ်းနောက်ထပ်တစ်ကြိမ်ကို ထပ်မံယှဉ်ပြိုင်ခွင့်ရှိနေကြောင်းလည်း** သိရသည်။

''အဲဒီကိစ္စကတော့ အဲသင်းကလူတွေလည်းရှင်းပြထားပြီးပါပြီ၊ ပြီးချင်တဲ့ဆန္ဒရှိရင်တော့ ပြိုင်ခွင့်ရှိနေပါသေးတယ်။ ပြန် လည်ရွေးကောက်ခံမလားဆို တာကတော့ခုထိကျနော်ဘာမှ မဆုံးဖြတ်ရသေးပါဘူး၊ **အနားနီးရင်တော့ ပြောမှာပါ၊ ကျနော်တော်ကြိုပြီးပြောတာမျိုးမလုပ်ချင်ဘူး**'' ဟု ဦးဝင်းအောင်က ဆက်လက်ပြောကြားသည်။

China.com myanmar ၏ဖော်ပြချက်တွင် ဆန်စပါးအသင်းချုပ်မှ ဦးစုခိုင်က လက်ရှိ UMFCCI ၏ အသင်းအဖွဲ့ စည်းမျဉ်းကို အများသဘောဖြင့် ပြင်ဆင်ဖေလိုပြီး စီးပွား/ကူးသန်းဝန်ကြီးဌာနလည်း ကြေးကြေပေးဖေလိုကြောင်း သို့မဟုတ်ပါက ရာသက်ပန်ကုလားထိုင်တိုင်လိုသူများသာလျှမ်းမိုးသွားမည့် အပည်ခံရွေးကောက်ပွဲသာ ဖြစ်လိမ့်မည်ဟု ဆိုသည်။ **အေဝိုင်အီး** (သတင်း၊ ဓာတ်ပုံ)

www.free4reader.com



# ရခိုင်တွင် နစ်စဉ်ရေကြီးမှုများကြောင့် နေအိမ်၊ အဆောက်အအုံများကို ယခင်ထက်ပိုမြင့်ကာ ဆောက်လုပ်လာ

ရခိုင်ပြည်နယ်တွင် နစ်စဉ်ရေကြီးမှုများကြောင့် နေအိမ်၊ အဆောက်အအုံများအား ယခင်ထက်ပိုမြင့် ဆောက်လုပ်လာကြကြောင်း ဒေသခံများထံမှ သိရှိရသည်။

ရခိုင်ပြည်နယ်တွင် နှစ်စဉ်လိုလို ရေကြီးမှုဒဏ်ခံစားနေရခြင်းကြောင့် **မင်းဘြား၊ ပြောက်ဦးနှင့် ကျောက်တော်မြို့နယ်မှ ဒေသခံများအနေဖြင့်** ယခင်ထက် ၎င်းတို့၏ နေအိမ်များအား ပိုမြင့်ကာ ဆောက်လုပ်နေကြခြင်း ဖြစ်သည်။

**''အခုအိမ်တွေကို ပိုမြင့်ပြီးဆောက်နေကြရတယ်၊ အိမ်ဝင်းတွေကို မြေဖို့နေကြတယ်၊** အဓိကအချက်က ရေကြီးတာကြောင့်ပါ။ အခြားမီးလိုလို ပိုးတွင်းရောက်ကိုင်း ရေကြီးနေတာပို့ အိမ်နှိမ့်နိမ့်လေးတွေနဲ့ ဘယ်လိုမှ နေလို့အဆင်မပြေတော့ပါဘူး''ဟု မင်းပြားမြို့နယ်၊ ပြင်ယောင်းကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး ဦးတွန်းသောင်းက ပြောသည်။

ရခိုင်ပြည်နယ်ရှိ မင်းပြား၊ ပြောက်ဦးမြို့များအပါအဝင် ကုလားတန်ပြစ်၊ လေးမြို့မြစ်၊ ဖုံသာချောင်း၊ ပန်းပြောင်းကြီးချောင်း၊ အမ်းချောင်း၊ ဒလက်မျောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် ပိုမို ဆောက်လုပ်လာကြခြင်းဖြစ်သည်။

''တိုက်အဆောက်အအုံတွေဆိုရင်လည်း ဆောက်ခြေဖောင်းဒေးရှင်းကို အိမ်ရှင်တွေက ပိုမြင့်ဆောက်လာကြတယ်၊ ခြေတံရှည်အိမ်တွေကို အောက်ခြေမြေသားကနေ ကြမ်းခြင်းအရောက် အမြင့်ဆုံးအနေနဲ့ ရှစ်ပေအထိ ပိုဆောက်လာကြဟယ်၊ ပုံမှန်အတိုင်းဆိုရင် ငါးပေလောက်ပဲ ဆောက်ကြတာပါ။ အခုမြစ်ချောင်းကမ်းနံဘေး မြေနိမ့်ပိုင်းက အိမ်တွေကိုပို အမြင့်ဆောက်လုပ်နေကြတယ်''ဟု ပြောကြဦးမြို့မှ လက်သမားဆရာ ဦးစောသောင်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ် အတွင်း ပြည်နယ်တောင်ပိုင်းတွင် တစ်ကြိမ်နှင့် မြောက်ပိုင်းတွင် တစ်ကြိမ် ဖရလွမ်းမိုးမူဆိုးမုန်တိုင်းမြစ်ကြောင်းတစ်လျှောက် ကျေးရွာ ဒေသခံများ ပိုမိုခက္ခရောက်ခဲ့ရကြောင်း သိရသည်။

ပန်လှအောင် (မြစ်မဝ)

# တရုတ်နိုင်ငံထုတ် အဝတ်အထည်များ အိန္ဒိယသို့ တင်ပို့ခြင်းကို နှန်းဟလုံဈေးသူဈေးသားများ ကန့်ကွက်ဆန္ဒထုတ်ဖော်

စစ်ကိုင်းတိုင်းဒေသကြီး၊ အိန္ဒိယ-မြန်မာနယ်စပ်မြို့ဖြစ်သည့် တမူးခရိုင်၊ တမူးမြို့ရှိ နန်းဟလုံဈေးသူ၊ ဈေးသား ၅၀၀ ကျော်မှာ တရုတ်နိုင်ငံထုတ် အဝတ်အထည်များ အိန္ဒိယနိုင်ငံတွင်းသို့ အလုံးအရင်းတင်ပို့သည့် ကယ်ရီသမားများကို ဟားဆီးဖမ်းမိရန် သြဂုတ် လ ၅ ရက်၊ နံနက် ၉ နာရီဝန်းကျင် ဆန္ဒဖော်ထုတ်ကောင်းဆိုခဲ့ကြောင်း သိရှိရသည်။

''အခုလိုကန့်ကွက်ရတာက ဒေသအာဏာပိုင်တွေအနေနဲ့ ကယ်ရီသမားတွေကို တားဆီးပေးဖို့ ဘါမှမဟုတ် တခြားလမ်းကြောင်းကို စီစဉ်ပေးဖို့၊ နန်းဟလုံဈေးကို ခုတုံးလုပ်ပြီး ကယ်ရီပို့ပေးနေတော့ ဈေးသူဈေးသားတွေ နစ်နာမှုရှိပါတယ်၊ **အဲဒီကယ်ရီသမားတွေက တရုတ်ကုန်ပစ္စည်းတွေကို အိန္ဒိယကုန်သည်တွေဆီ တိုက်ရိုက်ယူပို့ပေးနေတော့ အိန္ဒိယဘက်က နန်းဟလုံဈေးထဲမှာ ဈေးလာဝယ်မှုမရှိတော့ဘူး၊ ငုတ်တုတ်ထိုင်နေရပြီး ဈေးဖွင့်ရတာ အလကားဖြစ်သွားတော့တာပေါ့**''ဟု နန်းဟလုံဈေးမှ ဆန္ဒပြသူ ကိုရာမူးက ပြောသည်။

နန်းဟလုံဈေးသူဈေးသားများသည် တမူးမြို့မ ရဲစခန်းသို့ တရားဝင်ခွင့်ပြုချက်တင်၍ တမူးမြို့၊ ခြင်္သေ့ လေးကောင်နေရာမှ တမူးမြို့ဧဘာလုံးကွင်းအထိ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။**နန်းဟလုံဈေးကွင် ယခင်ကအိန္ဒိယနိုင်ငံတက်သို့ ပစ္စည်းများသယ်ယူပါက တစ်နိုင်တစ်ပိုင်သယ်ယူခွင့်သာ ခွင့်ပြုခဲ့သော်လည်း နိုင်ငံတော်မှ စီးပွားရေးလုပ်ငန်းများဖြေလျှော့ပေးချိန်တွင် အဝတ်အထည်များကို ၂၈၁၆ ခုနှစ်၊ ဖွန်လမှစ၍ တရားဝင်တင်သွင်းခွင့်ဥပဒေပြဋ္ဌာန်းပေးခဲ့ခြင်းကြောင့် တရုတ်နိုင်ငံမှ အဝတ်အထည်များကို အလုံးအရင်းဖြင့် တင်ပို့လာကြောင်း** တမူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

''အဝတ်အထည်တွေကို အလုံးအရင်းနဲ့ တင်သွင်းခွင့်ပြုခဲ့ပါတယ်။ အရင်းကတင်ပို့တာကို ကန့်သတ်ထားခဲ့တဲ့ပစ္စည်းတွေရှိတယ်။ အလုံးအရင်းနဲ့သွင်းတဲ့သူကွေကို **တစ်ယောက်တည်းအားနဲ့ မယှဉ်နိုင်ရင် အစုအဖွဲ့ကုမ္ပဏီဖွဲ့ပြီး ယှဉ်ကြဖို့ ကျွန်တော်တို့ဘက်က ညှိနှိုင်းအကြံပြုပေးခဲ့တာရှိပါတယ်၊ သို့သော်လည်း သူတို့တက်ကလက်မခံခဲ့ဘူး၊ ဈေးရှိုးစွဲအတိုင်း ကိုယ့်ဆိုင်ရောင်းရရေးကို ဦးတည်ဆောင်ရွက်ချင်နေတယ်၊ ကျွန်တော်တို့ကလည်း ဥပဒေနဲ့ညီနေတဲ့ကိစ္စကို သွားတားလို့မရဘူးဗျ**''ဟု တမူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တရုတ်ကုန်ပစ္စည်းများကို နိုင်ငံတွင်း သုံးဆောင်ရန် မူဆယ်မြို့တွင် အခွန်ဆောင်ထားသဖြင့် တစ်ဂက်နိုင်ငံသို့ဆက်ပို့၍ မရနိုင်ဘဲ၊** ကယ်ရီသမားများက အိန္ဒိယကုန်သည်ကြီးများနှင့် ပူးပေါင်းကာ အဝတ်အထည်များကို အိန္ဒိယဘက်သို့ အလုံးအရင်းတင်ပို့နေသောကြောင့် နန်းဟလုံဈေးမှ ဈေးဗဟောင်းရောသည့် ဈေးသည်များအချင်းချင်း အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ကြောင်း တမူးခရိုင်ရဲစခန်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျော်သူစိုး (မြစ်မဝ)

# UAB နှင့် ADB တို့ ပူးပေါင်းပြီး ကုန်သွယ်မှုကဏ္ဍအတွက် တစ်နှစ်လျှင် ဒေါ်လာလေးသန်း ကူညီမည်

ယူနိုက်တက်အမရာဘက် (UAB) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank -ADB) တို့ ပူးတွဲ၍ **မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာလေးသန်းအထိ ကူညီသွားမည်ဖြစ်ကြောင်း** ၃-စ-၂၀၁၆ ရက်တွင် သိရသည်။

အဆိုပါ လုပ်ငန်းစဉ်အတွက် ADB ၏ အာမခံချက်ဖြင့် ပံ့ပိုးကူညီ ခွင့်ပြုမည့် ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာငွေကြေးသဘော တူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြိုဖြစ်ပြီး အဆိုပါ သဘောတူစာချုပ်သည် **ကမ္ဘာတစ်လွှားရှိဘဏ်ပေါင်း ၂၀၀ ကျော်နှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်နေသော ADB ၏ ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေကြေးဆစီအစဉ် (Trade Finance Program -TFP) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း** သိရသည်။

UAB ၏ CEO ဦးသိန်းလွင်က ''ကမ္ဘာမှာလေးစားမှုခံရဆုံး ငွေကြေးအဖွဲ့အစည်းကြီးတွေထဲက တစ်ခုဖြစ်တဲ့ Asia Development Bank နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်လိုက်တာဟာ မြန်မာနိုင်ငံရဲ့ အခြောင်းအလဲကာလအတွက် အရေးပါတဲ့ မှတ်တိုင်တစ်ခုဖြစ်သလို မြန်မာနိုင်ငံသားတွေအတွက်လည်း များစွာ အကျိုးဖြစ်ထွန်းစေမယ့် အောင်မြင်မှုတစ်ခုလည်းဖြစ်ပါတယ်''ဟု ပြောသည်။

သဘောတူစာချုပ်အရ UAB က ထုတ်ပေးသော ငွေလွှဲစာတမ်း Letters of Credit (LC) များအတွက် အာမခံပေးသည့် Trade Guarantee Facility ကို ADB ကပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ **ဆိုလိုသည်မှာ** UAB က Customer တစ်ဦးကို နိုင်ငံခြားငွေထုတ်ခွင့်စာထုတ်ပေးလိုက်ချိန်တွင် ဧနာက်ကပ် အာမခံချက် သို့မဟုတ် အကာအကွယ်ကို နိုင်ငံခြားအဖွဲ့အစည်း ကဏ္ဍတောင်းခံလာပါက ADB က ထိုအာမခံချက်ကိုပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး (သတင်း၊ တော်ပုံ)

MY WARDROBE
fashion boutique
No.2085(A), LEVEL-1 (Beside Front Escalator),
TAW WIN CENTER, PYAY ROAD, YANGON, MYANMAR.
PH : 09 250012102 WWW.FACEBOOK.COM/ MYWARDROBEMYANMAR

www.free4reader.com



# နှစ်ပေါင်း ၄၀ ကျော် ဂူထဲတွင်နေထိုင်ခဲ့သည့် ခေတ်သစ်ဂူအောင်းလူသား

အာဂျင်တီးနားနိုင်ငံမှ အသက် ၇၉ နှစ်အရွယ် ပီဒရိုလူကာအမည်ရှိသူသည် ၂၁ ရာစုဓာတ်ဂူအောင်းလူသားဖြစ်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်လေးစုလုံး Tucuman ပြည်နယ်အတွင်းရှိ တောင်တန်းများထက် မှဂူကြီးတစ်ခုထဲတွင် နေထိုင်ခဲ့ပြီး ၎င်းစဉ်းကတည်းက သဘာဝတရားကြီးအပေါ်တွင် တစ်ဦးတည်းနေနေခဲ့သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ San Pedro De Colalao မြို့၊ ၎င်းလေးတွင်မွေးဖွားကြီးပြင်းခဲ့ပြီး အသက် ၁၄ နှစ်အရွယ်တွင် ဘိုလီးဗီးယားသို့ သွားကာ ကျောက်ပြားသွေးသယ်သည့် အလုပ်ကို လုပ်ကိုင်ခဲ့ရသည်။ ဇာတိမြေသို့ ပြန်လည်ရောက်ရှိလာသည့်အချိန်တွင် ၎င်းစဉ်က အိပ်မက်ကိုအကောင်အထည်ဖော်ရန်ဆုံးဖြတ်ခဲ့ပြီး တောင်ပေါ်ရှိဂူကြီးတစ်ခုထဲတွင် ၀၁နှစ်ခန့်ကြာသည့် ၈၄.အခါတွင် တောင်တန်းများ၊ပေါ်၌ လှည့်ပတ်သွားလာနေတတ်သော်လည်း ညအချိန်တွင် အခြားသားရဲတိရစ္ဆာန်များကိုကျောင်ရှားရန်အတွက် ကြက် ၁၁ ကောင် နှင့်ဆိတ်နှစ်ကောင်မွေးမြူထားရာဂူသို့ ရောက်အောင်ပြန်လာတတ်သည်။ လူအများစုက ခေတ်မီနည်းပညာများမရှိဘဲ မနေနိုင်ဟုဆိုနေသည့်အချိန်တွင် လူကာက လျှပ်စစ်မီး၊ ဓာတ်ဒွေ့၊ တယ်လီဖုန်း အစရှိသော အခြေခံအသုံးအဆောင်များမရှိဘဲ နေထိုင်နေခြင်းဖြစ်သည်။ လူကာသည် တောင်ပေါ်ကွင်းကစ်ဦးတည်းနေထိုင်သော်လည်း ခွေးသည်များလူသည်၊ ငှင်းဒေသသို့ လာရောက်သည့်ခရီးသွားများက နာမည်ကျော်နေသည့် ဂူအောင်းလူသားကို မြင်တွေ့ခွင့်သောကြောင့် လာရောက်လည်ပတ်လေ့ရှိကြသည်။

(OC,4.8.16) မေဖွန်

# ပြည်မြန်မာ စာအုပ်စင်

မှူးအိမ်ဇင်




## ဆူးခြစ်ရာများ

ဆရာချစ်မင်းအိမ်၏ စာတမ်းစုများဖြစ်သည်၊ နေ၀င်းသိန်းဝုက်နှင့် ဒုက္ခများရည်စက်များ၊ ဒွေးဇင်ရော်အးဟာလမ်း၊ မန္တလေးလမင်းမုံရွာနှင်းဆီ စသော စာတမ်းစု ၁၉ စုပါဝင်သည်၊ သုံးလောကစာပေမှ ၂၀၁၆၊ ဩဂုတ်လ ပထမအကြိမ် ထုတ်ဝေသည်၊ စာနှိုး ၁၀၀၀ ကျပ်။

# ဆိုင်ဆေးဆေးလေးမှာ အလုပ်ဝင်လုပ်နေတဲ့ အမေရိကန်သမ္မတအိုဘားမားရဲ့ သမီးငယ်

အမေရိကန်သမ္မတ အိုဘားမားရဲ့သမီးနှစ်ယောက်ဟာ အိမ်ဖြူစောက်မှာတော့ စားမျိုင်ဟာ စား၊ သူတို့စားချင်တာမှန်သမျှကို မျက်ပြုတ်ပေးမယ့်လူတွေမှ အဆင်သင့်ပါ။ ဒါပေမဲ့ ဒီနှစ်နွေမှာတော့ **အိုဘားမားရဲ့ ၁၅ နှစ်အရွယ် သမီး အငယ်ဟာ သူများကို အစားအသောက် တည်ခင်းရတာဘယ်လိုဆိုတာကို သင်ယူနေရပါပြီ၊ သူက စားသောက်ဆိုင်လေး တစ်ဆိုင်မှာအလုပ်ဝင်လုပ်နေတယ်လေး** မာသာ ဝိုင်းရစ်ဆိုတဲ့ ကျွန်းမှာရှိတဲ့ ဆိုင်လေးမှာသူ အလုပ်ဝင်လုပ်နေတာပါ။ စားသုံးသူဖက် မှာတာကို စာရင်းမှတ်နေကဲ့ သူပုံကိုသတင်းသမားတွေက ဓာတ်ပုံရိုက်သွားတာပါ၊ **အပြင်က ဆိုင်ခုံတန်းမှာတော့ကိုယ်ခံတော်ခြောက်ယောက်က မသိမသာလေး လုံခြုံရေးယူထားကြပါတယ်။** သူမိသားစုက လာမယ့်စနေနေ့ (သြဂုတ်လ ၆ ရက်) မှာ အဲဒီကျွန်းမှာ လာအပန်းဖြေမှာဖြစ်ပါတယ်။ သူက အဲဒီနေ့အထိ ဆိုင်မှာအလုပ်ဆက်လုပ်မှာပါ။ ပြီးခဲ့တဲ့အပတ်ကမှာ သူကအစ်မဖြစ်သူ မယ်လီးယားနဲ့ ချီကာဂိုဂိတ္တမြော်ဖြေပွဲမှာ အပန်းဖြေခဲ့ပါတယ်။ **(DM, 5.8.16)** ချယ်ရီ

# ရွှံရေထဲသို့ ဇောက်ထိုးရေငုပ်၍ ပိုက်ပြင်ပေးခဲ့ရသော ၆၁ နှစ်အရွယ်အမျိုးသားမှာ အွန်လိုင်းတွင် နာမည်ကျော်လာ

ဟာရတ်နိုင်ငံ၊ ကျန်းစုပြည်နယ်တွင် အသက် ၆၁ နှစ်အရွယ်ပိုက်ပြင်သမားသည် ရွှံ့ရေများဖြင့်ပြည့်လျှံနေသည့် တွင်းကြီးထဲသို့ ဇောက်ထိုးရေငုပ်ကာ ပိုက်ပေါက်နေသည့်နေရာကို ရှာဖွေဖာထေးပေးခဲ့ရသော ဝမ်ကျိုးဖူ၏ တတ်ပုံများမှာ အွန်လိုင်းပေါ်တွင် ပျံ့နှံ့သွားခဲ့ပြီးနောက် နာမည်ကျော်ကြားလာခဲ့သည်ဟု သိရသည်။

**ရွှံ့ရေအိုင်ထဲသို့ ရေဖေါ်၍ ခြေထောက်နှစ်ချောင်းသာထွက်၍ ဇောက်ထိုးဖြစ်နေသောပုံကြောင့်** အွန်လိုင်းအသုံးပြုသူများက အလှပဆုံးခြေထောက်များဟုပင် အမည်တပ်ပေးခဲ့ကြသည်။ ရေပိုက်ပြင်နေသည့် ဝမ်ကျိုးဖူကို ဖြတ်သွားဖြတ်လာတစ်ဦးက ဓာတ်ပုံရိုက်ကူးသွားခဲ့ခြင်းဖြစ်သည်။ ဝမ်သည် ပိုက်ပြင်ရန်ရောက်ရှိလာသည့်အချိန်၌ ပိုက်ပေါက်နေသည့်နေရာတွင် ရွှံ့ရေများဖြင့်ပြည့်နှက်နေခဲ့ပြီး ပိုက်ပေါက်သည့်နေရာ၌ ရေအနက်သုံးပေခန့်ရှိသည်။ ဝမ်သည် **ရွှံ့ရေထဲတွင် တစ်မိနစ်ဆာငုပ်၍ ပိုက်ပေါက်သည့်နေရာကို ရှာဖွေပေးခဲ့ခြင်းဖြစ်ပြီး** ရွှံ့ရေထဲ၌ကြာကြာနေခြင်းကြောင့်လည်း ကျန်းမာရေးထိခိုက်မည်ကိုစိုးရိမ်ရသည်။ **ဇလေးကြိမ်တိတိရွှံ့ရေထဲသို့ငုပ်၍ရှာဖွေခဲ့ပြီးနောက်မှ ပိုက်ပေါက်သည့်နေရာကို တွေ့ရှိကာ** ဖာထေးနိုင်ခဲ့သည်။ ဒေသခံများက ဝမ်သည် အလုပ်ကို တစ်စိုက်မတ်မတ် လုပ်ကိုင်တတ်သည့်အတွက် ချီးကျူးပြောဆိုခဲ့ကြခဲ့ကြသည်၊

**(DM,4.8.16)** မေဖွန်

# ဇနီး ၂၇ ယောက်ယူပြီး ကလေး ၁၄၅ ယောက်မွေးထားသော ကနေဒါအမျိုးသား

ကနေဒါနိုင်ငံရှိ ယဘားပြိုင်စနစ်ကို ထောက်ခံသည့် အဖွဲ့အစည်းဟစ်မွန်ဖြစ်သော Mormon အဖွဲ့၏ ဓမ္မဝါးဆောင်ဝင်စဉ်ဘာလက်ပိုးသည် ဇနီးသည် ၂၇ ဦး ယူထားပြီး ကလေး ၁၄၅ ယောက် မွေးထားကာ ယေားပြိုင်စနစ်ကို ဥပဒေအနှင့်ကန့်ကွက်တားမြစ်ထားခြင်းသည် အမျိုးသမီးများ ခွဲခြင်းပုံဖြတ် အပြတ်ထုတ်ခံရနိုင်သည့် ပြဿနာများဖြစ်ပွားစေရန် လမ်းကြောင်းပေးနေသကဲ့သို့ ဖြစ်နေကြောင်းဆိုခဲ့သည်။ ဘလက်မိုးကို ကနေဒါအစိုးရက မယားပြိုင်များထားရှိမှုဖြင့် တရားစွဲဆိုထားပြီး အသက် ၅၉ နှစ်အရွယ် ဘလက်မိုးသည် ၂၀၀၇ ခုနှစ်ကလည်း **မယားပြိုင်ထားရှိမှုဖြင့် ဖမ်းဆီးခံခဲ့ရဖူးသည်၊ သို့သော် နောက်ပိုင်းတွင် တရားသေလွတ်မြောက်လာခဲ့ပြီး ကနေဒါ၌ မယားပြိုင်စနစ်ကို ဥပဒေအရ ခွင့်ပြုပေးရန် ကြိုးပမ်းမှုများ မြှုပ်ခဲ့သည်၊** ဘလက်မိုးက ကနေဒါအစိုးရသည် မိမိကို တရားစွဲဆိုနိုင်ရန် အတူနေစုံတွဲများအား ခွင့်ပြုထားသည့် စည်းမျဉ်းစည်းကမ်းများကို ဦးစွာပြင်ဆင်ရန် လိုအပ်သည်ဟု ဆိုခဲ့သည်၊ **ဘလက်မိုးက ဇနီးသည်များအား လုံးသည် မိမိကို အလွန်ချစ်ခင်နှစ်သက်ပြီး** အချို့ဇနီးသည်များမှာ ဝိန်းကလေး ဘက်မှ ဝတင်ဆွဲဇောင်၍ လာရောက်ဝိုးပန်းခဲ့ကြခြင်းဖြစ်သည်ဟု ဆိုခဲ့ကြောင်း သိရသည်၊

**(DM, 4.8.16)** မေဖွန်

# အိတ်မသယ်ပေးသည့်လေယာဉ်မယ်ကို ခရီးသည်က ပါးရိုက်

**ဖိလစ်ပိုင်ခရိတ်နည်းလေကြောင်းလိုင်း Cebu Pacific Air မှလေယာဉ်မယ်တစ်ဦးကို ခရီးသည်အမျိုးသမီး တစ်ဦးက အိတ် မသယ်ပေးမှုခြင့်ပါးပိတ်ရိုက်ခဲ့သည်ဟု** သိရသည်၊ ယင်းဆရာဝန် ခရီးသည်၏အိတ်ကို ခေါင်းပေါ်ရှိဘန်းပေါ်တင်မပေးသဖြင့် အဆိုပါလေယာဉ်မယ် ပါးရိုက်မံခဲ့ရခြင်းဖြစ်သည်။

ပါး အရိုက်ခံရသဖြင့် ပါးနှင့်လည်ပင်းနီရဲယွက်သွားသည့် ပုံကို မက်ဒယ်တိုင်းက ဖေ့စ်ဘွတ်ဂ်ပေါ် တင်ခဲ့ရာ ထိုကိစ္စသည် လူမှုကွန်ရက်တွင် ပရူပျံသွားကော့သည်၊ ၎င်းသည် လေယာဉ်မယ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ **၎င်းကို ထိုသို့လုပ်ခဲ့သည့် ခရီးသည်ကို တရားစွဲဆိုနေပြီဖြစ်ကြောင်း၊** မိမိကို၏အဓိက ဟာပန်မှာ ခရီးသည်ဘေးကင်းလုံခြုံရန်သာဖြစ်ပြီး ခရီးသည်၏ အထုပ်အပိုးများကို သယ်ပေးရန် စားသုံးသူဖက် မှာတာကို စာရင်းမှတ်နေကဲ့ သူပုံကိုသတင်းသမားတွေက ဓာတ်ပုံရိုက်သွားတာပါ၊ **အပြင်က ဆိုင်ခုံတန်းမှာတော့ကိုယ်ခံတော်ခြောက်ယောက်က မသိမသာလေး လုံခြုံရေးယူထားကြပါတယ်။** သူမိသားစုက လာမယ့်စနေနေ့ (သြဂုတ်လ ၆ ရက်) မှာ အဲဒီကျွန်းမှာ လာအပန်းဖြေမှာဖြစ်ပါတယ်။ သူက အဲဒီနေ့အထိ ဆိုင်မှာအလုပ်ဆက်လုပ်မှာပါ။ ပြီးခဲ့တဲ့အပတ်ကမှာ သူကအစ်မဖြစ်သူ မယ်လီးယားနဲ့ ချီကာဂိုဂိတ္တမြော်ဖြေပွဲမှာ အပန်းဖြေခဲ့ပါတယ်။ **(DM, 5.8.16)** ချယ်ရီ

မဟုတ်ကြောင်း၊ လေယာဉ်မယ်များ၏ ဂုဏ်သိက္ခာအတွက်တရားစွဲဆိုရခြင်းဖြစ်ကြောင်း၊ အဆိုပါခရီးသည်သည် မိမိတို့ကို ဘတ်စ်ကားစပယ်ယာနှင့် နှိုင်းယှဉ်ပြီး ပြောဆွားခဲ့သေးကြောင်း လေယာဉ်မယ်က ရေးသားခဲ့သေးသည်၊

**(DM, 5.8.16)** ချယ်ရီ

www.free4reader.com



# စင်ကာပူဝန်ကြီးချုပ်ကတော်က အိမ်ဖြူတော်တွင် ပွဲတက်ရာတွင် မသန်စွမ်းကျောင်းသားချုပ်ထားသည့် ၁၁ ဒေါ်လာတန်အိတ်ဖြင့် ပွဲတက်

အာရှအချမ်းသာဆုံးနိုင်ငံမှ လာသော်ငြား အိမ်ဖြူတော်တွင် ပွဲတက်ရာတွင် ၁၁ ဒေါ်လာမျှသာ တန်ဖိုးရှိသည့် လက်ကိုင်အိတ်ဖြင့်သာ ပွဲတက်ခဲ့သဖြင့် စင်ကာပူဝန်ကြီးချုပ်ကတော်သည် များစွာ ရှိးမွမ်းခံခဲ့ရသည်။ အမေရိကန်သမ္မတ အိုဘားမားနှင့် သမ္မတကတော် မီရှဲလ်အို ဘားမား ဧည့်ခံသည့်အစမ်းအနားကို တက်ရာတွင် မစ္စစ်လီက ထိုပိုက်ဆံအိတ်ကို ကိုင်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

မသန်စွမ်းနှင့် အော်တစ်ဇင်ဇေးဒနာသည်များ ချုပ်လုပ်သည့် လက်မှုပစ္စည်းများကို The Art Faculty ကအွန်လိုင်းစတိုးတစ်ခုတွင် ရောင်းချသည်။ ယင်းအခွဲ, မကြာမီက လုပ်သွားခဲ့သည့် ပွဲတစ်ပွဲတွင်ဝန်ကြီးချုပ်ကတော်က ယင်းအိတ်ကို ဝယ်သွားခဲ့ခြင်းဖြစ်သည်။ လက်မှုပစ္စည်းရောင်းထွက်ပါက ချုပ်လုပ်သူကျောင်းသားသည် အဆကြေးမဂ္ဂရရှိသည်။ ထိုအိတ်တွင် ဒိုင်နိုဆောပုံ အဆေးစာများပါဝင်သည်။ ယင်းကို ချုပ်လုပ်ခဲ့သည့် အသက် ၁၉ နှစ်အရွယ် ရှိတိုရှန်လီသည် လက်မှုပစ္စည်းများကို တိုရယ်ဘန်ရပုံအဆင်များဖြင့် ဖန်တီးရသည်ကို အလွန်နှစ်သက်သူဖြစ်သည်။ ယင်းသို့သော ကမ္ဘာ့အဆင့်ပွဲတွင် ဝန်ကြီးချုပ်ကတော်က အထက်ပါအိတ်ကိုကိုင်သည့် အတွက် အလွန်ဂုဏ်ယူမိကြောင်း ရှိတိုရှန်လီ၏ မိဘများက ဆိုသည်။

**(Yahoo, 5.8.16) ချယ်ရီ**

# ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ ပုံတူကို ရှဲ့ဖြင့် လက်ရာမြောက်စွာ ဖန်တီး

ဒီနှစ် G20ထိပ်သီးညီလာခံကို တရုတ်နိုင်ငံ ဒီကျန်းပြည်နယ်မှာရှိတဲ့ ဟန်ကျိုးမြို့က အိမ်ရှင်မြို့အဖြစ် လက်ခံကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့်ပွဲရောင်လိုနဲ့အဖွဲ့သားတွေဟာ **မြို့ကို ရောက်လာမယ့် ကမ္ဘာ့ခေါင်းဆောင်ကြီးတွေရဲ့ပုံတူတွေကို ရှဲ့နဲ့ ထုလုပ်ရင်း လက်မလည်အောင်ကို အလုပ်များနေပါတယ်။** သူဟာ ဒီလို ရှဲ့လက်မှုပညာရှင်ဖြစ်လာအောင် အများကြီး ကြိုးစားခဲ့ရပါတယ်။ သူဟာ လွန်ခဲ့တဲ့ နှစ်၂၀မှာ ဟန်ကျိုးမြို့ကို တက်လာခဲ့တာပါ။ လုပ်ငန်းခွင်မှာဒက်ရာရယားတဲ့ အဖေ့ကို ဆေးကုပေးနိုင်ဖို့အတွက် သူဟာ ရရာအလုပ်သိမ်းကျုံးလုပ်ခဲ့ရပါတယ်။ အပိုဂင်ငွေရအောင်ဆိုပြီးလည်း ဆေးပါးသစ်အတွက်စမ်းသပ်ခံခဲ့ပါသေးတယ်။ တစ်နေ့ ကလေးတွေ ရှဲ့ရုပ်နဲ့ကစားနေတာတွေ့တော့သူဟာ အဲဒါကို အရုပ်ဒိတ်ဝင်စားသွားပါတယ်။ အဲဒီမှာ သူဘဝ တစ်ဆစ်ချိုးပြောင်းသွားပါတော့တယ်။

ဒီလိုနဲ့ သူဟာ အာရာကောင်းသမားကောင်းတွေဆီမှာလည်း ပညာဆည်းပူးခွင့်ရပြီး ဂျပန်နဲ့တောင်ကိုရီးယားကိုသွားပြီးလည်း ပညာတွေဆက်လေ့လာခွင့်ရခဲ့ပါတယ်။ နောက်ဆုံးမှာတော့ သူဟာ ကိုယ်ပိုင်လုပ်ငန်းလေး ဖွင့်လာနိုင်ပါတယ်။ အခုဆိုရင် သူလုပ်ငန်းဟာဝန်ထမ်းတွေ တောင်ခန့်ထားနိုင်ပါပြီ။ **ကုလားကြီးအကဲတန်ကီမွန်းနဲ့ဆုံခွင့်ရတုန်းက သူက ဘန်ကီမွန်းကို သူလုပ်ထားတဲ့ ဘန်ကီမွန်း ပုံတူရှဲ့ရုပ်လက်ဆောင်ပေးခဲ့ပါတယ်။** အခု သူမြို့ကို ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ လူစုံတက်မုံ လာဖို့ရှိတယ်ဆိုတော့ **ကမ္ဘာ့ခေါင်းဆောင်တွေကို သူတို့ပုံတူရှဲ့ရုပ်လေးတွေ ပေးနိုင်အောင်သူက ကြိုးစားနေတာပါ။**

**(CCTV, 5.8.16) ချယ်ရီ**

# မကွဲနိုင်သည့်မဲပုံးကိုသရုပ်ပြရာ မဲပုံးကွဲထွက်သွားသဖြင့် ထိုင်းအရာရှိ မျက်နှာနီရဲသွား

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတွက် ပြည်သူဆန္ဒမဲပေးပွဲကို ဩဂုတ်လ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်၍ ထိုင်းရှေးကောက်ပွဲကော်မရှင်က **မကွဲနိုင်သည့် မဲပုံးကို သုံးသွားရန် စီစဉ်ထားသည်။** မဲပုံးဂျက်ဆီးခံရမည်ကိန်းမှကင်းဝေးစေရန်အလို့ငှာ မကွဲနိုင်သည့်မဲပုံးကို သုံးသွားရန် စီစဉ်ခြင်းဖြစ်သည်။ ထိုမဲပုံး၏ခံနိုင်ရည်အားကို ပြသသည့်ပွဲတွင် မဲပုံးမှာ သတင်းထောက်များရှေ့မှောက်၌ကွဲသွားတော့သည်။

အစိုးရသည် ယင်းမျှကောင်းသည်ဖြင့်မရပဲ ထိုမဲပုံးများကို ပြည်သူ့ဘဏ္ဍာငွေ ဘတ် ၁၀ သန်းခန့် ကုန်ကျခဲ့ရသည်ဟု ဆိုသည်။ ထိုမဲပုံးများကို ဘန်ကောက်ရှိ ဘဏ်ခွဲ ၁၀၀ ခန့်တွင် ထားရှိသည်။ ထိုမဲပုံးများကို ဘဏ်ခွဲများသို့ ပို့ဆောင်ရာတွင် ကားတစ်စီးလျှင် ၅ ဦးစီ ခန့်ထားရသည်။ ထိုမဲပုံးများကို ဘဏ်ခွဲများသို့ ပို့ဆောင်ရာတွင် ကားတစ်စီးလျှင် ၅ ဦးစီ ခန့်ထားရသည်။

# ဆင်လေးရေတွင်းထဲကျသွားသဖြင့် ဆင်မကြီးက ညလုံးပေါက် အော်ဟစ်အကူအညီတောင်း

ဆင်မကြီးတစ်ကောင်ဟာ သူ့သားလေးရေတွင်းထဲ ပြုတ်ကျသွားတဲ့အတွက် ညလုံးပေါက် အော်ဟစ်အကူအညီ ကောင်းခဲ့ပါတယ်။ **ဆင်အကောင်ပေါင်း ၆၀ ပါတဲ့ ဆင်အုပ်ကြီး အိန္ဒိယနိုင်ငံ ရမ်ဂါဝရိုင်ကို ဖြတ်သွားတုန်းမှာဆင်ပေါက်လေးဟာ ဓရတွင်းထဲ ပြုတ်ကျသွားတော့** တာပါ။

ဒါကြောင့် **ဆင်မကြီးဟာ သူ့သားလေးကို ဓရတွင်းထဲက ဆွဲထုတ်ဖို့ ညလုံးပေါက်အားထုတ်လိုက်၊ မရရင် အော်လိုက်နဲ့ နေပါတော့တယ်။** သူ့ အဲဒီလို သားလေးကယ်နေချိန်မှာ ဟစ်ခြွေးဆင် ရှစ်ကောင်းကလည်း အနားက မရွာစတမ်း ရှိနေပါဟယ်။ ဆင်မကြီးက ညလုံးပေါက် ကဝူးဝူးနဲ့ အော်နေတာကြောင့် ဆူထရီရွာသားတွေဟာလည်း တစ်ညလုံးအိပ်မရကြပါဘူး။ ဆင်အုပ်ကြီး သူကွဲသိန်းနဲ့ခမင်းတွေကို မဏ္ဍက်ဆီးဝဲအနီးက သစ်တောထဲ ပြန်ပြန်ဝင်သွားပါဓရဲ့ သူတို့မှာ ဘုရားတဇေနမဟာပေါ့။ မနက်လည်း မိုးလင်းဇရာ လူတစ်စုက ဓရေတွင်းနား သွားစုပါဇတော့တယ်၊ **လူဇတွေရောက်လာတော့ ဆင်မကြီးကလည်း အသာအယာပဲ ဓနောက်ဆုတ်ပြီး ဖြုံပုတ်နောက်က ဆင်အုပ်နဲ့ သွားနေလိုက်ပါတယ်။ ဆင်မကြီးအဖြစ်ကို ကြည့်ပြီး ရင်မချိလှတာမို့ ရွာသားတချို့က ဆင်ပေါက်ဓလေးကို ဓရတွင်းထဲကနေခဲရာခဲဆစ် ဆွဲထုတ်ပေးလိုက်ပါတော့တယ်။**

**(CCTV, 6.8.16) ချယ်ရီ**

# အိန္ဒိယက သံလိုက်စွမ်းအင်ဖြင့် လေပေါ် ကြွတက်သွားလာနိုင်သော အမြန်ရထားများအတွက် ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်

အိန္ဒိယမီးရထားဝန်ကြီးဌာနက **တစ်နာရီ ၃၁၀ မိုင်နှုန်းဖြင့်သွားလာနိုင်သော အမြန်ရထားများ** တည်ဆောက်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ထားသည်ဟု သိရသည်။ **မွမ်ဘိုင်းနှင့် အာဗီဒါဘတ်မြို့ကြီးနှစ်မြို့ကြားတွင် ပြေးဆွဲမည့်ရထားသစ်များသည် ကျည်ဆန်ရထား ထက်ပိုမိုမြန်ဆန်မည်ဖြစ်သည်။** အိန္ဒိယမီးရထားဝန်ကြီးဌာနက ပုဂ္ဂလိကကုမ္ပဏီများကိုတည်ဆောက်မွင့်ပေး၍ အိန္ဒိယနိုင်ငံအတွင်း စာချုပ်စာကမ်းဖြင့်လုပ်ကိုင်မွင့်ပေးသွားမည်ဖြစ်သည်၊ သံလိုက်ဖြင့် လေပေါ်ကြွတက်စေသည့် **Maglev** နည်းပညာသစ်ကို အသုံးပြုမည်ဖြစ်သောကြောင့် အနည်းဆုံးတစ်နာရီလျှင် ၂၀၇ မိုင် နှုန်းဖြင့် သွားလာနိုင်မည်ဖြစ်သည်။

**Maglev** နည်းပညာကို ဂျပန်၊ တရုတ်နှင့်ဂျာမနီကဲ့သို့ ဧသာနိုင်ငံများတွင်လည်း **အသုံးပြုလျက်ရှိသည်၊** စိတ်ဝင်စားသည့် ကုမ္ပဏီများသည် စက်တင်ဘာလ ၆ ရက်တွင် အကြောင်းပြန်ရမည်ဖြစ်ပြီး အစိုးရနှင့်ဖက်စပ်လုပ်ကိုင်ရမည်ဖြစ်သည်၊ အစိုးရကပရောဂျက်အတွက် လိုအပ်သည့်မြေပမာဏကိုပေးကာ ကုမ္ပဏီဘက်က ရထားများဆောက်လုပ်ပြီးဆွဲရမည်ဖြစ်သည်။ Bengaluru-Chennai, Hyderabad-Chennai, New Delhi-Chandigrah, Nagpur-Mumbai မြို့များကြားတွင် Maglev နည်းပညာသုံးရထားများပြေးဆွဲမည့်လမ်းများကို ဆောက်လုပ်သွားရန် ရည်မှန်းထားကြောင်းသိရသည်။ **(DM, 4.8.16) မေဖွန်**

www.free4reader.com



# ရရှားလေယာဉ်ကြီးကို ပစ်ချခဲ့သည့်ကိစ္စအား ကြိုးကိုင်ခဲ့သူ ဆိုင်းနိုင်းအိုင်အက်စ်ခေါင်းဆောင်ကို သုတ်သင်နိုင်ခဲ့ကြောင်း အီဂျစ်ဆို

အိုင်အက်စ်ခေါင်း ဆောင်တစ်ဦးကို လေကြောင်းစစ်ဆင်ရေးတွင်ရှင်းလင်း သုတ်သင်နိုင်ခဲ့ကြောင်း အီဂျစ်စစ်တပ်က ဆိုသည်။ **ဆိုင်းနိုင်းအရပ်ဒေသရှိ အိုင်အက်စ်အဖွဲ့ခွဲခေါင်းဆောင် အဘူဒူအာ အယ်အန်ဆရီနှင့် အခြားအိုင်အက်စ်တိုက် နိုက်ဇေးသမား ၄၅ ဦးတို့သည် တိုက်နိုက်ဗံရယ်ဒြိုးဇနောက် ဒေသဆုံးသွားတော့သည်ဟု** သိရသည်။ အီဂျစ်စစ်သွေးကြွေးအဖွဲ့တစ်ဖွဲ့သည် ၂၀၁၄ မုနှစ်တွင် အိုင်အက်စ်ကို သတ္ထာခံလိုက်ပြီး အဖွဲ့အစည်းကိုလည်း ဆိုင်းနိုင်းပြည်နယ်ဟု ပြောင်းခဲ့သည်။

အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သတ်ဖြတ်ခြင်းများနှင့် ရုရှား ခရီးသည်တင်လေယာဉ်ကြီးကို ၂၀၁၅ ခုနှစ်တွင် ပစ်ချခဲ့ခြင်းတို့ကို အယ်အန်ဆရီ လုပ်ဆောင်ခဲ့သည်ဟု ယူဆရကြောင်း အီဂျစ်စစ်တပ်က ဆက်လက်ပြောကြား သည်၊ ဆိုင်းနိုင်းမြောက်ပိုင်းရှိ အစွန်းရောက်သူပုန်များကို အီဂျစ်စစ်တပ်ဟိုးစစ်ဆင် တိုက်ခိုက်နေသည်မှာ နှစ်အတန်ကြာမြင့်ပြီဖြစ်သော်လည်း စစ်တပ်က သမ္မတ ဟော်စီကို ၂၀၁၃ မုနှစ်တွင် ရာထူးမှဖြုတ်ချခဲ့ပြီးနောက်ပိုင်းတွင်မူ ထိုသူပုန်များက အီဂျစ်စစ်သားများနှင့်ရဲတပ်ဖွဲ့ဝင်များကို အရှိန်မြှင့်တိုက်ခိုက်လာမော့သည်။

**(Sky, 6.8.16) ချယ်ရီ**

# အိုင်အက်စ်လက်မှ ၎င်းတို့မြို့ လွတ်မြောက်သွား၍ ခေါင်းမြီးခြုံ မွတ်စလင်အမျိုးသမီးများ လမ်းပေါ်ပြေးထွက်ကာ ခုံထည်ကို မီးရှို့

ဆီးရီးယားအမျိုး သမီးများသည် ၎င်းတို့မြို့ အိုင်အက်စ်တို့လက်ထဲမှလွတ် မြောက်သွားသည့် အတိမ်းအမုတ်အနေ ဖြင့် လမ်းပေါ်တပျော်တပါး အလုအယက် ပြေးပွက်လာကာ ခေါင်းမြီးခြုံကို ဆွဲဖျတ်ပြီး မီးရှို့ခဲ့ကြကြောင်း သိရသည်၊ ဖျော်ဖြင်မြူးထူးနေသည့် အမျိုးသမီးများနှင့် ကလေးများသည် ဆီးရီးယားမြောက်ပိုင်းမြို့တစ်မြို့ဖြစ်သည့် မန်ဘီမြို့လမ်းမထက်ကို ထွက်လာကာ အောင်ပွဲခံခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်စစ်တပ်၏ ထောက်ပံ့မှုရရှိထားသည့် ဒီမိုကရက်တစ်အင်အား ပူးပေါင်းဖက်အဖွဲ့ကို လမေပါင်းများစွာကြာ တိုက်ခိုက်နှိမ်နင်းခဲ့ပြီးနောက် တွင်မှ မြို့ကို ပြန်လည်သိမ်းပိုက်သွားနိုင် ခဲ့ခြင်းဖြစ်သည်။ လူအုပ်ကြီးနှင့် အတူ ပျော်ရွှင်နေစဉ်ကွင်းပင် ခေါင်းပြီးခြုံမွှတ်စ လင်အမျိုးသမီးတစ်ဦးက အနားမှလူ တစ်ဦးထံမှ မီးခြစ်ဒုံးပျံကိုယူပြီး ခြုံထည်ကို မီးရှို့လိုက်တော့သည်။ **အိုင်အက်စ်တို့ ထိုမြို့ကို သိမ်းပိုက်ထားသည်မှာ ၂၀၁၄ ခုနှစ်ကတည်းကပင်ဖြစ်သည်၊ အထက်ပါမြို့ ၎င်းတို့လက်အောက် ကျရောက်သွားပြီးချိန်ကတည်းကစကာ အိုင်အက်စ်တို့က မြို့ရှိ အမျိုးသမီးများအားလုံး ခေါင်းမြီးခြုံထည် မဖြစ်မနေဝတ်ဆင်ရန် အဓိန်ထုတ်ခဲ့တော့သည်၊** အမျိုးသမီးများကို ယင်းသို့ ဝတ်ဆင်ခိုင်းခြင်းသည် ကန့်သတ်ချုပ်ချယ်ခြင်းမဟုတ်ကြောင်း၊ အမျိုးသမီးများ အရှက်ဘာကွဲအကျိုးနည်းခြင်း မဖွဲ့ယ်မရာ ပြုခဲ့ရခြင်းနှင့် တရားရာဂ တောက်လောင်နေသည့် မျက်လုံးများနှင့် အကြည့်မခံရစေရန် ကာကွယ်ပေးခြင်းသာဖြစ်ကြောင်း ဘိုင်အက်စ်က ပြောကြားခဲ့ဟူသည်။

**(DM, 6.8.16) ချယ်ရီ**

# ကလင်တန်က ထရန့်ပ်ထက် ၁၅ ရာခိုင်နှုန်း ပိုမိုလူကြိုက်များနေကြောင်း စစ်တမ်းသစ်က ဖော်ပြနေ



ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်က ပြိုင်ဘက် ရီပတ်ပလီကန်သမ္မတလောင်း ဒေါ်နယ် ထရန့်ပ်ထက် ထောက်ခံမှု ပိုမိုရရှိလာနေ ကြောင်းကို ယခုသီတင်းပတ်တွင် ထုတ် ပြန်လိုက်သည့် လူထုသဘောထားစစ် တမ်းကဖော်ပြနေသည်။ **ကလင်တန်က ထောက်ခံမှု ၄၈ ရာခိုင်နှုန်း ရရှိထားပြီး ထရန့်ပ်က ထောက်ခံမှု ၃၃ ရာခိုင်နှုန်း ရရှိထားကြောင်း** McClatchy-Marist သဘောထားစစ်တမ်းက ဆိုသည်။

**ပြီးခဲ့သည့်လတွင် ထုတ်ပြန်ခဲ့သည့် အလားတူစစ်တမ်းတွင်မူ ကလင်တန်က ထရန့်ပ်ထက် လေးရာခိုင်နှုန်းသာ အသာ ရခဲ့**သည်။ သမ္မတဖြစ်လာရေးဆိုသည့် ထရန့်ပ်၏မျှော်လင့်ချက် အကောင်အ ထည်ပေါ်လာရန် အခွင့်အလမ်းနည်းနေ ပြီဆိုသည်ကို ယင်းသဘောထားစစ်တမ်း က ဖော်ပြနေကြောင်း ယင်းသဘောထား ဆန္ဒကောက်ယူရေးအဖွဲ့မှ ညွှန်ကြားရေး မှူးကဆိုသည်။ ထရန့်ပ်က မွတ်စလင် စုံတွဲတစ်တွဲကို ဓမ္မဒန်ပြောဆိုခဲ့သဖြင့် ထိုစကားနှင့်ပတ်သက်၍ အမေရိကန် ပြည်သူများကြား သဘောထားကွဲလွဲမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့သည်၊ ထရန့်ပ် လူကြိုက်နည်းလာရခြင်းအကြောင်းရင်း များကဲ့တွင် ယင်းအချက်လည်း ပါဝင်မည် ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြော ကြားသည်။ **သို့သော်လည်း ယခုရလဒ် သည် ကလင်တန်အတွက်အပြည့်အဝ ရတက်ခအားဖွယ်မဟုတ်ခဲ့ပေ၊ အကြောင်း မှာ ၎င်းကို ထောက်ခံသူအများစုမှာ ၎င်း ကိုကြိုက်သဖြင့် ထောက်ခံခြင်းမဟုတ်ဘဲ ထရန့်ပ်ကို မကြိုက်သဖြင့်သာ ၎င်းကို ထောက်ခံလိုက်ခြင်းဖြစ်သောကြောင့်ပင်။**

**(VOA, 6.8.16) ချယ်ရီ**

# ကုန်တင်လေယာဉ်ကြီး လေယာဉ်ပြေးလမ်းမှ ကျော်ထွက်သွားကာ ကားလမ်းမပေါ် ရောက်သွား

အီကလိုနိုင်ငံ၊ ဘာဂရိပြည်နယ်ရှိ အော်ရိုယို အယ် ဆိရိယို နိုင်ငံတကာ လေဆိပ်ကြီးတွင် ကုန်တင်လေယာဉ်တစ် စင်း **လေယာဉ်ပြေးလမ်းကို ကျော်ထွက် သွားကာ ခြုံစည်းရိုးကို ဖောက်ထွက်သွားပြီး ကားလမ်းမပေါ် ရောက်သွားခဲ့ကြောင်း** သိရသည်။ ကုန်တည်ပို့ဆောင်ရေး DHL ပိုင်သည့် Boeing လေယာဉ်ကြီး ကိုသို့ မတော်တဆဖြစ်သွားခဲ့ပြီးနောက် လေ ဆိပ်ကိုယာယီပိတ်လိုက်တော့သည်၊

လေယာဉ်ခေါင်းပိုင်းနှင့်ဝမ်းပိုက်ပိုင်း ပါ လမ်းမပေါ်ရောက်နေပုံကို ဖော်ပြနေ သည့်ပုံများ အွန်လိုင်းတွင် ပလူပျံသွားခဲ့ သည်၊ ပြင်သစ်နိုင်ငံ ချားလ်စ်ဒီဂေါ လေ ဆိပ်မှ ပျံသန်းလာသည့် ထိုလေယာဉ်သည် ရာသီဥတု မကောင်းသည့် အချိန်တွင် ဆင်းသက်ရန် ကြိုးပမ်းစဉ် ဩဂုတ်လ ၅ ရက် နံနက် ၄ နာရီခန့်တွင် ထိုသို့ လေ ယာဉ်ပြေးလမ်းကျော် ထွက်သွားတော့ခြင်း ဖြစ်သည်။ **လေယာဉ်ပေါ်ပါဝန်ထမ်းနှစ်ဦး ဒဏ်ရာအနာတရ ရသွားခြင်းမရှိဘဲ မြေပြင်ပေါ်တွင်လည်း ထိခိုက်ဒဏ်ရာရသွား သူမရှိကြောင်း** သိရသည်၊

**(Sky, 6.8.16) ချယ်ရီ**

# လာမည့် ၁၀ နှစ်အတွင်း လပေါ်ခြေချနိုင်ရေး လုပ်ဆောင်ရန် ကင်ဂျူအွန်း ညွှန်ကြား

လာမည့် ၁၀ နှစ်အတွင်း လပေါ် လူတစ်ဦး စေလွှတ်နိုင်ရန် ပြင်ဆင်နေပြီ ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ပြောကြားလိုက်သည်။ **နည်းပညာမြင့် သည့် ကြိုတ်တုများကို ပတ်လမ်းအတွင်းထဲ ပို့လွှတ်တင်နိုင်ရန်နှင့် လူကိုပင်စိုနိုင်ရန် ကင်ဂျူအွန်းက အာကာသအရာရှိများကို အဓိန်ပေးလိုက်ခြင်းဖြစ်**သည်။

ချူနှင့်ဒုံးကျည်ဆောင်ရွက်မှုကိစ္စများ ကြောင့် မြောက်ကိုရီးယားအစိုးရကို နိုင်ငံတကာအသိုင်းအဝိုင်းက ဝိတ်ဆို အရေးယူမှုများ ချမှတ်ထားသည်။ သို့ သော် မည်သို့သောဝိတ်ဆို့မှုများ ချမှတ်ခံ ထားရစေကာမူ မိမိတို့သည် ၂၀၂၀ မတိုင် **မီတွင် ဂြိုဟ်တုများ လွှတ်တင်နိုင်ကာ လာမည့် ၁၀ နှစ်အတွင်းလပေါ်တွင် မြောက်ကိုရီးယားအလံ စိုက်ထူနိုင်မည်ပင် ဖြစ်သည်**ဟု မြောက်ကိုရီးယားအာကာ သအေဂျင်စီမှ အရာရှိကြီးတစ်ဦးက ဆို သည်။ ဒုံးပျံနည်းပညာကျွမ်းကျင်သိပ္ပံ ပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေး သည့် အစီအစဉ်များကိုလည်း တိုးချဲ့ ထားပြီဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

**(DM, 5.8.16) ချယ်ရီ**

www.free4reader.com



# မျက်ရည်ကျသည့် ဒဏ်မှ ကင်းဝေးစေသော ကြက်သွန်နီဥများကို ဂျပန်ကုမ္ပဏီက စတင်ရောင်းချ



ကြက်သွန်နီသည် ကျန်းမာရေးနှင့် ညီညွတ်သည့် အာဟာရဖြစ်သော်လည်း ကြက်သွန်လိုးပါက မျက်ရည်ကျရသော ကြောင့် မကျိမရာမကောင်းသည်က အမှန် ပင်ဖြစ်သည်။ ယခုအခါက House Food Group ကုမ္ပဏီက **ကမ္ဘာ့ပထမဆုံး မျက်ရည်မကျစေသည့် ကြက်သွန်နီဥများ ကို စျေးကွက်သို့ တင်သွင်းရောင်းချနေပြီ** ဖြစ်သည်ဟုသိရသည်။ ကြက်သွန်လိုးသူ ကို မျက်ရည်ကျမေ့မည့်အစား မျက်နှာပေါ် တွင်အပြုံးဆောင်ပေးနိုင်သည့်အဓိပ္ပာယ် ဖြင့် Smile Ball ဟု အမည်ပေးထားပြီး ဆယ်စုနှစ်နှစ်ခုကြာအောင် သုဓတသန များပြုလုပ်ပြီးနောက်မှ ထုတ်လုပ်နိုင်ခဲ့ ခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် ကုမ္ပဏီ ၏ သိပ္ပံပညာရှင်များက ကြက်သွန်နီကို အရသာနှင့်အာဟာရဓာတ်များ ဆုံးရှုံးခြင်း မရှိစေရဘဲ မျက်ရည်ကျစေသည့်အင်ဇိုင်း များကို အားလျော့သွားအောင် လုပ် ဆောင်နိုင်သည်ဟု ဖော်ပြခဲ့ကြသည်။ ၎င်း သုတေသနသည် ပဓမ်ဂေါလင့်ဘဲ ရယ်စရာ အသွင်ဖြစ်လွှားသည့် တိထွင်ဖန်တီးမှုများ ကို ပေးအပ်သော Ig Nobel Prize ဆု ရရှိခဲ့သည်၊ ပြီးခဲ့သည့်နှစ်က လက်ကွေ့ အကောင်အထည်ဖော် ထုတ်လုပ်နိုင်နေပြီ ဟု ထပ်မံကြေညာခဲ့ပြီး ယခုအခါ စတင် ရောင်းချနေပြီဖြစ်သည်။ **ကြက်သွန်လိုး သည့်အခါ ကြက်သွန်ဆဲလ်များမှ ထုတ် လွှတ်သော အင်ဇိုင်းပြန်လွယ်သည့် ဓာတ် ဧွေ့တစ်မျိုးကြောင့် မျက်ရည်ကျခြင်းဖြစ်** သည်။ ကြက်သွန်နီဥတဲသို့ အိုင်းယွန်းများ ပေါင်းထည့်ခြင်းဖြင့် မျက်ရည်ကျစေသည့် Syn-propa nethial-S-oxide ပမာဏကို လျော့နည်းစေသည်၊ **အခြား ကြက်သွန်နီများနှင့် ကွာခြားသည့်အချက် မှာ အရသာပိုမိုခြင်းဖြစ်**သည်၊ ကြက်သွန် နီနှစ်လုံးပါဝင်သောတစ်အိတ်ကို ဒေး ဒေါ်လာခွဲဖြင့် ရောင်းချနေခြင်းဖြစ်ပြီး သာမန်ကြက်သွန်နီများထက် ဈေးနှစ်ဆ ဖြစ်သည်ဟု သိရသည်။

**(OC,3.8.16)**
**မေဇွန်**

# ငါးမိနစ်အတွင်း နိုင်ငံပေါင်း ၁၉၆ နိုင်ငံ၏ မြို့တော်အမည်များကို အလွတ်ရွတ်ပြနိုင်သော နှစ်နှစ်အရွယ် ဉာဏ်ကြီးရှင်မလေး




**နိုင်ငံပေါင်း ၁၉၆ နိုင်ငံ၏ မြို့တော်အမည် များကို လက်တန်းရွတ်နိုင်နေပြီဖြစ်သည်၊** ဒီဓင်ဖြစ်သူက နိုင်ငံတစ်နိုင်ငံ၏အမည်ကို အော်လိုက်သည့်အခါတိုင်း ကူးမားက မြို့ တော်၏ အမည်ကို ပုန်ကန်စွာ ပြောဆိုနိုင် သည်။ ကူးမားသည် နိုင်ငံနှင့် မြို့တော်အ မည်များသာမက **သားချော်တေးများတွင် ပါဝင်သည့် စကားလုံးများနှင့် သံစဉ်များ ကိုလည်း မှတ်မိနေခဲ့ပြီး** မိခင်နှစ်ပါးက ဆယ်လအရွယ်သာရှိဧသးသော သမီး ငယ်လေးဟာလည်း အလားတူမှတ်သားနိုင် စွမ်းရှိသည်ဟု ဆိုနေကြကြောင်း သိရ သည်။

**(DM, 4.8.16)**
**မေဇွန်**

စကော့တလန်နိုင်ငံ အီဝင်ဘာ့ဂ်မြို့ ဟွင်မနယ်ဟိုသော **နှစ်နှစ်အရွယ်** ရာရီဒါ တာကူးမားအမည်ရှိ ဉာဏ်ကြီးရှင်မလေး သည် **ငါးမိနစ်မပြည့်မီအချိန်အတွင်း ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၆ နိုင်ငံ၏ မြို့ တော်အမည်များကို အလွတ်ရွတ်ပြနိုင်စွမ်း ရှိသည်**ဟု သိရသည်။ အခြားကလေးများ က နှစ်နှစ်အရွယ်တွင် လမ်းလျှောက်တတ် ရန် ကြိုးစားနေရသည့်အချိန်၌ ကူးမားက တိုက်ကြိုးတစ်ခုချင်းစီတွင်ရှိသော နိုင်ငံ များ၏ မြို့တော်များ၏ အမည်ကို အလွှာရာ ပဉ္စအလိုက် အလွတ်ရွတ်ပြနိုင်သည်။ အာရုဃဲတွင် ကာဇက်စတန်နိုင်ငံ၏ မြို့ တော်မှာ အက်စတာနာမြို့ဖြစ်ပြီး ဥဘက် ကစ္စတန်နိုင်ငံ၏ မြို့တော်သည် Tash-kent ဖြစ်ကြောင်း ပြောပြနိုင်သည့်အပြင် အာဖရိကတိုက်အတွင်းရှိ လီဆိုသိုနိုင်ငံ ငယ်လေး၏မြို့တော်သည် မာဇာရုမြို့ဖြစ် သည်ကအစ သိရှိနေသူဖြစ်သည်၊ ဖခင် ဖြစ်သူ ရာဇမွေရှိကူးမားနှင့် မိခင်ဖြစ်သူကာ စီသတို့က ပြိတ်နှင့် အိန္ဒိယနှစ်နိုင်ငံကြား အကြိပ်ကြိမ်သွားလာသည့်အခါတိုင်း ၁၁ နာရီကြာ လေယာဉ်စီးရလေ့ရှိပြီး နှစ်နှစ် သမီးမလေး ကူးမားကို ကမ္ဘာနိုင်ငံများ၏ အမည်များနှင့် မြို့တော်အမည်များ ရေး သားထားသော စာအုပ်ကို ဖက်ပြ၍ ပြီး အောင်ထိန်းလေ့ရှိကြသည်။ ကူးမားသည် **တစ်ပတ်အတွင်း နိုင်ငံ ၃၀ ၏ အမည်နှင့် မြို့တော်များကို အလွတ်မှတ်သားနိုင်ခဲ့ ပြီးနောက် ယခုအခါ သုံးလအကြာတွင်**

# ခြောက်နှစ်အရွယ် မိန်းကလေးကို လက်ထပ်မှုဖြင့် အာဖဂန်ဘာသာရေးခေါင်းဆောင် ဖမ်းဆီးခံရ

ရဲတပ်ဖွဲ့က အာဖဂန်ဘာသာရေး ခေါင်ဆောင်တစ်ဦးကို ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦးအား လက်ထပ်မှုဖြင့် ဖမ်းဆီးလိုက်ကြောင်း သိရှိရသည်။ စစ်ပွဲ ဒဏ် ခံစည်းခံနေရသည့် ယင်းနိုင်ငံတွင် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု မည်မျှ တွင်တွင်ကျယ်ကျယ်ဖြစ်ပွားနေသည် ဆိုသည်ကို ယင်းဖြစ်ရပ်ကကွင်းကွင်း ကွက်ကွက်ဖော်ပြ နေသည်၊ မိဘာမက် ကာရင်မ်သည် အသက် ၆၀ပတ်ဝန်း ကျင် ရှိမည်ဟု အများက ဆိုကြသည်။

ဥင်းမိသားစုက ထိုမိန်းကလေးကို ဘာသာရေးပူဇော်မှုတစ်ရပ်အနေဖြင့် ဥင်းအား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဂို အာပြည်နယ်မှ ဥင်းက ဆိုသည်၊ သို့သော် ကာယကံရှင်မိန်းကလေး၏ မိသားစုကမူ ဥင်းတို့သမီးငယ်သည် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။ ''ကလေးလေးက 'သမီး အဲဒီလူကြီးကို ကြောက်တယ်' ဆို တာက လွဲပြီးတခြား ဘာမှမမြောဘူး'' ဟု အယ်လီးသမီးရေးရာဌာနမှအကြီးအကဲဖြ ဖြစ်သူ ပဆွန်အန်ဝါရီက ဆိုသည်။

**(Yahoo, 5.8.16)**
**ရှယ်ဒီ**

# မိန်းကလေးအဆိုတော်အုပ်စုကို ပိတ်ကြား၍ စစ်သားများဆေးလိပ်ဖြတ်ရန် တိုက်တွန်းလှုံဆော်

တောင်ကိုရီးယား ကာကွယ်ရေးဝန် ကြီးဌာနက **K-Pop မိန်းကလေးအဆို တော်အဖွဲ့တစ်ဖွဲ့၏ အကူအညီဖြင့် စစ် သားများကိုဆေးလိပ်ဖြတ်ရန် တိုက်တွန်း လှုံ့ဆော်မှုများပြုလုပ်ခဲ့သည်**ဟု သိရသည်။ အဖွဲ့ဝင်ရှစ်ယောက်ပါဝင်သော မိန်း ကလေးအဆိုကော်အဖွဲ့ Lovelyz မှာ **တောင်ကိုရီးယားစစ်တပ်အတွက် ဆေး လိပ်ဆန့်ကျင်ရေးသံတမန်များအဖြစ်** ခန့် အပ်ခံခဲ့ရပြီး လက်ရှိတစ်နိုင်ငံလုံး၌ ၃၀ ရာခိုင်နှုန်းခန့် ဆေးလိပ်သောက်သုံးနေ သည့်နှုန်းထားကို လျော့ချနိုင်ရန် လုပ် ဆောင်ရမည်ဖြစ်သည်။ တောင်ကိုရီးယား စစ်တပ်၏ လာမည့်နှစ်ပြကွဒိန်တွင်ပါဝင် ခြင်း၊ စစ်တပ်၏ ပညာပေးတီဗီအစီအစဉ် များ၌ပါဝင်ခြင်းတို့လည်း လုပ်ဆောင်ရ မည်ဖြစ်သည်။ ၎င်းတီဗီအစီအစဉ်၌ ဆေး လိပ်ဖြတ်နိုင်သည့်စစ်သားများကို မိန်း ကလေးအဆို တော်အဖွဲ့နှင့်တွေ့ဆုံနိုင် ရန် စီစဉ်ပေးသွားမည်ဖြစ်သည်။ အထူး သဖြင့် တောင်ကိုရီးယားစစ်တပ်၏ Non-san လေ့ကျင့်ရေးသင်တန်းကျောင်းတွင် Lovelyz အဖွဲ့က စစ်သားများအတွက် အကြံပေးဧေးဆွေးနွေးသူများအဖြစ် လုပ် ဆောင်ပေးသွားမည်ဖြစ်သည်၊ ဆေးလိပ် သောက်သုံးမှုနှုန်းကို လျော့ချနိုင်ရန် နောက်ဆုံးပေါ်နည်းဗျူဟာအဖြစ် စစ် တပ်က K-Pop မိန်းကလေးအဆိုတော် အဖွဲ့ကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယခင်က ဆေးလိပ်ဖြတ်သူများအစားအစာ ဆုငွေများ လည်း ကမ်းလှမ်းခဲ့ဖူးသည်။ **စစ်သား ၄၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်တတ်ပြီး အများစုမှာ စစ်တပ်ထဲဝင်ပြီးမှ ဆေးလိပ် သောက်တတ်ခဲ့ခြင်းဖြစ်သည်**ဟု လေ့လာ မှုများအရ သိရသည်။

**(BBC,4.8.16) မေဇွန်**


စဉ်ဆက်မပြတ် တစ်ခဲနက်အားပေးကြတဲ့ ပရိသတ်ကြီးကို အထူးကျေးဇူးတင်ပါတယ်

သင့် ကျန်းမာရေးအတွက် မဖြစ်သင့်တာ မဖြစ်ရလေအောင် -

**Good Health** ဂျာနယ်က တာဝန်ယူပါတယ်။

ကျန်းမာရေးဗဟုသုတကြွယ်ဝကာ သင့်တစ်မိသားစုလုံး သက်ရှည်ကျန်းမာပြီး စိတ်ပျိုကိုယ်နအောင် ရဲရဲကြီးအာမခံနိုင်ပါတယ်။

ဆေးဝါးကဲ့သို့ အသုံးဝင်သော နွားနို့၊ ပေါင်မုန့်ကျိုးသည်လူနာအား ရေဉီးသူနာပြုစုနည်း၊ ၎င်ပျော်သီးအစွမ်း၊ အစာအဆိပ်ပြစ်စေသည့် ချက်ပြုတ်နည်းများ၊ ဆိုရိယေးစစ်ရောဂါနှင့် ဆက်နွယ်နေသော ကျန်းမာရေးပြဿနာ၊ ဝါဝါဝင်းရွှေ၏ **Lifestyle**၊ မျက်တောင်ကော့ရာတွင် အမှားများ။ နှုဖူးပြင်မှ အရေးကြောင်းများ သက်သာစေရန်၊ ကလေးမရနိုင်သောအမျိုးသမီးတို့အတွက် သဘာဝကုထုံး၊ ခေါင်းကိုက်ခြင်း၏နောက်ကွယ်မှာ၊ သွေးအကြောင်း၊ သွေးဆုံးခါနီးအိမ်သူသက်ထားကို ဘာတွေ ဂရုစိုက်ပေးဖို့ လိုသလဲ၊ ကြက်သွန်နီကောင်းကျိုး၊ ကြွက်တက်လျှင်၊ ခြေထောက်ရောင်ခြင်းအတွက် နံနံပင်ဖျော်ရည်၊ အစားအသောက်မှုမမှန်ခြင်း၊ ဇင့်စာတ် အကျိုး အပါအဝင်..

ဖြန့်ချိရာဌာန - စွယ်စုံမီဒီယာ၊ ပထမထပ်၊ Central Tower အနောက်ထောလမ်း (ဘုရားလမ်းထောင့်)၊ ရန်ကုန်။ ဖုန်း - ၃၇၂၉၇၂ ၃၇၅၂၉၃

● အက်ဒီတာ့တိုင်း ထွက်ပြီ ● စာကြည့်တိုက်များနှင့် ဆေးရုံ၊ ဆေးခန်းများအတွက် အထူးနှုန်း

www.free4reader.com



# အိမ်ထောင်သည်တောင်ကိုရီးယားအမျိုးသားများအနက် ထက်ဝက်ကျော်က အိမ်ထောင်ရေးဖောက်ပြန်ဟု ဆို

အိမ်ထောင်သည် တောင်ကိုရီးယားအမျိုးသားများအနက် ထက်ဝက်ကျော်က အိမ်ထောင်ဖက်ကို အနည်းဆုံးတစ်ကြိမ် သမ္ဘာဖောက်ခဲ့ဖူးကြောင်း စစ်တမ်းအသစ်တစ်ခုက ဖော်ပြသည်။ ယင်းသို့ဖောက်ပြန်ခဲ့ဖူးသည့် အမျိုးသားများအနက် ၄၀ ရာခိုင်နှုန်းက ၎င်းတို့သည် လိင်အပျော်အပါးကို ငွေပေးဝယ်ယူခြင်းအား ဖောက်ပြန်သည်ဟု မယူဆကြောင်း ဖြေဆိုကြသည်။ စစ်တမ်းပြုစုသော လီနာကိုရီးယားဆိုသည့် အဖွဲ့က အသက် ၂၀ သို့မဟုတ် ထို့ထက်အသက်ကြီးသည့် ကိုရီးယားပေါင်း ၁၁၀၀ ကို တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။

စစ်တမ်းဖြေဆိုသူအမျိုးသားများအနက် ၅၀ ဒသမ ၈ ရာခိုင်နှုန်းနှင့်ဖြေဆိုသူအမျိုးသမီးများအနက် ၉ ဒသမ ၃ ရာခိုင်နှုန်းက ၎င်းတို့သည် အိမ်ထောင်ဖက်ကွယ်ရာတွင် အနည်းဆုံး တစ်ကြိမ် အငယ်အနောင်းထားခဲ့ဖူးကြောင်း ဖြေဆိုကြသည်။ အသက် ၅၀ တွင်း အမျိုးသားများအနက် ၅၃ ဒသမ ၇ ရာခိုင်နှုန်းက ၎င်းတို့သည် ဖနီးသည်ကို အနည်းဆုံး တစ်ကြိမ် လိမ်ညာခဲ့ဖူးသည်ဟု ဖြေဆိုကြသည်။ အသက် ၅၀ တွင်း အမျိုးသမီးများအနက် ၉ ဒသမ ၆ ရာခိုင်နှုန်းကသာ ၎င်းတို့သည် ခင်ပွန်းသည်အပေါ် အနည်းဆုံး တစ်ကြိမ် သစ္စာမဲ့ခဲ့ဖူးသည်ဟု ဖြေဆိုကြသည်။ **တောင်ကိုရီးယားဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးက အိမ်ထောင်ရေးဖောက်ပြန်ခြင်းကို** ထားခြင်းမှာ မတူးဆန်းသော်လည်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်မြင့်တက်နေသည့်အချိန်တွင် မယားငယ်နိမ့်နင်းရေးဝန်ဆောင်မှုလုပ်ငန်းများမှာလည်း ဧရိယာတိုးချဲ့ခဲ့သည်။ ဝန်ဆောင်မှုတွင် **အိမ်ထောင်ရေးနိုင်မြဲအောင် ဇနီးမယားများကိုသင်ကြားပေးခြင်း။ မယားငယ်ကို မောင်းထုတ်ပေးခြင်း**ကို ပါဝင်သည်။ ရုန်ဟိုင်းအခြေစိုက် မယားငယ်နိမ့်နင်းရေးကုမ္ပဏီတစ်ခုဖြစ်သော Weiqing International Marriage Hospital Emotion Clinic Group ၏အဆိုအရ လုပ်ငန်းတစ်ခုလက်ခံရရှိပြီဆိုပါက ဝန်ထမ်းများသည် မယားငယ်၏အလုပ်အကိုင်၊ ပိသားစု၊ ပညာရေး၊ မိသားစုနှင့်ဒွေဇရေးကြေးရေးအဓမ္မအနေများကို စုံစမ်းပြီးမှ ချဉ်းကပ်ရန်နည်းလမ်းကို အစီအစဉ်ဇရေးဆွဲရလေ့ရှိသည်ဟု ဆိုခဲ့သည်။သို့သော် မယားငယ်များကို ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်းကို တားမြစ်ထားသည်။ ဝန်ဆောင်ခအနေဖြင့် အနည်းဆုံး ဒေါ်လာ ၄၅၀၀၀ အထိကုန်ကျနိုင်ပြီး **မယားငယ်ကို ချဉ်းကပ်ရာတွင် ကုန်ကျမည့်စရိတ်စရများကိုလည်း ပေးချေရဉီးမည်ဖြစ်သည်၊ ကရတ်ဇနီးမယားများက မယားငယ်နိမ့်နင်းရေးဝန်ဆောင်မှုလုပ်ငန်းများသည် ကွာရှင်းခြင်းထက် ပိုမိုထိရောက်သည့်နည်းလမ်းဖြစ်သည်ဟု ယူဆထားပြီး ဒေသတွင်းအောင်မြင်သည့်စီးပွားရေးလုပ်ငန်းများအဖြစ်လည်း ထွက်ပေါ်လာလျက်ရှိသည်ဟု** သိရသည်။

**(OC,3.8.16) မေဝွန်**

**ပြစ်မှုမဖြောက်ဟု ဖြီးခဲ့သည့် နှစ်တွင်သတ်မှတ်ခဲ့သည်၊ သို့သော် ပြည့်တန်ဆာအလုပ်မှာမူ ယခုထက်ထိတိုင် တရားမဝင်အလုပ်ဖြစ်နေဆဲဖြစ်သည်။**

# ရေကူး၍ သစ်လုံးများကို သင်္ဘောများဆီသို့ ပို့ဆောင်ပေးရန် လေ့ကျင့်ထားသည့် ရှားပါးဆင်ကြီး သေဆုံး



Barefoot အပန်းဖြေစခန်းက ရာဂျန်ကို ဝယ်ယူခဲ့ပြီး ကျွန်းပေါ်တွင် လွတ်လပ်စွာ လှုပ်လှည့်လည်သွားလာစေကာ ကမ္ဘာလုပ်ရှိ ခရီးသွားများနှင့်အတူ ရာဂျန်ကို ရေကူးစေခြင်းဖြင့် အစကြေးငွေရာဖွေလျက်ရှိသည်၊ **သမုဒ္ဒရာရေအောက်၌ ရေကူးနေသော ရာဂျန်ကို ဓာတ်ပုံရိုက်ကူးနိုင်ရန် ဝါရင့်ဓာတ်ပုံ ဆရာများ၊ ဓာတ်ပုံ သတင်းထောက်များ စုဝေးရောက်ရှိလာခဲ့သည်၊** ပြီးခဲ့သည့် ငါးနှစ်မုဝတင်ကာ ရာဂျန်ကို အနားပေးခဲ့ပြီး ထောင်ထဲတွင် လွတ်လပ်မှုာ သွားလာစေခဲ့သည်၊ အိန္ဒိယနှင့် ပြန်မာနိုင်ငံကြားတွင်ကည်ရှိသော ကျွန်းပေါ်မှ ဒေသခံများသည် ဆင်များကို ရေကူးတက်အောင် လေ့ကျင့်သင်ကြားပေးကာ ၎င်းတို့အတွက် အလုပ်များ ခိုင်းစေလေ့ရှိသည်၊ ရာဂျန်သည် သစ်လုံးကြီးများကို သင်္ဘောများပေါ်သို့ ရေကူး၍ ပို့ဆောင်ပေးခဲ့ရသော်လည်း ယနေ့မေတ်တွင် ခေတ်မီစက်ပစ္စည်းကိရိယာများကြောင့် ဆင်များကို အသုံးပြုခြင်း မရှိကြတော့ဘဲ ရာဂျန်သည် ကမ္ဘာပေါ်တွင် ဇနောက်ဆုံးကျန်ရှိသည့် ရေကူးဆင်ကြီးဖြစ်လာခဲ့သည်ဟု သိရသည်၊ **(DM, 4.8.16) မေဝွန်**

ဘင်္ဂလားပင်လယ်အော်အတွင်းရှိ Andaman ကျွန်းပေါ်တွင် ကျက်စားလေ့ရှိသော ကမ္ဘာပေါ်တွင် **နောက်ဆုံးကျန်ရှိသည့် သမုဒ္ဒရာရေကူးဆင်ကြီးမှာ အသက် ၆၆ နှစ်အရွယ်တွင် ဇသဆုံးသွားခဲ့သည်ဟုသိရသည်။** ဆင်ကြီး ရာဂျန်သည် သမုဒ္ဒရာထဲတွင် ဝါအရင့်ဆုံး ရေကူးဆင်ကြီးဖြစ်ပြီး **ဘင်္ဂလားပင်လယ်ဇအော်အတွင်း၌ သက်ဇသာင့်သက်သာ ရေကူးနိုင်သည့် စွမ်းရည်ကြောင့် နာမည်ကျော်ကြားသည်၊ ရာဂျန်အား ကျွန်းများမှ သစ်လုံးများကို ကုန်တင်သင်္ဘောကြီးများထဲသို့ ရေကူး၍ ပို့ဆောင်ဇပေးနိုင်ရန် လေ့ကျင့်ဇပေးထားခြင်း ဖြစ်သည်၊** ၂၀၀၄ ခုနှစ်၌ ရုပ်ရှင်ရိုက်ကွင်းတစ်ခုအတွက် ရာဂျန်သည် ပိုင်ရှင်နှင့်အတူ Havelock ကျွန်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ပိုင်ရှင်က ရာဂျန်ကို သင်္ဘောနှင့် ပြန်လည်ခေါ်ဆောင်သွားရန် ငွေကြေးပြတ်လတ်သွားခဲ့သောကြောင့် ကျွန်းပေါ်တွင် သောင်တင်နေခဲ့ရသည်၊ နောက်ဆုံးဟွင် တစ်သက်လုံး ခြေချုပ်နှင့် နေထိုင်သွားရမည့် ဘုရားကျောင်းတစ်ခုသို့ ရောင်းစားခံရမည့်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော် ကျွန်းပေါ်ရှိ

# တရုတ်တွင် မယားငယ်နှိမ်နင်းရေးဝန်ဆောင်မှုလုပ်ငန်း ထွက်ပေါ်လာ

အနောက်နိုင်ငံများတွင် ခင်ပွန်းဖြစ်သူ၌မယားငယ်ရှိနေသည်ကို သိရှိကြသည့်အချိန်တွင် အချို့က ဖြောင်းဖြေပြောဆိုကြပြီး အချို့က ကွာရှင်းရန်ဇတောင်းဆိုလာကြသည်၊ သို့သော် ဟရုတ်နိုင်ငံတွင် မယားငယ်ပြဿနာများသည် ထင်ထားသည်ထက်ပိုပိုရှုပ်ထွေးသောကြောင့် **မယားငယ်နှိမ်နင်းရေးဝန်ဆောင်မှုလုပ်ငန်းများလည်း ထွက်ပေါ်လာခဲ့သည်**ဟု သိရသည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အဆင့်မြင့်အာဏာပိုင်များက မယားငယ်လုံးကို ပြန်ဖျက်ဆီးကာ အကျဉ်းခန်းအဖြစ် ပြန်လည် ပြောင်းလဲခဲ့ရသည်။ အထူးအကျဉ်းခန်းထဲတွင် အခန်းများကန့်ခြင်း၊ ပရိဇောဂများထည့်သွင်းခြင်း၊ သစ်သားကြမ်းခင်းခင်းခြင်းကို ပြုလုပ်ထားပြီး ၎င်းအခန်းထဲ၌ လာရောက်နေထိုင်လိုသည့်အကျဉ်းသားများအနေဖြင့်လည်း ဒေါ်လာ ၅၁၀၀ အခကြေးငွေပေးချေ နေထိုင်နိုင်သည်။ **အခန်းထဲ၌ ဆဲလ်ဝုန်း၊ အင်တာနက်အသုံးပြုခွင့်ရှိပြီး** ဧည့်သည်များလည်း အခိုင်မာရွေးဂင် ရောက်တွေ့ဆုံနိုင်သည်၊ ပါဇာအိုကို အထူးအခွင့်အရေးများပေးအပ်ထားခဲ့ခြင်းသည် ပါရာဂွေးနိုင်ငံ၏တရားရေးရာစနစ်ကို တုန်လှုပ်ဇခဲ့ပြီး **အကျဉ်းထောင်ဒါရိုက်တာများနှင့် တရားရေးရာဝန်ကြီးများက ပါဇာအိုထံမှ လာဘ်ယူထားခဲ့ကြခြင်းဖြစ်**သည်ဟု သိရသည်။

**(OC,3.8.16) မေဝွန်**

# ဘရာဇီးမူးယစ်ဂိုဏ်းခေါင်းဆောင်က ထောင်အခန်းလေးကို ဇိမ်ခံဟိုတယ်ခန်းအဖြစ် ပြောင်းလဲနေထိုင်

တောင်အမေရိကရှိ အန္တရာယ်အများဆုံး မူးယစ်ဂိုဏ်းခေါင်းဆောင်များထဲမှ တစ်ဦးအဖြစ် သက်မှတ်ခံထားရသောဂျာဇစ်မျင်မန်နိုဝါဇာအိုသည် **ပါရာဂွေးနိုင်ငံရှိ Tacumbu အကျဉ်းထောင်၌ ထောင်ဒဏ်ရှစ်နှစ် ကျခံနေရသူဖြစ်သော်လည်း ကြာသေးဇိကမှ ၎င်း၏အကျဉ်းခန်းကို ဇိမ်ခံဟိုတယ်ခန်းတစ်ခုအဖြစ် ပြောင်းလဲနေထိုင်နေခဲ့ခြင်းဖြစ်**ကြောင်း အာဏာပိုင်များက သိရှိခဲ့ကြသည်၊ လာမည့်နှစ်တွင် ထောင်ဒဏ်ပြီးဆုံးပါက ဘရာဇီးနိုင်ငံသို့ ပြည်နှင်ဒဏ်မပေးခံရန်ခြေရှိနေပြီး မကြာသေးမီကလည်း အကျဉ်းထောင်နံရံဟွင် အပေါက်ဖောက်ကာ ထွက်ပြေးရန်ကြိုးပမ်းခဲ့သေးသည်။ ထိုအခါမှ အကျဉ်းခန်းလေးမှာ အခန်းသုံးခန်းပါ ဇိမ်ခံကိုတယ်ခန်းလေးအဖြစ် ပြောင်းလဲနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ **လေဒေးဖေးစက်၊ သီးသန့်အိမ်သာ၊ မီးဖိုချောင်၊ စာကြည့်ခန်းနှင့် နံရံကပ်တီဗီပေါင်းများစွာကို မြင်တွေ့ရပြီး** ခဲများက အခန်းအပြင်ဆင်းအား

# ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းမှ ဝန်ထမ်း ၁၃ ဦး ဘိန်းမှောင်ခိုကူးမှုဖြင့် ဖမ်းဆီးခံရ

ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းမှ ဝန်ထမ်း ၁၃ ဦးသည် **ခွဘိုင်းဖြို့မှ ပါကစ္စတန်နိုင်ငံ လာဟိုးဖြို့သို့ ဘိန်းဖြူ ၆ ကီလိုဂရမ်မှောင်ခိုကူးရန် ကြိုးပမ်းမှုဖြင့် ဖမ်းဆီးခံလိုက်ရကြောင်း** သိရသည်။ ပြစ်မှုထင်ရှားပါက ၎င်းကို့ကို ပြင်းပြင်းထန်ထန်အရေးယူသွားမည်ဟု အထက်ပါလေကြောင်းလိုင်းမှပြောရေးဆို ခွင့် ရှိသူက ဆိုသည်၊ ယင်းလေကြောင်းလိုင်းပိုင်လေယာဉ်သည် ခွဘိုင်းမှ လာဟော်ဖြို့သို့ မှဲ့သန်းရန် လုပ်နေဆဲဖြစ်တွင်ပင်မူးယစ်ဆေးနှိပ်နင်းရေးအဖွဲ့သည် လေယာဉ်ပေါ်တွင် ဘိန်းဖြူမြောက်မြားစွာပါသွားကြောင်း သတင်းရရှိသွားသည်။ မူးယစ်ဆေးနှိပ်နင်းရေးအဖွဲ့မှ အရာရှိများက လေယာဉ်ပေါ် တက်ရှာသည့်အခါတွင်မှ **ဖြောက်ကိုလိုဂရမ်ရှိသည့် ဘိန်းဖြူကို ရေအိပ်ထဲမှ ရှာဖွေတွေ့ရှိသွားဇကာ့သည်။** ထိုမှုများပြားလှသည့် ဘိန်းဖြူပမာဏကို လေယာဉ် ပေါ်တွင်ဝှက်ထားနိုင်ရန်ဆိုသည်မှာ လေယာဉ်ဝန်ထမ်းများက ပူးပေါင်းကြံစည်မှုသာ ရနိုင်လိမ့်မည်ဟု မူးယစ်နှိပ်နင်းရေးအဖွဲ့အသိုင်းအဝိုင်းက ပြောကြားသည်။

**(Yahoo, 6.8.16) ချယ်ရီ**

ပြည်မြန်မာသတင်းဂျာနယ်၊ Swesone Media Group၊
Central Tower၊ ပထမထပ်၊ အနောက်ထောသမိန်း၊
(၃၉ သမိန်းထောင့်)၊ ရန်ကုန်မြို့။
ဝုန်း ၊ ၀၁ ၃၉၂၉၂၀၊ ၃၀၅၂၉၃၊ ၃၉၂၇၃၉

www.free4reader.com



# တိုက်လေယာဉ်ထုတ်လုပ်မှုသမိုင်းတွင် ကုန်ကျစရိတ်အများဆုံးဖြစ်သော F-35 Joint Strike တိုက်လေယာဉ်များ တိုက်ပွဲဝင်ရန်အသင့်ဖြစ်နေ

ငါးခုမြောက်မျိုးဆက်ဖြစ်သော F-35 Joint Strike တိုက်လေယာဉ် ၂၄၅၇ စင်းဆောက်လုပ်ရန် ဒေါ်လာဘီလျံ ၄၀၀ ကုန်ကျမည်ဖြစ်သောကြောင့် သမိုင်းတွင် ကုန်ကျစရိတ်အများဆုံးလက်နက်အဖြစ် သတ်မှတ်ခံခဲ့ရသော F-35 Joint Strike တိုက်လေယာဉ်များသည် တိုက်ပွဲဝင်ရန်အဆင်သင့်ဖြစ်နေပြီဟု အမေရိကန်လေတပ်က ထုတ်ဖော်ကြေညာလိုက်သည်။ ကုန်ကျစရိတ်များပြားခြင်း၊ နောင့်နေးမှုများနှင့်ကြုံတွေ့ရခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီးနောက် Lockheed Martin Corp F-35A တိုက်လေယာဉ်အုပ်သည် တိုက်ပွဲဝင်ရန် အသင့်ဖြစ်သည်ဟု ဆိုခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် Small Diameter ပုံးကဲ့သို့ လက်နက်များအပါအဝင် တိုက်ခိုက်ရေးစွမ်းအင်အပြည့်အဝရရှိရန် လုပ်ဆောင်သွားမည်ဖြစ်သည်။ F-35 Joint Strike တိုက်လေယာဉ်များကြောင့် အမေရိကန်စစ်တပ်သည် လက်ရှိဘက္ခာအဝေးထက်ပိုမိုဝေးကွာသောနေရာမှ ရန်သူ့လေယာဉ်များနှင့် အခြားရန်စွယ်များကို ထောက်လှမ်းနိုင်စွမ်းရှိလာမည်ဖြစ်ပြီး **ပစ်မှတ်ကို တိုက်ခိုက်ပြီးသည်နှင့် ရန်သူ့လေယာဉ်က မတွေ့ရှိစင်တွင် အမြန်ဆုံးပြန်လည်ထွက်ခွာသွားနိုင်မည်ဖြစ်**သည်။ အမေရိကန်လေတပ်သည် ကမ္ဘာပေါ်တွင်အကြီးဆုံး F-35 တိုက်လေယာဉ်အုပ်ကြီးကို ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းနေပြီး ဆော့ဖ်ဝဲပိုင်းနှင့် တိုက်ခိုက်ရေးစွမ်းအင်များကို ပိုမိုအစွမ်းထက်အောင် လုပ်ဆောင်နေကြဆဲဖြစ်သည်။ **F-35 တိုက်လေယာဉ်များကို ပြီတိန်၊ သြစတြေးလျ၊ နော်ဝေး၊ အီတလီ၊ တူရကီ၊ ဒိန်းမတ်၊ နယ်သာလန်၊ အစ္စရေး၊ တောင်ကိုရီးယားနှင့်ဂျပန်တို့က မှာယူထားပြီး** အမေရိကန်စစ်တပ်က ၂၀၁၉ ခုနှစ်တွင် F-35 လေယာဉ်တစ်စီး ဆောက်လုပ်ရရိတ်ကို ဒေါ်လာ ၈၅ သန်း အထိလျှော့ချသွားနိုင်ရန် ရည်မှန်းထားသည်ဟု သိရသည်။

**(DM.4.8.16)**
**မေဇွန်**

# ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲများ ကြည့်ရှုရန် တရုတ်မှဘရာဇီးသို့ သုံးဘီးစက်ဘီးလေးဖြင့် ခရီးနှင်




တရုတ်နိုင်ငံမှ **အသက် ၆၀ အရွယ်** ချန်ကွမ်မင်းအမည်ရှိအမျိုးသားသည် ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲများကို ကြည့်ရှုနိုင်ရန် တရုတ်မှဘရာဇီးနိုင်ငံအထိ **သုံးဘီးစက်ဘီးလေးဖြင့်** ခရီးနှင်ပြခဲ့သည်ဟု သိရသည်။ ၂၀၁၁ ခုနှစ်မှစတင်ကာ ခွန်သည့် အိုလံပစ်အားကစားပြိုင်ပွဲများကို ခွဲလမ်းစိတ်ပြင်းထန်လာခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် တရုတ်က အိုလံပစ်ပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ **၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲကို လည်း ကျန်းစုပြည်နယ်တွင်နေထိုင်သော ချန်က မမျက်မကွက်သွားရောက်ကြည့်ရှု ခဲ့ပြီး** ရိယိုအိုလံပစ်မှာ တတိယမြောက်ဖြစ်သည်။ ချန်သည် ဇူလိုင်လ ၃၀ ရက်တွင် ရီယိုသို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၂ ခုနှစ်ကလည်း ရေကြီးရေလျှံနေသည့် ဒေသများ၊ စစ်ပွဲဖုန်များ၊ အေးစက်နေသည့် ဒေသများ၊ တောင်တန်းများအပါအဝင် **နိုင်ငံပေါင်း ၁၆ နိုင်ငံကို ဖြတ်ကျော်၍ ပိုင်ပေါင်း ၃၇,၂၀၀ ကို ကျော်လွန်ကာ လန်ဒန်သို့ ခရီးနှင်ခဲ့သေး**သည်။ ၂၀၁၀ ခုနှစ် မေလ ၂၃ ရက်တွင် နေအိမ်မှ ထွက်ခွာလာသောချန်သည် လန်ဒန်သို့ ၂၀၁၂ ဇူလိုင်လ ၉ ရက်တွင် ရောက်ရှိလာခဲ့သည်။ အိုလံပစ်ပွဲသွားရာသို့ သုံးဘီးစက်ဘီးဖြင့် လိုက်ပါနေဦးမည်ဖြစ်သည်ဟုဆိုသော ချန်၏သုံးဘီးစက်ဘီးတွင် ၎င်း၏ခရီးသွားပုတ်တပ်းအကြောင်း ရေးသားထားသည့် သတင်းစာ စာမျက်နှာများကို လည်းမြင်တွေ့နိုင်သည်။ ချန်က ဇီယုံတွင် ရက် ၂၀ ခန့်ကိုင်ကာ Oceania သို့ ခရီးဆက်မည်ဖြစ်သည်ဟု သိရသည်။

**(AP.4.8.16) မေဇွန်**


အရူရီဒူးရဲ့အတန်ဆုံး အကောင်းဆုံး
စမတ်စီးရီးဖုန်းများ

ooredoo

ဆင်းကတ် နှစ်ကတ်သုံး၊ ရေ့နောက်ကင်မရာ၊ သီချင်း၊ ဗီဒီယိုကင်မရာ၊
Android 5.1 ဟားရှင်းနဲ့ဖုန်းကို အဆင့်မြင့်မြင့်သုံးစွဲဖို့ အခုပဲရယူလိုက်ရအောင်

Smart Series

၃၀,၀၀၀ ကျပ် မှစတင်၍ တစ်နှစ်အာမခံ

အသေးစိတ်သိရှိလိုပါက ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

www.free4reader.com



# တရားသူကြီးများသည်လည်း ဘိန်းမှောင်ခိုမှုနှင့်ဆက်စပ်နေဟု ဖိလစ်ပိုင်သမ္မတသစ် စွပ်စွဲလိုက်

ဖိလစ်ပိုင်သမ္မတ ရောဒ်ဒရီဂိုဒူတာတီက **လက်ရှိတာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစား နိုင်ငံရေးသမားများ၊ လွှတ်တော်အမတ်များရဲ့ အရာရှိကြီးများနှင့် တရားသူကြီးများကို ဘိန်းမှောင်ခိုမှုနှင့် အဆက်အစပ်ရှိနေမှုဖြင့် စွပ်စွဲခဲ့ပြောဆို**လိုက်ပြီး ၎င်းတို့ကို လာရောက်အဖမ်းခံကာ အစစ်ဆေးခံကြရန် ပြောကြားလိုက်သည်။ ရှပ်သံမိန့်ခွန်းပြောရာတွင် ၎င်းက **၎င်းစွပ်စွဲပြောဆိုနေသည့် လူများကို အမည်တပ်ပြောဆိုသွားပြီး ၎င်းတို့ရရှိထားသည့် လုံခြုံရေးကို ရုပ်သိမ်းလိုက်ရန်** အမိန့်ချမှတ်လိုက်သည်။

''ခင်ဗျားတို့ကသာ အဖမ်းမခံနိုင်ဘူးဆိုပြီး တစ်ချက်လောက် ကလန်ကဆန်လုပ်လိုက်တာနဲ့ ကျုပ်က ရဲကွေကို ပစ်မိန့်ပေးပစ်လိုက်မယ်''ဟု ၎င်းက ဆိုသည်။ သမ္မတက အချို့လူများကို မှားယွင်းအမည်တပ်ခဲ့ကြောင်း ဒေသခံသတင်းများက ဆိုသည်။ ယူဃစ်ဆေးပါးလုပ်ငန်းကို အကာအကွယ်ပေးနေသည့် တရားသူကြီးဟု သမ္မတက စွပ်စွဲကာ အမည်တပ်ပြောဆိုခဲ့သူများထဲတွင် ဖော်ပြထားသည်။

**(BBC, 8.8.16) ချယ်ရီ**

# ကမ္ဘာမိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အတွက် အမျိုးသမီး ထောင်နှင့် ချီ၍ လမ်းမပေါ်ထွက်ကာ ရင်သွေးငယ်များကို မိခင်နို့တိုက်ကျွေး

ရိုဇမန်းဆောင်ဖိုင်ငံ ဘုရင်ရက်မြို့တွင် မိခင်များ လမ်းမပေါ်ထွက်၍ ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးနေစဉ်

**ကမ္ဘာမိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အတွက်** ကမ္ဘာတစ်ဝန်းမှမိခင်များသည် မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို လူအများ သိရှိနိုင်ရန် ရည်ရွယ်၍ **လမ်းမပေါ်ထွက်ကာ ရင်သွေးငယ်များကို မိခင်နို့ကျွေးခဲ့ကြသည်**ဟု သိရသည်။ **ဖိလစ်ပိုင်နိုင်ငံမှစ၍ ရိုဇမန်းယားနိုင်ငံအထိ နိုင်ငံပေါင်း ၁၂၀ ကျော်သည် ဩဂုတ်လ ၁ ရက်မှ ၇ ရက်အတွင်း** နှစ်စဉ် ကမ္ဘာမိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၌ လူပေါင်း ထောင်နှင့်ချီ ပါဝင်ဆင်နွှဲလေ့ရှိသည်။ **၁၉၉၂ ခုနှစ်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့သော** ကမ္ဘာမိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဟွင်း ကလေးဓမ္မဗေဒပြည်ထောက်ပံရေးအဖွဲ့ (WABA) ၏ ဦးဆောင်မှုဖြင့် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ယူနီဆက် (UNICEF) တို့ ပူးပေါင်းပါဝင်ကာ "Breastfeeding: Make it Work" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသော Hakab Na! 2016 အခမ်းအနားသို့ မိခင် ၅၀၀ ခန့် တက်ရောက်ကာ ရင်သွေးငယ်များကို စုပေါင်း မိခင်နို့ တိုက်ကျွေးခဲ့ကြသည်။ ဘူဘျာရက်စ်စ်ဖြို့တွင်လည်း ပြတိုက်ကြီးတစ်ခု၏ အပြင်ဘက်၌ ရိုးရာဝတ်စုံများ ဝတ်ဆင်ထားသော အမျိုးသမီးများစုရုံး၍ ကလေးငယ်များကို မိခင်နို့ တိုက်ကျွေးခဲ့ကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်တိုင်က မိခင်နို့သည် အာဟာရဓာတ်များ ပြည့်ဝစုံလင်ခြင်း၊ အဆုတ်ရောင်ရောဂါကဲ့သို့သော အသက်သေစေနိုင်သည့် ရောဂါများအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ ကြီးထွားဖွံ့ဖြိုးမှု မြန်ဆန်စေခြင်းကဲ့သို့သော ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိစေနိုင်သည်ဟု ဆိုထားခြင်းဖြစ်သည်။

**(DM, 8.8.16) မေဝွန်**

# ထိုင်းပြည်သူများက စစ်အစိုးရ၏ပွဲ့ စည်းပုံအခြေခံဥပဒေမူကြမ်းကို သဘောတူလက်ခံ

စစ်တပ်ခန့်အပ်ထားသည့် ကော်မတီက ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မဲထည့်သူ ထိုင်းပြည်သူအများစုက ထောက်ခံမဲထည့်လိုက်သဖြင့် ယင်းမူကြမ်းသည် ပြတ်ပြတ်သားသား အနိုင်ရသွားပြီဖြစ်သည်။ **မဲထည့်သူ ပြည်သူများအနက် ၆၁ ဒသမ ၄၅ ရာခိုင်နှုန်းက ယင်းဖွဲ့စည်းပုံမူကြမ်းကို ထောက်ခံမဲ ထည့်ခဲ့ကြသည်**ဟု တရားဝင်ကြေညာသည်။ **စစ်တပ်သည် ၂၀၁၄ ခုနှစ်တွင် အာဏာသိမ်းအပြီးတွင်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအဖောင်းကို အသိအမှတ်မပြုစတေးပေ။**

**ဖွဲ့စည်းပုံမူကြမ်းအသစ်ကြောင့် ထိုင်းပြည် ပြန်လည်တည်ငြိမ်လာလိမ့်မည်ဟု ထောက်ခံသူများကမူ ထိုမူကြမ်းကြောင့် စစ်တပ်အာဏာပိုနိုင်မြဲသွားလိမ့်မည်ဟု** ဆိုကြသည်။ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်နှစ်ရပ် ပူးပေါင်းကာ ဝန်ကြီးချုပ်ကို ရွေးချယ်တင်မြှောက်သွားမည်ဆိုသည့် အချက်ကိုလည်း မဲဆန္ဒရှင်များက ထောက်ခံခဲ့ကြသည်။

ဩဂုတ်လ ၇ ရက်တွင် ကျင်းပမည့် ပြည်သူဆန္ဒခံယူပွဲတွင် စုစုပေါင်းလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်က ဝဲလာထည့်လိမ့်မည်ဟု အစိုးရက ခန့်မှန်းထားခဲ့သော်လည်း လက်တွေ့တွင်မူ **မဲလာထည့်သူ အရေအတွက်မှာ ၅၅ ရာခိုင်နှုန်းခန့်သာ** ရှိသည်။ ထိုင်းနိုင်ငံတွင် အကြီးဆုံးနိုင်ငံရေးပါတီများက ယင်းမူကြမ်းကို ဆန့်ကျင်ခဲ့ကြသည်။ ဆန္ဒခံယူပွဲဖွင့်နေ့တွင် အစိုးရက ရဲအရာရှိပေါင်း ၂၀၀,၀၀၀ခန့်ကို လုံခြုံရေးအတွက် ချထားခဲ့သည်။

**(BBC, 8.8.16) ချယ်ရီ**

# ဂျပန်ရေငုပ်သမားထံ ၂၅ နှစ်တိုင်တိုင် မပျက်မကွက်လာလည်သည့် ငါး

ငါးတွေမှာ ခံစားချက်ရှိပါသလား။ ငါးတွေဟာ ဘာမှမနွေးထွေးဖော်ရွေမှုမရှိမှဲ့ သတ္တဝါအမျိုးအစားပဲလို့ လူတွေက ထင်လေ့ရှိမေမယ့် အဲဒီထင်မြင်ချက်မှားတယ်ဆိုတာကို ယိုရိကိုလို့ နာမည်တွင်တဲ့ ငါးကြီးတစ်ကောင်က သက်သေပြနေပါတယ်။ **အဲဒီငါးကြီးက ဂျပန်ကမ်းလွှန်ပင်လယ်မှာ** နေတာပါ။

ရေအောက်ထဲမှာရှိတဲ့ နတ်ကွန်းဆီရေငုပ်သမားကြီး ဟိရိယူရီအာရကာဝါလာတိုင်း ဒီငါးကြီးက လာလာနှုတ်ဆက်တယ်လေ။ ဂျပန်နိုင်ငံဂတိယာမာအရပ်ဒေသမှာ ဟဆောမာဆိုတဲ့ ရေအောက်ဥယျာဉ်ရှိပါတယ်။ **အဲဒီရေအောက်ဥယျာဉ်မှာရှိတဲ့ ရှင်တိုနတ်ကွန်းကို သွားဖူးချင်တယ်ဆိုရင် ရေကူးဝတ်စုံ၊ အောက်ဆီဂျင်ဘူး အပါအဝင် ရေကူးကိရိယာတွေ အပြည့်အစုံပါမှပဲ သွားလို့ရပါတယ်။** အာရကာဝါက အဲဒီမှာ ရေကူးကိရိယာပစ္စည်းအငှားဆိုင်ဖွင့်ထားတာပါ။ နတ်ကွန်းကို သူကပဲ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပါကလေ။ အဲဒီနတ်ကွန်းကို သူသွားတိုင်း ငါးကြီးက လာလာနှုတ်ဆက်တာပါ။ အဲဒီငါးကြီးနဲ့ မိတ်ဆွေဖြစ်နေကတာ ၂၅ နှစ်တောင်ရှိသွားပြီလို့ အာရကာဝါကပြောပြပါတယ်။

**(Yahoo, 8.8.16) ချယ်ရီ**

# နိုင်ငံတော်သစ္စာဖောက်မှုဖြင့် အီရန်နျူကလီးယားသိပ္ပံပညာရှင် ကွပ်မျက်ခံရ

အမေရိကန်အစိုးရကို အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပေးခဲ့သည့် အီရန်သိပ္ပံပညာရှင်ဟစ်ဉီးအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း အစိုးရက အာဟာသပြုပြောကြားလိုက်သည်။ ရန်သူအား **အလွန်တရာ အရေးကြီးလှသည့် သတင်းအချက်အလက်များ ပေးလိုက်မှုဖြင့် ရှာဟမ်အမ်မိရီကို ကွပ်မျက်လိုက်ခြင်းဖြစ်ကြောင်း** ဟာများရေးရာပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ ၁၉၇၇ ခုနှစ်တွင် မွေးဖွားသည့် အပ်ဒိရီသည် ၂၀၀၉ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံ၊ မက္ကာမြို့၌ ဘုရားဖူးခရီး ရောက်ရှိနေစဉ်တွင်ပင် ပျောက်ခြင်းဖြစ်လာ ပျောက်ဆုံးသွားသည်။

ထို့နောက်တစ်နှစ်အကြာကွင် အမေရိကတွင် ပြန်ပေါ်လာသည်။ မိမိကို အမေရိကန်ပဟိုထောက်လှမ်းရေး အဖွဲ့က ဖမ်းဆီးပြီး စစ်ကြောခဲ့သည်ဟု ၎င်းက ဆိုသည်။ မိမိထံမှ အရေးပါလှသည့် သတင်းအချက်အလက်များ ရရှိရန် ၎င်းတို့က မိမိကို အပြင်းအထန်မိတ်အားပေးခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။သို့သော် အမေရိကန်အရာရှိများကမူ ဒမ်မီရီသည် အမေရိကသို့ ၎င်းသဘောဖြင့် ၎င်းဘာသာ ဘက်ပြောင်းခိုလှုံလာခြင်းဖြစ်သည်။

**(BBC, 8.8.16) ချယ်ရီ**

# ဟောင်ကောင်တွင် ဒီမိုကရေစီလိုလားသော ဆန္ဒပြသူများက Pokemon Go ဂိမ်းကို အသုံးပြု၍ ပုန်းရောင်မှများ ပြုလုပ်လာကြ

ဟောင်ကောင်တွင် ဒီမိုကရေစီလိုလားသော ဆန္ဒပြသူများက အာဏာပိုင်များထံမှ ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြသည့် အခါမျိုး၌ ဆန္ဒပြသည့်ရည်ရွယ်ချက်ကို ဖုံးကွယ်နိုင်ရန် Pokemon Go ဂိမ်းကို အသုံးပြုလာကြသည်ဟု သိရသည်။ ဟောင်ကောင်တွင် ဒီမိုကရေစီလိုလားသော ဆန္ဒပြပွဲများမှာ ဖြစ်လေ့ဖြစ်ထရှိပြီး **၂၀၁၄ ခုနှစ်က Occupy Central လှုပ်ရှားမှုအတွင်း လူပေါင်းထောင်နှင့်ချီ လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်း** မကြာသေးမီကပင် ဟောင်ကောင်အစိုးရသည် လွှတ်လပ်ရေးကိုလိုလားသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများအား ဝင်ရောက်ပုဒ်ပြုပိုင်ရန် အရည်အချင်းပြည့်မီကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်း ဒီမိုကရေစီလိုလားသော ဆန္ဒပြသူများအဖွဲ့အစည်းများကလည်း **အာဏာပိုင်များထံမှ ခွင့်ပြုချက်မယူတဲ့ Pokemon Go ဆော့ကစား နေသည်ဟန်ဖြင့် လမ်းပေါ်တက်၍ ဆန္ဒထုတ်ဖော်မှုများပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်း** စုစုပုံရုံးရုံးဖြစ်နေသော နိုင်ငံရေးဆန္ဒပြသူများနှင့် Pokemon Go ဂိမ်းဆော့ကစားနေသည့် လူဘုပ်ကြီးမှာ ထူးထူးခြားခြား ကွဲပြားခြားနားခြင်းမရှိသောကြောင့် အာဏာပိုင်များ လာရောက်ဖမ်းဆီးပါက ဂိမ်းဆော့ယောင်ဆောင်နေရန် ကြံစည်ခဲ့ကြခြင်းဖြစ်သည်။ **(AP, 8.8.16) မေဝွန်**

www.free4reader.com



# သမ္မတသစ်ဒူတာတီက လူပေါင်းထောင်နှင့်ချီ သေဆုံးစေခဲ့သော အာဏာရှင်ဟောင်းများကို၄်ကို သူရဲကောင်းဝီမာန်တွင် မြှုပ်နှံခွင့်ပြု

ဖိလစ်ပိုင်သမ္မတသစ် ရီဒရီဂို ဒူတာတီက ဩဂုတ်လ ၇ ရက်ကွင် ၁၉၈၆ မှနှစ်က ရာထူးမှဖြုတ်ချခံခဲ့ရသော **အာဏာရှင်ဟောင်း ဖာဒီနန်မားကို၄်ကို သူရဲကောင်းဝီမာန်၌ မြှုပ်နှံခွင့်ပြုလို၄်ပြီး မားကို၄်ကို ဆန့်ကျင်သူများအတွက်လည်း နိုင်ငံရေးအရ ဆန္ဒထုတ်ဖော်ခွင့် ပေးသွားမည်ဟု** ဆိုခဲ့သည်။ ဒူတာတီက မားကို၄်သည် စစ်သားဧဟောင်းတစ်ဦးနှင့် သမ္မတဟောင်းတစ်ဦးအနေဖြင့် စစ်တပ်၏ သူရဲကောင်းဝီမာန်ကွင်ပြေပြုပြုပ်ရန် အပြည့်အဝ အခွင့်အရေးရှိသည်ဟု ဆိုခဲ့သည်။ ဒူတာတီက ပိမိကိုယ်တိုင် တစ်ချိန်က မားကို၄်အကွက် ပဲပေးခဲ့ဖူးပြီး ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဖခင်နှင်ဝံရေးသမားဟောင်းလည်း မားကို၄်၏ အစိုးရအဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်ဟု သတင်းဘရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောဆိုခဲ့သည်။ ဒူတာတီက မားကို၄်အား ဆန့်ကျင်သူများ၏ လမ်းပေါ်ထွက် ဆန့်ကျင်ဆန္ဒပြမှုများကို လက်ခံသွားသည် ဖြစ်သော်လည်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်စေအောင် ဂရုစို်က်ရမည်ဟု သတိပေးပြောဆိုခဲ့သည်။ စစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူက မားကို၄်၏ ဝိသေးစုမှ ကိုယ်စားလှယ်များသည် မနီလာမြို့ရှိ သူရဲကောင်းဝီမာန်သို့သွားရောက်ကာ မြှုပ်နှံမည့် နေရာကို ရွေးချယ်ခြင်း၊ ပြင်ဆင်မှုများပြုလုပ်ခြင်းတို့ကို လုပ်ဆောင်နေပြီဖြစ်သည်ဟု ဆိုခဲ့သည်။ **မားကို၄်အား မြေမြှုပ်ခြင်းကို စက်တင်ဘာလ ၁၈ ရက်တွင် မြုလုပ်သွားမည်ဖြစ်ပြီး** သမ္မတပောင်း အက္ခီန်၊ လက်ဝဲယိမ်း တက်ကြွလှုပ်ရှားသူများ၊ လူအခွင့်အရေး ချိုးဖောက်ခံခဲ့ရသူများက မားကို၄်၏ အာဏာပို်က်စားမှုများ လူအခွင့်အရေးဖောက်ဖျက်မှုများအတွက် သူရဲကောင်းဝီမာန်၌ မြှုပ်နှံခြင်းကို ဆန့်ကျင်ကန့်ကွက်သွားမည်ဟုသိရသည်။ ဒူတာတီက ဝီမာန်အတွင်း မြှုပ်နှံခဲ့သော စစ်သားများအားလုံးသည် သူ့ရဲမကောင်းများမဟုတ်ဟု ပြန်လည်တို့ပြန်ခဲ့ကြောင်း သိရသည်။ **(AP, 8.8.16) မေဝွန်**

# တူရကီသမ္မတကိုယ်တိုင် လူတစ်သန်းကျော်အားဦးဆောင်၍ အာဏာသိမ်းရန်ကြံစည်မှုကို ဆန့်ကျင်ဆန္ဒပြ

ဩဂုတ်လ ၇ ရက်တွင် တူရကီသမ္မတအာဒိုဂန်က လူပေါင်းတစ်သန်းကျော်ကိုဦးဆောင်ကာ အာဏာသိမ်းရန် ကြံစည်မှုကို ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်ပွဲကြီး ပြုလုပ်ခဲ့သည်ဟု သိရသည်။ ပြီးခဲ့သည့် ဇူလိုင်လက ဖြစ်ပွားခဲ့သော **အာဏာသိမ်းရန် ကြံစည်မှုကို၄်ပြားနောက် လူအစုလိုက်အပြုလိုက် ဓမ်းဆီးထိန်းသိမ်းမှုများကြောင့် အနောက်နိုင်ငံများက ဝေဖန်ရှုတ်ချပြောဆိုနေခဲ့သော်လည်း** အာဒိုဂန်က ၎င်းအာဏာသိမ်းပွဲသည် ပိုမိုတောင့်တင်းခိုင်မာသော တူရကီနိုင်ငံကို တည်ဆောက်ရာတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ဆိုခဲ့သည်။ အီစတန်ဘူးလ်မြို့ရှိ ပင်လယ်ကမ်းခြေနံဘေးတွင် ဧဘောက်လုပ်ထားသော Yenikapi parade ground တွင် Democracy and Martyrs' Rally ဆန္ဒထုတ်ဖော်ပွဲကို ကျင်းပခဲ့ပြီး အာဒိုဂန်က အာဏာသိမ်းပွဲပြီးသည့်နောက် ပိုင်း အင်အားပြသမှုတစ်ခုလည်းဖြစ်သည်။ ဆန္ဒပြပွဲတွင် **တူရကီအလံကိုင်ဆောင်ထားသူများနှင့် ပြည်နှက်နေသောကြောင့် အနီရောင်ပင်လယ်ကြီးသဖွယ် မြင်ဧတွေ့ရပြီး** ဆယ်ဝုနှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုက်အခံခေါင်းဆောင်များက အစိုးရနှင့်အတူ ဆန္ဒပြပွဲတစ်ခုထဲတွင် အတူလက်တွဲပါဝင်ခဲ့ခြင်းလည်းဖြစ်သည်။ လူတစ်သန်းကျော် ဂင်ဆုံသော ရင်ပြင်တွင် ဆန္ဒပြသူများနှင့် ပြည့်လျှံနေခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ လူဧနရပ်ကွက်များအတွင်း၌ပါ ပြင်ဧတွေ့ရသောကြောင့် အာဏာပိုင်တစ်ဦးက လူပေါင်းသန်းကျော်အထိ ပါဝင်ခဲ့သည်ဟု ဆိုခဲ့သည်။ ဆန္ဒထုတ်ဖော်ပွဲကို ရုပ်သံတီဗီများမှတစ်ဆင့် တူရကီ၏ ပြည်နယ်ပေါင်း ၎ဂု ခုတွင် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ အာဏာသိမ်းရန် ကြံစည်မှုဖြစ်ပွားပြီးနောက် **တူရကီအာဏာပိုင်များသည် စစ်သား၊ ရဲ၊ သတင်းသမား၊ တရားသူကြီး၊ ဆေးအမှုထမ်းနှင့် အစိုးရဝန်ထမ်းများအပါအဝင် လူပေါင်းဧသောင်းနှင့်ချီ၍ ဓမ်းဆီးထိန်းသိမ်းခဲ့ပြီး** အာဒိုဂန်က အမေရိကန်အခြေစိုက် ဘာသာရေးခေါင်းဆောင် ဖတ်ဇူလာဂူလန်၏ တူရကီနိုင်ငံအတွင်း ဖြန့်ကြက်နေသော ကွန်ရက်တစ်ခုလုံးကို ဖျက်ဆီးသွားမည် ဟု ကြိမ်းဝါးပြောဆိုထားသည်။ လွတ်တော်က အကာညီပြုပြီးပါက သေဒဏ်ကို ပြန်လည်အသက်သွင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ရပ်ကြောင့် အီးယူအဖွဲ့ဝင်ဖြစ်မှုင့်ကို လက်လွှတ်ဆုံးရှုံးရနိုင်ခြေ မြင်နေသည်။ အာဒိုဂန်သည် ဩဂုတ်လ ၉ ရက်တွင် စိန့်ပီတာစဘာ့ဂ်၌ ရုရှားသမ္မတပူတင်နှင့် သွားရောက်တွေ့ဆုံကာ နစ်နိုင်ငံကြား တင်းမာမှုများ ပြေလျော့ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားရန်ရှိနေသည်ဟု သိရသည်။ **(DM, 8.8.16) မေဝွန်**

# သမ္မတနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လေ့ကျင့်ခန်းလုပ်ရင်း အစည်းအဝေးကျင်းပ

ပီရူးနိုင်ငံ၏ မကြာသေးမီကမှ ရွေးကောက်တင်ခြွောက်ခံထားရသော သမ္မတ Pedro Pablo Kucsynski က **အစိုးရ၌း အပြင်ဘက်၌ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် လေ့ကျင့်ခန်းလုပ်ရင်း အစည်းအဝေး ကျင်းပခဲ့သည်ဟုသိရသည်။** အသက် ၇၇ နှစ်အရွယ် ပီဒရီသည် ဂွန်လတွင် ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိပြီး ဇူလိုင်လတွင် သမ္မတတာဝန် ဧကင်ထမ်း ဆောင် ခဲ့သည်။ ပီရူးကျန်းမာရေးဝန်ကြီး ပက်ထရစ်ရှာဂါဇီယာက **ကျန်းမာရေး ကောင်းမွန်ဧရန်နှင့် အဆိပ်ပို်များကို လျော့ချရန်** တစ်ပတ်တစ်ကြိမ် သမ္မတ နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် အစိုးရ၌းအပြင်ဘက်၌ လေ့ကျင့်ခန်းပြုလုပ်မည်ဖြစ်သည်ဟု ဆို ခဲ့သည်။ ဂါဇီယာက ``ကိုယ်လက်လှုပ်ရှားမှုကြောင့် ကျန်းမာရေးကောင်းမွန်ခြင်း၊ ရောဂါတွေကို ကာကွယ်နိုင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်တာကြောင့် သမ္မတနဲ့ အစိုးရအဖွဲ့က ရှေ့ဆောင်လမ်းပြအဖြစ် လုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်'' ဟု ဆိုခဲ့သည်။ ကျန်းမာရေးဂန်ကြီးဌာန၏ အဆိုအရ **အသက် ၁၅ နှစ်အထက် ပီရူးနိုင်ငံသား ၅၃ ရာခိုင်နှုန်းသည် အဝလွန်သူများဖြစ်သည်**ဟု သိရသည်။ သမ္မတနှင့်ဝန်ကြီးများ အစိုးရရုံးအပြင်၌ လေ့ကျင့်ခန်းလုပ်ရင်း **ဆွေးနွေးမှုများ** ပြုလုပ်နေကြုပုံကို ရိုက်ကူးထားသည့် ဓါဓိယိုကို ပီရူးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ **(AP, 8.8.16) မေဝွန်**

# အကြမ်းဖက်ရန် ပစ်မှတ်အဖြစ် ပူတင်နှင့် ရုရှားနိုင်ငံကို IS အဖွဲ့က ခြိမ်းခြောက်ကြေညာချက်ထုတ်ပြန်

IS အဖွဲ့က ယုတ်ပြန်ခဲ့သော ကိုးဝိနစ် ကြာပြင့်သည့် ဓါဓိယိုတဲ့တွင် IS အဖွဲ့က **ရုရှားသမ္မတပူတင်နှင့် ရုရှားနိုင်ငံကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် နောက်ဆုံးပစ်မှတ်အဖြစ်** တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။ ဓါဓိယိုထဲတွင် လက်နက်ကိုင်စစ်သွေးကြွများက တဲများ၊ ယာဉ်များကို တိုက်ခိုက်ပုံများပါဝင်ပြီး နောက်ဆုံးဘွင် ဖျက်နှာဖုံးမွှပ်အကြမ်းဖက် သားတစ်ဦးက ရုရှားနိုင်ငံသည် IS အဖွဲ့၏ နောက်ပစ်မှတ်တစ်ခုဖြစ်ကြောင်း ကြေညာခဲ့သည်။ ၎င်းဓါဓိယိုကို IS အဖွဲ့မှ ထုတ်ပြန်ခဲ့ကြောင်း အတည်ပပြုနိုင်သေးသော်လည်း ယခင်က IS အဖွဲ့ အသုံးပြုခဲ့သည့် အဧကောင့်တစ်ခုပေါ်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံအား ပစ်မှတ်ထားတိုက်ခိုက်ရသည့် အကြောင်းရင်းကို ထည့်သွင်းပြောဆိုသွားခြင်း ပရိသော်လည်း ဆီးရီးယားတွင် IS အဖွဲ့နှင့် အယ်လ်ကိုင်ဒါအဖွဲ့ကိုဃန့်ကျင်၍ စစ်အေးတိုက်ခိုက်မှုများ ပြုလုပ်ရန်၊ သတင်းအချက်အလက်စုဆောင်းရန် ရုရှားနှင့် အမေရိကန်သည် ပူးပေါင်းဧဆောင်ရွက်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ IS အဖွဲ့က စစ်မြေပြင်တွင်လည်း ရုရှားနှင့် အမေရိကန်ကို ရရာလက်နက်ကိုင်ဆွဲ၍ ကိုက်ခိုက်ရန် လှုံ့ဆော်မှုများ ပြုလုပ်ထားသည်။ **(DM, 8.8.16) မေဝွန်**

# တရုတ်က တောင်တရုတ်ပင်လယ် ရေအောက် ပေ ၁၀၀၀၀ အနက်တွင် အလွှာဝါစခန်း ဆောက်လုပ်မည်

တရုတ်က တောင်တရုတ်ပင်လယ်ထဲရှိ ရေမျက်နှာပြင်အောက် ပေ ၁၀၀၀၀ အနက်တွင် ရေအောက်အလွှာဝါစခန်းကို ဆောက်လုပ်ရန် စီစဉ်ထားသည်ဟု သိရသည်။ သမ္မဒရာအောက်တွင် အလွှာဝါစခန်းကို အောင်မြင်စွာဆောက်လုပ်နိုင်ခဲ့မည်ဆိုပါက **ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၁၀၀၀၀ အနက်တွင် လူသားတို့အတွက် ရေရှည်နေထိုင်နိုင်ရန် ပထမဆုံး ဆောက်လုပ်နိုင်သည့် ပရောဂျက်တစ်ခုဖြစ်လာလိမ့်မည်**ဖြစ်သည်။ ယခင်က ၎င်းရေအနက်၌ လူသားများ ရေရှည်နေထိုင်နိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ခဲ့ဖူးခြင်းမရှိသော်လည်း ဆောက်လုပ်ရန် အောင်မြင်နိုင်ခြေရှိသည်။ လူလိုက်ပါသော ယာဉ်များသည် ပြီးခဲ့သည့် နှစ် ၅၀ အတွင်း ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၁၀၀၀၀ အနက်အထိ ပြာခဲ့ဖူးသွားရောက်နေခဲ့ခြင်းဖြစ်သည်။ လက်ရှိ အချိန်တွင် ပရောဂျက်အတွက် ကုန်ကျစရိတ်နှင့် ဆောက်လုပ်ရန် သက်မှက်အချိန်ကာလကို မသိရှိရသေးသော်လည်း တရုတ်က တောင်တရုတ်ပင်လယ်ရေနက်ပိုင်းတွင် ကည်ဆောက်မည့် အဆောက်အအုံများ၏ အရေးပါမှုကို ထည့်သွင်းပြောဆိုခဲ့ဖူးသည်။ တရုတ်သမ္မတရှိကျင့်ဖျင်သည် ပြီးခဲ့သည့်လက ကျင်းပခဲ့သော အမျိုးသားသိပ္ပံပညာရပ်ဆိုင်ရာ ညီလာခံတစ်ခုအတွင်း ``**ပင်လယ်ရေနက်ပိုင်းမှာ ရှာဖွေတွေ့ရှိခြင်းမရှိသေးတဲ့ ရတနာတွေရှိနေပါသေးတယ်။** ဒီရတနာတွေကိုရဖို့ ပင်လယ်နက်ကိုသွားနိုင်မယ့် နည်းပညာတွေ လိုအပ်ပါတယ်။ ပင်လယ်နက်မှာ ရှာဖွေမှုတွေပြုလုပ်နိုင်ရမယ်။ အဆောက်အအုံတွေဆောက်လုပ်နိုင်ရမယ်'' ဟု ဆိုခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်း တရုတ်သည် **ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် အစရှိသည့် အာရှနိုင်ငံများနှင့် ပိုင်နက်အငြင်းပွားမှုများ ဖြစ်ပေါ်နေပြီး** တရုတ်၏ နယ်ပြေဟောင်းဆိုမှုက အကြီးမားဆုံးဖြစ်သည်။ တရုတ်က အငြင်းပွားရေပိုင်နက်ထဲတွင် ကျွန်းတုများ တည်ဆောက်မှုကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် အမေရိကန်တို့တစ်ဖက် တရုတ်နှင့် တင်းမာမှုများဖြစ်ပေါ်လာသည်။ **(AP, 8.8.16) မေဝွန်**

www.free4reader.com



# သက်တမ်းနှစ်ပေါင်း၁၃၀၀ ရှိသည့် တိဘက်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို ပြုပြင်ရန် တရုတ်အစိုးရက ဒေါ်လာ ၁ ဒသမ ဂ သန်းချပေး

ဆန်ဂိုမြစ် မြောက်ဘက်ကမ်းပါးမှာ ဆယ်ယီဆိုတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ရှိပါတယ်။ ဒီဘုန်းကြီးကျောင်းဟာ **တီဘက်ကို ယိုဝိုင်အုပ်ချုပ်စွဲ့ ရဒဇသတောင်ပိုင်းမှာရှိတဲ့ ရွှန်နန်ဆိုတဲ့ အရပ်ဒေသမှာ ရှိတာပါ။** ဒီဘုန်းကြီးကျောင်းဟာဖြင့် သက်တမ်းနှစ်ပေါင်း ၁ ၃၀၀ ရှိပြီဖြစ်ပြီး တိဘက်မှာ ပထမဦးဆုံးဘဉ်တဲ့ ကျောင်းကြီးလည်းဖြစ်ပါတယ်၊ ဇူလိုင်လ နောင်းပိုင်း တစ်ရက်မှာကော့ ဒေသခံပေါင်း ၂၀၀ လောက်ဟာ ကျေးလက်သီချင်းတွေ သံပြိုင်ဆို၊ ကလည်း ကကြပြီး ဘုန်းကြီးကျောင်းကြမ်းပြင်ကို ပြင်ဆင်နေကြပါတယ်၊

ကြမ်းပြင်သာမက ခေါင်မိုး၊ ဧရေနတ်မြောင်းတွေကိုလည်း ပြင်မှာပါ။ ကျောင်းထဲက ဟောင်းနွမ်းနေတဲ့ ပရိဘောဂတွေကိုလည်း လွှင့်ပစ်ပြီး ပရိဘောဂအသစ်တွေနဲ့ လဲပေးမှာပါ၊ ဒီလိုပြင်ဆင်မွမ်းမံတဲ့လုပ်ငန်းက အနည်းဆုံး ၁၀ နှစ်ကြာပါမယ်တဲ့၊ **ဧဟိုအစိုးရက ဒီဘုန်းတော်ကြီးကျောင်းကို ပြုပြင်ထိန်းသိမ်းမွမ်းမံဖို့ ဆိုပြီး ဒေါ်လာ ဝ ဒသမ ဧ သန်း ချပေးခဲ့တာဖြစ်ပါတယ်။ (CCTV, 6.8.16) ရွယ်ရီ**

# ဒူဘိုင်းလေဆိပ်တွင် လူ ၃၀၀ တင်ဆောင်လာသော ဘိုးရင်းလေယာဉ်ကြီး မီးလောင်ပေါက်ကွဲ

ဒူဘိုင်းနိုင်ငံတကာလေဆိပ်တွင် လူ ၃၀၀ တင်ဆောင်လာသော Boeing 777 ခရီးသည်တင်လေယာဉ်ကြီးသည် ဆင်းသက်နေစဉ်၌ **အဆင်းဂီယာချို့ယွင်းပြီး ပျက်ကျခဲ့ကာ မိနစ်အနည်းငယ်အတွင်း ထပေါက်ကွဲခဲ့သည်ဟု သိရသည်၊ လေယာဉ်ပျက်ကျပြီးနောက် ခရီးသည်များ မှာ အလုအယက်ပြေးထွက်ခဲ့ကြပြီး လူ ၃၀၀ လုံးဘေးကင်းရာသို့ ရောက်သည့်အချိန်မှ လေယာဉ်ကြီးမှာ ထပေါက်ကွဲခဲ့သည်ဟု** သိရသည်၊ ခရီးသည်များမှာ လေယာဉ်မမထွက်ခွာမီတွင် မီးခိုးများပြည့်နှက်နေသည့်လေယာဉ်ခန်းအတွင်း၌ ခရီးဆောင်အိတ်များကို ခက်ခက်ခဲခဲယူဆောင်နေကြသည့်ဝရုန်းသုန်းကားအခြေအနေကို ရိုက်ကူးထားသော ဗီဒီယိုဖိုင်လည်းထွက်ပေါ်လာခဲ့သည်၊ **မီးလောင်ပေါက်ကွဲသွားခဲ့သောလေယာဉ်ကြီးကို မီးငြိမ်းသတ်ရာတွင် ဂျာဆင်းအစ်ဆာမိုဟာမက်ဟတ်ဆန် အမည်ရှိ မီးသတ်သမားတစ်ဦးအသက်ဆုံးရှုံးခဲ့ရသည်၊** လေယာဉ်မဆင်းသက်မီတွင် လေယာဉ်မှူးများက လေကြောင်းထိန်းချုပ်ရေးစင်တာသို့ဆက်သွယ်၍ ပြဿနာကို ပြောပြခဲ့ပြီး ဒူဘိုင်းနိုင်ငံတကာလေဆိပ်ရှိ ထိန်းချုပ်ရေးစင်တာက ဧလေယာဉ်မှူးများအား အဆင်းဂီယာကို ဧလွှာ၍ ပြေပြင်သို့ ထိန်းချုပ်ဆင်းသက်ရန် ဆိုခဲ့သည်။ လေယာဉ်ဆင်းသက်ချိန်တွင် အဆင်းဂီယာမျိုးပျင်းနေမှုကြောင့် လေယာဉ်ပြေးလမ်းနှင့် ဧလေယာဉ်ဝမ်းခိုက်ရိုက်မိခဲ့ပြီး ဂယ်ဒိုက်ပျက်စီးပွမှုများ ဖြစ်ပေါ်ခဲ့ရသည်၊ လေကြောင်းလုံခြုံရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များက လေယာဉ်ထိုဂိုက်ပျက်စီးရသည့် အကြောင်းရင်းကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်ဟု ဆိုခဲ့သည်၊ လေယာဉ်မီးလောင်ပေါက်ကွဲမှုကြောင့် ဒူဘိုင်းလေဆိပ်သို့ ဆင်းသက်သည့် လေကြောင်းခရီးစဉ်များအားလုံးကို လမ်းကြောင်းပြောင်းပေးခဲ့ရသည်။ **ခရီးသည်တစ်ယောက်မျှမသေဆုံးဘဲ ဧလေယာဉ်ဆင်းသက်နိုင်ခဲ့သည့်အတွက်လည်း ဧလေယာဉ်မှူးများနှင့်အမှုထမ်းများမှာ ချီးကျူးခံခဲ့ရသည်ဟု** သိရသည်။

**(DM, 4.8.16) မေဇွန်**

# အိန္ဒိယ၌ မိုးကြိုးရေလျှံနေချိန်တွင် မြစ်ကိုသွယ်တန်းထားသော တံတားကြီး ကျိုးကျမှုကြောင့် လူ ၂၂ ဦး သေဆုံး



အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးမရေလျှံဖြစ်မွားနေပြီး ဧရိယာသန်းနေသည့်အချိန်၌ မြစ်ကိုသွယ်တန်းထားသည့် ကံတားဟစ်စင်းမှာ ကျိုးကျခဲ့သောကြောင့် **ဘတ်စ်ကားကြီးနှစ်စီးမှာလည်း မြစ်ထဲကျခဲ့ရသည်ဟု** သိရသည်၊ မွမ်ဘိုင်းမြို့တောင်ဘက်ရှိတံတားရှိရာသို့ ကယ်ဆယ်ရေးလုပ်သားများ အလျင်အမြန်သွားရောက်ကာ လူ ၂၂ ဦးကို ကယ်တင်နိုင်ရန်ကြိုးပမ်းခဲ့ကြရသည်၊ **ဇြတိသျှဓေတ်က ဆောက်လုပ်ခဲ့သောတံတားကြီးသည် Savitri မြစ်ကြီး၏ ဝါးမျိုခြင်းခံလိုက်ရပုံကို ရိုက်ကူးထားသည့်ဗီဒီယိုဖိုင်မှာ** ဖျံနှံ့.နေခဲ့သည်မေ ၅၃ အရှည်ရှိသည့်တံတားကြီးကျိုးကျသွားခဲ့ပြီးနောက် **ဖျောက်ဆုံးနေသည့်လူ ၂၂ ဦးမှာ သေဆုံးနိုင်ဖြေရှိနေပြီး အများစုမှာလည်း ဓေဟက်တွင်ဖွဲ့သန်းနေကြသည်။** ရေစီးသန်၍ ဧရုလျှံနေသည့်ဖြစ်ကြောင့် တံတားကျိုးကျခဲ့ခြင်းဖြစ်သည်ဟု ယဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးဗျူးကဆိုခဲ့သည်။ **(DM,4.8.16) မေဇွန်**

# လူသွားလူလာထူထပ်သော လမ်းမကြီးတွင် ပေ ၁၀၀ ရှည်၍ ၆၅ ပေ ကျယ်သည့် တွင်းပေါက်ကြီး ဖြစ်ပေါ်ခဲ့



တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကျန်းကျိုးမြို့ကြီး လူသွားလူလာထူထပ်သော Zhongyuan လမ်းမကြီးတွင် ဧတုရန်းပေ ၆၅၀၀ အကျယ်ရှိသော ကွင်းပေါက်ကြီး ဖြစ်ပေါ်ခဲ့ကာ တွင်းထဲသို့ ပါသွားခဲ့သည့် လူနှစ်ဦးမှာပည်း မျောက်ဆုံးနေသည်ဟု သိရသည်၊ **မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးဧရလျှံဖြစ်ပေါ်ကာ မြေအောက်ရှိ ရေပိုက်များပေါက်ထွက်၍ ၁၆ ပေအနက်ရှိသော တွင်းပေါက်ကြီး ဖြစ်ပေါ်ခဲ့ရသည်၊ ၆၅ ပေ ကျယ်၍ ပေ ၁၀၀ အရှည်ရှိသော တွင်းပေါက်ကြီးဖြစ်ပေါ်ချိန်၌** လမ်းသွားလမ်းလာများ ပါသွားခဲ့ရပြီး ကယ်ဆယ်ဧရေးအဖွဲ့များက လူနှစ်ဦးကို အချိန်မီကယ်ဘင်နိုင်ခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာသို့ လမ်းပြုပြင်ရေးဝက်ကီရီယာများ ရောက်ရှိလာခဲ့ပြီး ပေါက်ထွက်နေသည့်ရေပိုက်များနှင့် စုတ်ပြဲနေသော လျှပ်စစ်မီးကြိုးများကြောင့် အနီးအနားရှိ တာဝင်ကျောင်းတစ်ကျောင်းမှ ကျောင်းသားများကိုလည်း အာဧာပိုင်များက ခဏကယ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြရသည်၊ **ပျောက်ဆုံးနေသူနှစ်ဦးကို ဆက်လက်ရှာဖွေမှုများ** ပြုလုပ်နေပြီး မုဒမ်းစစ်ဆေးမှုများနှင့် လမ်းပြုပြင်ရေးအပိုင်းကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်၊ **(DM, 4.8.16) မေဇွန်**

# ၁၁ နှစ်အရွယ် ကလေးကို ခရီးဆောင်အိတ်ထဲ ထိုးသိပ်ထည့်ထား

ခရီးဆောင်အိတ်ထဲမှ ထိုးထွက်နေသည့် လက်တစ်ဖက်ကို ဘတ်စကားဆရာသည်များ သတိထားမိပြီးနောက်တွင် အိတ်ပိုင်ရှင်အမျိုးသမီး ဖမ်းဆီးခံလိုက်ရကြောင်း သိရသည်။ အသက် ၂၃ နှစ် အရွယ် နာဘာရာဖစ်တိုရီယန်နိုဆူကို၏ အိတ်ကို ရဲက ဖွင့်ကြည့်လိုက်သောအခါတွင်မူ **အိတ်ထဲတွင် ၁၀ နှစ်အရွယ် ကောင်လေးတစ်ဦးကို တွေ့လိုက်တော့သည်၊**

ထိုကလေးက ၎င်းကို မွေးစားပါရန် တောင်းတောင်းပန်ပန်ပြောဆဖြင့် မိမိကယင်းကလေးကို အိမ်ခေါ်သွားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ယင်းအမျိုးသမီးက ပြောပြသည်၊ ထိုကလေးအား ဘရာဇီးကောင်ပိုင်းရှိ စီဒိအိမ်ကို ခေါ်သွားရန် အကောင်းဆုံးနည်းမှာ ခရီးဆောင်အိတ်ကြီးထဲ ထည့်သွားရန်သာဖြစ်သည်ဟု ၎င်းက အကြံရလိုက်လေသည်။ ကလေးမနာဇရက်အလို့ငှာ ၎င်းက အိတ်ထဲတွင်ဧကောင်ကစ်ဧကောင်ကို ညှပ်ယည်ယားပေးလိုက်သည်။ သို့သော် ဧိယဲ့ဒီဇဂျနဲရိုးဗြို့သို့သွားမည့် ဘတ်စကား မထွက်ပီးမှာပင် ၎င်းအစီအစဉ် ပျက်သွားတော့ခြင်းဖြစ်သည်၊ ပထမတစ်ကြိမ်တွင် လုံခြုံရေးက ၎င်းအိတ်ကို ပစ်ဆေးရုန်လုပ်သေးသော်လည်း ၎င်းက သန့်စင်ခန်းထဲသွားကာ ရှောင်တိမ်းနေခဲ့ပြီး ယခုတစ်ကြိမ်တွင်မှ စီစဉ်ထားသမျှ ပေါ်သွားတော့ခြင်းဖြစ်သည်။

**(DM, 5.8.16) ချယ်ရီ**

www.free4reader.com



# တရုတ်တွင် အနီရောင်လေဆင်နှာမောင်း တိုက်ခတ်

ကရုတ်နိုင်ငံ၊ကွမ်တုံပြည်နယ်၊ ရှူဝန်စီရင်စုကျေးလက်ဒေသလေးကွင် ထူးထူးခြားခြား ဂင်မောက်တိုက်ခတ်ခဲ့သည့် အနီရောင်လေဆင်နှာမောင်းကို တွေ့ကြုံခဲ့ရသည်ဟု သိရသည်။ ၎င်းဖလေဆင်နှာမောင်းကြောင့် လူခုနစ်ဦးဒဏ်ရာရရှိကာ အိမ်ပြေပေါင်း ၅၀၀ ကျော်ထိခိုက်ပျက်စီးခဲ့ရသည်၊ ပုံမှန်အားဖြင့် **လေဆင်နှာမောင်းတစ်ခုဏအရောင်သည် အရပ်မျက်နှာ၊ နေရောင်၊ တိမ်ကွယ်ခြင်းစသည့်အချက်အလက်များနှင့်သက်ဆိုင်ပြီး ဖြတ်သန်းသွား နေသည်မျက်နှာပြင်ပေါ်တွင်လည်း မူတည်သည်၊** ယမုပြင်တွေ့ရသည့်လေဆင်နှာမောင်းသည် **သဲနီပေါ်တွင်ဖြတ်သန်း တိုက်ခတ်ခြင်းဖြစ်သောကြောင့် အနီရောင်လေဆင်နှာမောင်းဖြစ်နေရခြင်းဖြစ်သည်၊** ကွမ်တုံပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုများ ပကြာခဏဖြစ်ပေါ်လေ့ရှိပြီး ယခုအခါ အာဏာပိုင်များက ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးထားကြောင်း သိရသည်၊

(DM,4.8.16) ဓမ္မဒွန်

# ကမ္ဘာ့အရပ်အရှည်ဆုံးခွေးကြီးနှင့် ဗြိတိန်အသေးဆုံးခွေးလေး၏ တွေ့ဆုံပွဲ

ကမ္ဘာ့အရပ်အရှည်ဆုံး ခွေး အဖြစ် သတ်မှတ်ခံရရန် ဝင်ပြိုင်နေသည့် မေကျာဆိုးသည့် ခွေးနှင့် ဗြိတိန်အသေးဆုံးခွေး ဒစ္စနေးတို့ ဆုံတွေ့သွားကြသည်၊ **မေကျာမှာ အရပ် ၁လေးပ တစ်လက်မရှိပြီး ဒစ္စနေးမှာ အရပ် သုံးလက်မသာရှိသည်၊** သို့သော်လည်း ဆိုဟွားဟွားခွေး ဒစ္စနေးသည်မေကျာကို ကြောက်ရွံ့ပုံ လုံးဝမပြပေ။ ဗြိတိန်နိုင်ငံ ဂေါ်ဂါကျွန်းဆွယ်ရှိ မေကျာ၏ နေအိမ်တွင် အဆိုပါခွေးနှစ်ကောင် ဆုံခဲ့ခြင်းဖြစ်သည်၊ အရပ်ချင်းတိုင်းကြည့်လျှင် ဒစ္စနေး၏အရပ်အပြင့် မာမေကျာ၏လက်ဝတ်။ ခြေဖဒိးအရွယ်သာသာရှိနေသည့် ဒစ္စနေးသည်အသက် ၁၉ လရှိပြီ ဖြစ်ပြီး အလေးချိန် ၂၇ အောင်စရှိသည်၊ ၎င်းသည်အသက် ၇၉ နှစ်ဟာအမွေယ်က တည်းကစကာ ထိုထက်ကပ်ထွားကျိုင်း မလာတော့ပေ၊ (The Mirror, 5.8.16) ရွယ်ရီ

ခေတ်မီစတိုင်ကျသူတိုင်း နှစ်သက်သွားကြသည့် chic မဂ္ဂဇင်းကို ဖတ်ဖြစ်အောင်ဖတ်ကြည့်ပါ




2016 AUGUST ISSUE

THE chic Magazine

Cover Story (M ဆိုင်းလှု) ၊ ဆံကောသထိန်သိမ်းခြင်းအကြောင်း သင်ဘယ်လောက်သိသလဲ ၊ Man in Chic (မင်းဘုန်းမြတ်) ၊ အနုပညာရှင်အချို့၏ Sister's Day အမှတ်တရခံစားချက်များ ၊ Fashion Guide (Lဘောက်နှး)၊ Beauty Secrets (နန့်ဆိုင်းအိန်)၊ အဆိုကျအဆိပ်ပြင်း ကျန်းမာရေးဖျက်ရည်ပြုလုပ်နည်း အမျိုးမျိုး ၊ ကြိုးစားနေတဲ့သူအတွက် နေရာရဖို့ဆိုတာ မခဲယဉ်းဘူးဆိုတဲ့ ဇေရဲထက် ၊ Lady in Chic (ခင်ရတနာသိန်းမြင့်)၊ ရင့်ကျက်လာပြီဆိုတဲ့ အေးမြတ်သူ ၊ International Fashion Spreads ၊ ကမ္ဘာကျော်ကြား ဖက်ရှင်ဒီဇိုင်နာများ(၄) ၊ ကိုယ်နှစ်သက်သူကိုပဲ ကြင်နာတတ်တယ်တဲ့လား ၊ တောင့်တရင်းကြောင့်ကြနေသူများ ၊ ရွှန်ဟိုးရပ်ရွာ ဥယျာဉ်ထောက် နန်ဆရတိမိုး ၊ ပရိသတ်ပေးထားတဲ့နေရာလေးတစ်ခုမှာတော့ ဖြစ်နိုင်ရင်တည်တည်မြဲမြံလေး ရှိချင်ပါတယ်ဆိုတဲ့ မိတ်ကပ်ခင်စန်းဝင်း ၊ Every Day Make-up Tutorial ၊ ကျားတို့သတာဝ စသည့် ဝတ္ထု၊ ဆောင်းပါး၊ ကဏ္ဍစုံလင်စွာဖြင့် . . .

ဖြန့်ချီထုတ်ဝေသူ SweSone Media Group
Central Tower ပထမထပ်၊ အနော်ရထာလမ်း (ဘဉ်လမ်းထောင့်)၊ ရန်ကုန်။ တွဲ - ၃၉၂၉၈၂ ၊ ၃၈၂၂၉၊ ၀၉၃၁၃၁၉၄

www.free4reader.com



# မြောက်ကိုရီးယားက ဂျပန်နှင့် ၁၅၅ မိုင်သာ ကွာဝေးသော ပင်လယ်ပြင်သို့ ပဲ့ထိန်းပါဒုံးကျည် ပစ်ခတ်မှုပြုလုပ်

တောင်ကိုရီးယား၌ ဒုံးကျည်ဖျက်စနစ်လာရောက်ထားရှိရန် အမေရိကန်နှင့် သဘောတူညီချက်ရရှိခဲ့ခြင်းအတွက် တုံ့ပြန်မှုများပြုလုပ်သွားမည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် **မြောက်ကိုရီးယားက ဂျပန်နိုင်ငံမြောက်ဘက် ၁၅၅ မိုင်အကွာပင်လယ်ထဲသို့ ပဲ့ထိန်းပါဒုံးကျည်တစ်စင်း ပစ်စတ်ခဲ့သည်**ဟု သိရသည်။ တစ်ဦးချင်းတည်းတွင် Rodong ဟာလက်ပစ်ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့သော်လည်း တစ်ခုမှာ ပစ်လွှတ်ပြီးပြီးချင်း ပေါက်ကွဲသွားခဲ့သည်။ မြောက်ကိုရီးယား၏အပြုအမူအတွက် ဂျပန်က အမျက်ထွက်လျက်ရှိသည်။ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်အတွက် မြောက်ကိုရီးယားက တုံ့ပြန်သွားမည်ဟု ခြိမ်းခြောက်ထားသည့်အပြင် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များမှာလည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်နေကြသည်။ **ဂျပန်၏အဆိုအရ ဒုံးကျည်တစ်စင်းသည် မြောက်ဘက်ကမ်းရိုးတန်း ၁၅၅ မိုင်အကွာသို့ ကျရောက်ခဲ့ပြီး ဂျပန်နိုင်ငံ၏ မူပိုင်စီးပွားရေးရုန်းကဲတွင်လည်း ဖြစ်သည်။** ဝန်ကြီးချုပ်ရှင်ဒိုအာဘေးက 'ဒါဟာ နိုင်ငံလုံခြုံရေးအတွက် ကြီးမားတဲ့ အန္တရာယ်ကြီးတစ်ခုပါ။ ဒီလုပ်ရပ်ကို သည်းမခံနိုင်ပါဘူး' ဟု ဆိုခဲ့သည်။ အမေရိကန်ကလည်း ပဲ့ထိန်းပါဒုံးကျည်နည်းပညာအသုံးပြုမှုအတွက် မြောက်ကိုရီးယားကို ရှုတ်ချခဲ့ပြီး ပင်ဘဂွန်မှပြောရေးဆိုခွင့်ရှိသူက 'ဒီအပြုအမူကြောင့် မြောက်ကိုရီးယား၏ စည်းမျဉ်းချိုးဖောက်မှုမှာ ကိုတုံ့ပြန်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ပိုပြီးဟစိုက်မတ်မတ်လုပ်ဆောင်ဖို့ လိုအပ်လာပါပြီ' ဟု ဆိုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ အနောက်ဘက်ရှိနေရာတစ်ခုမှ ဩဂုတ်လ ၃ ရက်တွင် ဒုံးကျည်နှစ်စင်းပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဂျပန်ပင်လယ်ထဲသို့ ကျရောက်ခဲ့သည်။ ဂျပန်က **မြောက်ကိုရီးယားသည် ကြိုတင်သတိပေးမှုများပြုလုပ်ခဲ့ခြင်းမရှိသောကြောင့် သွားလာနေသည့်သဘောများအတွက် အလွန်အန္တရာယ်များသည့် အပြုအမူဖြစ်သည်**ဟု ဆိုခဲ့သည်။ **Rodong ဒုံးကျည်သည် အများဆုံးမိုင် ၈၀၀ အကွာအဝေးထိ ရောက်ရှိနိုင်သည်**ဟု သိရသည်။

**(DM,4.8.16) မေဇွန်**

# တောင်တရုတ်ပင်လယ် အငြင်းပွားမှုနှင့်ပတ်သက်၍ သြစတြေးလျသည် သတိပေးတိုက်ခိုက်ရန် အဓိကပစ်မှတ်ဖြစ်လာဟု တရုတ်ခြိမ်းခြောက်

အငြင်းပွားတောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာခုံရုံး၏ ဆုံးဖြတ်ချက်ကို တရုတ်ကမေးမားလိုက်နာသင့်သည်ဟု သြစတြေးလျက ဆိုခဲ့ပြီးနောက် တရုတ်အစိုးရပိုင်သတင်းစာများတွင် သြစတြေးလျကိုတိုက်ခိုက်ပြောဆိုမှုများရှိလာခဲ့သည်ဟု သိရသည်။ **တရုတ်က တောင်တရုတ်ပင်လယ်ပြဿနာတွင် သြစတြေးလျက ဝင်ရောက်စွက်ဖက်လာမည်ဆိုပါက သတိပေးပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ရန် အဓိကပစ်မှတ်ဖြစ်လာလိမ့်မည်**ဟု ပြိမ်းခြောက်ပြောဆိုခဲ့သည်၊ သြစတြေးလျနိုင်ငံခြားရေးပန်ကြီးက ခုံရုံး၏ ဆုံးဖြတ်ချက်ကိုလိုက်နာရန်နှင့်အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်းပါရန် တရုတ်ကို တိုက်တွန်းပြောဆိုခဲ့ခြင်းဖြစ်သည်။ဖောာင်ဟာရတ်ပင်လယ်ဝိုင်နက်အငြင်းပွားမှုပြဿနာများတွင် သြစတြေးလျပါဝင်ခြင်းမရှိသော်လည်း အမေရိကန်ဦးဆောင်သည့် လွတ်လပ်မှာ မေကြောင်းသွားလာခွင့် လှုပ်ရှားမှုများကို ထောက်ခံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဂျူလီဘစ်ရှော့ပ်က သြစတြေးလျအနေဖြင့် လွတ်လပ်သောရေကြောင်းသွားလာခွင့်မူဝါဒကို ဆက်လက်အသုံးပြုသွားမည်ဟု ဆိုခဲ့သည်။ တရုတ်စစ်တပ်၏ ပြောရေးဆိုခွင့်ရှိသူလူကန်က ဘစ်ရှော့၏ ပြောဆိုမှုများမှာ မှားယွင်းနေကြောင်းနှင့် သြစတြေးလျအနေဖြင့် ရေပိုင်နက်အငြင်းပွားပြဿနာကို ကစားပွဲတစ်ခုအနေဖြင့် သဘောမထားသင့်ကောင်းပြန်လည်ကုံ့ပြန်ပြောဆိုခဲ့သည်ဟု သိရသည်။

**(DM,4.8.16) မေဇွန်**

# အမေရိကန်နိုင်ငံသားများ ပြန်လည်လွတ်မြောက်လာရေးအတွက် အီရန်ကို အမေရိကန်က ပြန်ပေးငွေ ဒေါ်လာ သန်း ၄၀၀ ပေးအပ်ခဲ့ရ



အမေရိကန်နိုင်ငံသားလေးဦး ပြန်လည် လွတ်မြောက်လာရေးအတွက် **အမေရိကန်က အီရန်သို့ ဒေါ်လာသန်း ၄၀၀ အပြည့် ထည့်သွင်းထားသော သစ်သားသေတ္တာများ ပို့ဆောင်ပေးခဲ့သည်**ဟု သိရသော်လည်း ဘိုသားများအရိုးရအဖွဲ့က ၎င်းငွေမှာ ပြန်ပေးငွေမဟုတ်ဟု ငြင်းဆိုလိုက်သည်။ ယူရို၊ francs နှင့် အခြားငွေများပါဝင်သော သေတ္တာများသည် အီရန်သို့ ခန့်ဝါဇီလ ၁၇ ရက်တွင် ရောက်ရှိလာခဲ့ပြီး တစ်ရက်တည်းတွင် အမေရိကန်နိုင်ငံသားလေးဦးမှာ အီရန်အကျဉ်းသား ခုနစ်ဦးနှင့် လဲလှယ်ရေးအစီအစဉ်ကို ကြေညာရာတွင် ဒေါ်လာ သန်း ၄၀၀ ကို ထည့်သွင်းပြောဆိုသွားခဲ့ခြင်းမရှိဟုသိရသည်၊ အမေရိကန်အာဏာပိုင်များ၏အဆိုအရ နိုင်ငံတကာခုံရုံး၌ လက်နက်ရောင်းဝယ်ရေးစာချုပ်ပြဿနာတွင် အမေရိကန်က အမှုခွဲနိုင်ခြေရှိနေပြီး အီရန်ကလည်း ဒေါ်လာ ၀၀ ဘီလျံနှစ်နာကြေးတောင်းခံထားသောကြောင့် **အမေရိကန်က အီရန်နှင့် ဆွေးနွေးညှိနှိုင်းကာ ကြေးခဲ့ရခြင်းဖြစ်သည်**ဟု သိရသည်။ အမေရိကန်တွင် ဒေါ်လာကိုအသုံးပြု၍ အီရန်နှင့် ငွေကြေးအဆက်အဆံပြုလုပ်ခြင်းသည် ကရားမဝင်သောကြောင့် အမေရိကန်က ဘွဲ့ဂလန်နှင့် နယ်သာလန်ရှိ ဗဟိုဘဏ်များသို့ ငွေများလွှဲပြောင်းကာ နိုင်ငံခြားငွေအဖြစ်ပြောင်းလဲပြီး သစ်သားသေတ္တာများထဲထည့်ကာ ကုန်တင်လေယာဉ်ပေါ်တင်၍ အီရန်သို့ပို့ဆောင်ခဲ့သည်။ တစ်ရက်တည်းတွင် အီရန်၌ဖမ်းဆီးခံ ထားရသော အမေရိကန်အကျဉ်းသားများမှာလည်း ပြန်လည်လွတ်မြောက်လာခဲ့သည်ဟု သိရသည်၊

**(DM, 4.8.16) မေဇွန်**

# အုပ်စုပွဲ့ အဓမ္မပြုကျင့်နေပုံ ပီဒိုဖိုင်များကို အိန္ဒိယတွင် တစ်ဒေါ်လာခန့်ဖြင့် ရောင်းချနေ

**လက်ကိုင်ဖုန်းဖြင့် ရိုက်ကူးထားသည့် အုပ်စုဖွဲ့အဓမ္မပြုကျင့်ပုံပီဒီယိုခွေကို အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိ ဆိုင်များတွင် ရောင်းချလျက်ရှိကြောင်း** သိရသည်၊ ထိုပြည်နယ်သည် ယင်းသို့သော အမှုအခင်းမျိုးများဝင်ကာဖြစ်ပွားလေ့ရှိသည့်ပြည်နယ်ဖြစ်သဖြင့် အများကလည်းပြည်နယ်ဝန်ကြီးချုပ်ကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုနေကြသည်၊ ထိုပီဒီယိုခွေပါ ရိုက်ကူးချက်သည် **ငါးဦးနှစ်မျှသော ကြာသည်၊** ထိုအခွေပေါင်း နှစ်ဆယ့် ရာ ထောင်ချီ ရောင်းချရသည်ဟု အိန္ဒိယသတင်းစာတစ်ခုက သတင်းဖော်ပြသွားခဲ့သည်၊ ယင်းအခွေကို ဆိုင်များကတစ်ခွေ **တစ် ဒေါ်လာနှင့် သုံးဒေါ်လာကြားဖြင့် ရောင်းချနေခြင်းဖြစ်သည်**၊ 'ဒီကိစ္စကို ကျွန်တော်တို့ သိပါတယ်၊ ကျွန်တော်တို့လည်း လိုက်အရေးယူနေကာပါပဲ၊ဒါပေမဲ့ လက်သိပ်ကိုးပြီးရောင်းနေကြတာဆိုတော့ ထိထိရောက်ရောက်အရေးယူဖို့က ဟော် ဟော် ကိုခက်တယ်' ဟု ယင်းပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက ဆိုသည်။

**(Yahoo, 5.8.16) ချယ်ရီ**

www.free4reader.com



# OPPO F1s ကို ယခုလတတိယပတ်တွင် မြန်မာပြည်၌ တရားဝင်ရောင်းချမည်

OPPO သည် Selfie ပိုက်ကွန်းသည်အခါတွင် ပိုပိုကောင်းမွန်သည့် ကွေ့ကြုံခံစားမှုများကို ပေးစွမ်းနိုင်ရန်အတွက် OPPO F1s ထုတ်ကုန်သစ်ကို မြန်မာနိုင်ငံရှိ ပိုကိုင်းဖုန်းဈေးကွက်အတွင်း သြဂုတ် လ ၁၆ ရက်ကွင် တရားဝင် ရောင်းချသွားမည်ဖြစ်ကြောင်း OPPO Myanmar မှ ၅-၈-၂၀၁၆ ရက်တွင် သိရသည်။

ယခုကမ်ပိန်းဆက်သွားမည့် OPPO F1s ထုတ်ကုန်သစ်သည် ယခင်ဖုန်းများနှင့် ကွဲပြားသည့် ထူးခြားကောင်းမွန်သော အရည်အသွေးများပါရှိသည့်အပြင် စွမ်းဆောင်ရည်မြင့်မားသည့် ကင် မရာလုပ်ဆောင်ချက်များပါဝင်းသည်ဖြစ်ကြောင်း သိရသည်။ အဆိုပါထုတ်ကုန်သစ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပိတ်ဆက်ထုတ်လုပ်လွှတ်ရှိကြောင်း သိရသည်။

OPPO F1s သည် မြန်မာနိုင်ငံတွင် တွင်ကျယ်လာနေသည့် **4G ကွန်ရက်ကို ထောက်ပံ့ပေးထားပြီး** အချိန်ကြာကြာ အသုံးပြုနိုင်ရန် mAh မြင့်သည့် ဘက်ထရီကိုသုံးထားကြောင်း သိရသည်။ အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်သည့် F1s ကို **လူအများလက်လှမ်းမီနိုင်သည့် ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး** ဈေးနှုန်းအတိုးအကျကို ထုတ်ကုန်တရားဝင် ဝိတ်ဆက်သည့်ပွဲနေ့တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် OPPO F1s မှာ ထူးခြားကောင်းမွန်သည့် hardware နှင့် နောက်ဆုံးပေါ် software များကို ပေါင်းစပ် ပေးထားကြောင်း သိရသည်။

ပြည့်ရည်ဖူး

(Photo: OPPO Myanmar)

# ပြည်ပသွားရောက်ယှဉ်ပြိုင်မည့် အလှမယ်နှစ်ဦးအား မိတ်ဆက်

Queen Organization မှ ရွေးချယ်ထားသော ပြည်ပသို့သွားရောက်ယှဉ် ပြိုင်မည့် အလှမယ်နှစ်ဦးဖြစ်သည့် **ကျကျူးစံ(ဝဲ)နှင့် နေခြည်လင်း(ယာ)**ကိုအား ပီဒီယာများနှင့် မိတ်ဆက်ခြင်းကို ဇူလိုင်လ ၃၁ ရက်က ရန်ကုန်မြို့ရှိ Orchid Hotel တွင်ကျင်းပခဲ့ပြီး အဆိုပါ Organization မှ ပြုလုပ်သော Miss Myanmar Singapore International 2016 နောက်ဆုံးအဆင့်ပြိုင်ပွဲမဝင်ခင်ဖြစ်ကြသော အလှမယ်များအားကုန်ကျစရိတ်ပေးသွင်းထားသည့်ငွေများ ပြန်လည်ပေးအပ်ခြင်းကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဝ၂၅

# Shunji Mastsuo ဆံပင်ညှပ်ဆိုင် ဖွင့်လှစ်

ကျပန်မှနာမည်ကြီး ဆံကေသာအလှပြင်ဆိုင်ဖြစ်သော Shunji Mastsuo ကို ၁-၈-၂၀၁၆ ရက်က **ရန်ကုန်မြို့ရှိ Sedona Hotel တွင် စတင်ဖွင့်လှစ်ခဲ့ပြီး** ဆိုင်သစ်ဖွင့်လှစ်သည့်နေ့တွင် အဆိုပါဆိုင်မှ ဆံပင်ဒီဇိုင်နာများက နောက်ဆုံး ဆံပင်ညှပ်ခြင်း၊ ဆံပင်ပုံစံအမျိုးမျိုးပုံသွင်းခြင်း စသည်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ အဆိုပါဆံပင်ညှပ်ဆိုင်ကို အခြားနိုင်ငံများတွင်လည်း ဖွင့်လှစ်ထားကြောင်း သိရသည်။ ဝ၂၅

# Terminal စက်သုံးဆီဆိုင်မှ ကံစမ်းမဲဖွင့်လှစ်

Terminal Gasoline Station မှ **နိုးရာသီအထူးအစီအစဉ်အနေဖြင့်** အားပေးကြသူများအား ကံစမ်းမဲအစီအစဉ်ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သုံးညအိပ်လေးရက်ခရီးအတွက် ကံထူးသူများအား ရွေးချယ်သည့် အစမ်းအနားကို ၅-၈-၂၀၁၆ ရက်က ရန်ကုန်မြို့ရှိ Junction Square Shopping Center ၌ ပြုလုပ်ခဲ့သည်။

ဝ၂၅

# တောင်ကြီးတွင် ပထမဆုံးအကြိမ် ထိုင်းကုန်စည်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ဇူလိုင်လက **ထိုင်းကုန်စည်ပြပွဲ Thailand Week 2016** ကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။ ရည်ရွယ်ချက်မှာ ထိုင်းအစိုးရအနေဖြင့် စီးပွားရေးနယ်ပယ်တိုးချဲ့ခြင်းအပြင် ဈေးကွက်စီးပွားရေးအသိပညာဖလှယ်ခြင်းနှင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်ဝေရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ထိုင်းစီးပွားရေးသံရုံးမှ သံမှူးမစွတာ ဝီချိုင်းကဲန်ရဟုမ်က ပြောကြားခဲ့သည်။

SAMSUNG
Galaxy A9 Pro 6

ADD STYLE TO YOUR LIFE

- 6 inch Super AMOLED Display
- 16 + 8 MP F1.9 Dual Pixel Low Light Camera
- 4GB RAM + 32 GB ROM
- Dual SIM + Micro SD card Slot (128 GB)
- 4G + 3G Stand-by
- 5,000mAh battery / Fast Charging

ooredoo
အထူးအစီအစဉ် Galaxy A9 Pro အတွက်သာ
Promtion Period (22 July - 21 Nov 2016)
4G PLUS
လစဉ် Top Up 5,000 ကျပ်
အခမဲ့ 1 GB လစဉ် x 4 လ

samsungmobilemyanmar samsungmyanmar samsungmyanmar s-estoremyanmar.com
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
အမြို့မြို့အနှံ့နှံ့ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

www.free4reader.com



# ကိုရီးယားအနုပညာ ဘုတင်း ချယ်ရီ

## တောင်ကိုရီးယားမှာ ခုံးကျည်ကာကွယ်ရေးစနစ်ချထားမယ်ဆိုတဲ့ကိစ္စကြောင့် Song Joong Ki ရဲ့ တရုတ်အနုပညာ ထိခိုက်သွားသလား

တောင်ကိုရီးယားမှာ ခုံးကျည်ကာကွယ်ရေးစနစ် ချထားမယ်ဆိုတဲ့ကိစ္စကြောင့် တရုတ်နဲ့ တောင်ကိုရီးယားဆက်ဆံရေး အတော်တင်းမာနေပါတယ်။ ဒါကြောင့် တရုတ်က Song Joong Ki ကို ကမ်းလှမ်းထားတဲ့ အနုပညာကိစ္စကို ရုပ်သိမ်းလိုက်ပြီလို့ ကောလာဟလတွေ ထွက်လာပါတော့တယ်။ ဒီသတင်းမဟုတ်မှန်ဘူးလို့ Song Joong Ki ရဲ့ ကိုယ်စားလှယ်က ငြင်းလိုက်တာပါ။

## အဖွဲ့သက်တမ်း ကိုးနှစ်ပြည့်သွားတဲ့ Girls' Generation

Girls' Generation အဖွဲ့ရဲ့သက်တမ်းဟာ ကိုးနှစ်တင်းတင်းပြည့်သွားပါပြီ။ သူတို့ဟာ ၂၀၀၇ မုန်စ် ဩဂုတ်လ ၅ ရက်မှာ Into the New World ဆိုတဲ့ သီချင်းနဲ့စပြီး ဟာထွက်လာခဲ့တာပါ။ ဒီလိုနဲ့ သူကို့ဟာ အနောင်မြင်းဆုံး ကိုရီးယားအဆိုတော်အဖွဲ့တစ်ဖွဲ့ ဖြစ်လာပါတော့တယ်။ သူတို့ကာ အဖွဲ့သက်တမ်းကိုးနှစ်ပြည့်အခေနဲ့ Sailing (0805) ဆိုတဲ့ ဂီတဗီဒီယိုကို ထုတ်လိုက်ပါတယ်။

## Suzy က မွေးရာပါလုတာဆိုတာကို ပရိသတ်တွေက သက်သေပြ

Suzy ဟာ ခွဲစိတ်ပြုပြင်ထားလို့ လှနေတာဆိုတဲ့ စွပ်စွဲချက်တွေထွက်နေတဲ့အတွက် သူ့ပရိသတ်တွေက သူ့ပုံတောင်းတွေ အကုန်လိုက်ရှာစုပြီး အဲဒီစွပ်စွဲချက်မှားကြောင်း သက်သေပြလိုက်ပါတယ်။ သူတို့က Suzy ဟိုးကျောင်းသူဘဝကတည်းကပုံတွေကိုပါ လိုက်ရှာပြီး သက်သေပြလိုက်တာပါ။ ပြီးတော့ အနုပညာလောက စတင်စ Suzy နဲ့ အခု Suzy ဘာဆိုဘာမှ မကွာကဲ့အတွက် သူ ပြုပြင်ပထားဘူးလို့ သူ့ပရိသတ်တွေက အခိုင်အမာဆိုလိုက်တာပါ။

NIVEA

အဟောင်းပေးရင်း အသစ်ယူကြမယ်...

ဩဂုတ် - စက်တင်ဘာ ၂၀၁၄

25 ml
ဖူးခွံအတွက်
၅၀၀ကျပ်
လျှော့ပေးမည်

50 ml
ဖူးခွံအတွက်
၁,၀၀၀ကျပ်
လျှော့ပေးမည်

စည်းကမ်းချက်များ

- ဤအစီအစဉ်တွင် ပါဝင်သော မြန်မာနိုင်ငံရှိ NIVEA အရောင်းဆိုင်များတွင် သာလဲလှယ်ခွင့်ရှိမည်ဖြစ်ပြီး Promotion ကာလမှာ ဩဂုတ် နှင့် စက်တင်ဘာ နှစ်လအတွင်းသာဖြစ်ပါသည်။
- တစ်ခါဝယ်လျှင် ဖူးခွံတစ်ခုသာအကျုံးဝင်မည်။
- 25 ml (သို့မဟုတ်) 50 ml အသစ်ဝယ်ယူလျှင်သာ အကျုံးဝင်သည်။
- ငွေသားဖြင့်လဲလှယ်ခြင်း မပြုပါ။ ယခင်ဝယ်ယူထားသော NIVEA Roll-on များအတွက် လျှော့ရေးခံစားခွင့်မရှိပါ။

www.free4reader.com



# ပင်လုံညီလာခံမကျင်းပမီ ရက်ပိုင်းအလိုတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်ချုပ်တို့ အရေးကြီး အချက်လေးချက်အတွက် တွေ့ဆုံ

ဩဂုတ်လ ၃၁ ရက်မှ ဧကံတင်ဘာ ၄ ရက်အထိကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ မတိုင်မီ ရက်ပိုင်းအတွင်းမှာပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မျှူးကြီး မင်းအောင်လှိုင်တို့ ဩဂုတ်လ ၈ ရက်တွင်တွေ့ဆုံခဲ့ကြပြီး ယင်းသည် ပင်လုံဇာတ်အရေးပါသည့် တွေ့ဆုံမှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း နိုင်ငံရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အသိုင်းအဝိုင်းက သုံးသပ်ပြောကြားလာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မတွေ့ဆုံမီ ဩဂုတ်လ ၈ ရက်နံနက်ပိုင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံညီလာခံကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို နိုင်ငံတော်သမ္မတ **အိမ်တော်၌** ကျင်းပခဲ့ပြီး ယင်းတွင်အတည်ပြုခဲ့သည်မှာ ဩဂုတ်လ ၃၁ ရက်တွင် ပင်လုံညီလာခံအစည်းအဝေးကို စတင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်သမ္မတရုံး **ဧည့်ခန်းမ၌** ဩဂုတ်လ ၈ ရက် မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ တွေ့ဆုံခဲ့ပြီး **ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ဒေသးချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံကျင်းပရေးဆိုင်ရာ** ကိစ္စရပ်များနှင့် ဝပ်လျှဉ်း၍ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

"တုတ်ပြန်ချက်အတိုင်းပါပဲ၊ ဒီထက်ထပ်ပြီးပြော ခွင့်မရှိပါဘူး" ဟု နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကော်ဌေးက ပြောသည်။ မူလက ပင်လုံညီလာခံကို ဩဂုတ်လ ၂၈ ရက်မှ စတင်ရှိ လေးရက်ကြာကျင်းပရန် စီစဉ်ထားခဲ့ပြီး အခြေအနေအရ နောက်သို့မရွှေ့လိုက်ရခြင်းဖြစ်နိုင်ကြောင်း၊ ယင်းသည်လည်း အချိန်တစ်ခုရခဲ့ခြင်းပင်ဖြစ်ကြောင်း NCA လက်မှတ်ထိုးထားသည့်အဖွဲ့ဖြစ်သော PNLO နာယက ဗိုလ်မှူးကြီး မွန်ဉာဏ်ကာက ပြောသည်။

အယူးသဖြင့် ဘအောင်း၊ AA နှင့် ကိုးကန့်လက်နက်ကိုင်အဖွဲ့များကို လက်နက်မဝွန့်လည်း၊ ပင်လုံတက်ခွင့်ပေးမည်ဟု တပ်မတော်ကိုယ်စားလှယ်က အသိပေးပြီးနောက်ပိုင်းနှင့် ပင်လုံညီလာမံ မကျင်းပမီကြားကာလ၌ ယင်းကဲ့သို့ တွေ့ဆုံမှုသည် လက်မှတ်မထိုးသေးသည့် တိုင်းရင်းသား လက်နက်ကိုင်များအတွက် မက်ဆေ့တစ်ခုကိုပေးလိုက်ခြင်းဖြစ်ပုံရသည်ဟု ငြိမ်းချမ်းရေးအသိုင်းအဝိုင်းက ဆိုသည်။

"တွေ့ဖို့လိုတာကကြာပြီ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့အနေအထားက တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တပ်မတော်ရဲ့ကြားမှာ ဗိုင်လူကြီးလိုမျိုး ရပ်တည်ပေးဖို့လိုနေတာလေ၊ ဒီလို အခြေအနေကြောင့် **တပ်မတော်ရဲ့သဘောထားကို အရင်ဆုံး တိတိကျကျနားလည်ရမှပဲရတယ်၊ ညီလာခံကျရင် တပ်မတော်ရဲ့ သဘောထားကို သူရဲ့သဘောထားဆိုတဲ့ပုံစံမျိုးနဲ့ တာဝန်ခံသွားလိမ့်မယ်လို့ ယူဆတယ်**" ဟု ဒကာပကွန်မြူနစ်ပေါင်းလည်းဖြစ်ပြီး လွှတ်တော်အတပ်ပေါင်းဖြစ်သူ ဦးရဲထွန်းက သုံးသပ်သည်။

ဆိုလိုသည်မှာ **တိုင်းရင်းသားလက်နက်ကိုင်များဘက်က ညီလာခံ၌ အခွင့်အရေးများစောင်းဆိုလာလျှင် ပေးသင့်ဆုံးဏှိပ်နှင့် ပေးနိုင်သောတာဝန်ခံမှု တာဝန်ယူမှုတို့အတွက် တပ်မတော်နှင့် ရင်ကြားစေ့နားလည်မှု ရယူထားသည့်သဘောမျိုး**ဟု ဆိုသည်။ Iris

# ရောဝတီတိုင်းအတွင်းရှိ ခရိုင်သုံးခုတွင် လူပေါင်း ၃၁၀၀၀၀ ကျော် ရေဘေးဒဏ်ခံနေရ

ရောဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် ဩဂုတ် ၈ ရက်အထိပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ ပန်းတောင်ခရိုင်များမှ လူဦးရေ ၃၀၀၀၀၀ ကျော် ရေဘေးဒုက္ခခံစားနေရကြောင်း ဟိုင်းဖေသကြီးအဂိုးရအဖွဲ့ဝန်းမှသိရှိရသည်။

အဆိုပါ ခရိုင်များမှ **ရပ်ကွက်နှင့် ကျေးရွာပေါင်း ၇၀၃ ခု ရေနစ်မြုပ်နေပြီး ကယ်ဆယ်ရေးစခန်း ၁၈၇ ခုတွင် လာရောက်ခိုလှုံနေထိုင်သူဦးရေသည် ၃၈၀၀၀ ကျော်ရှိပြီး ကျန်ရစ်ဒေဘးသင့်ပြည်သူများမှာ ဝိဝိအစီအစဉ်ဖြင့် အခြားဒေသများသို့ ပြောင်းရွှေ့ကျဆင်းနေထိုင်လျက်ရှိကြောင်း** ရောဝတီတိုင်းဒေသကြီးအဂိုးရအဖွဲ့မှ သိရသည်။

"အဓိက ဦးစားပေးအနေနဲ့ လက်ရှိတာတမံတွေကိုပိုပြီးကြံခိုင်အောင် ပါး၊ သဲအိတ်ကိုနဲ့ကာဖို့ ကာဝန်ရှိသူအားလုံးကို ညွှန်ကြားထားတယ်" ဟု ဒရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပန်းကျော်နိုက ပြောသည်။

အဆိုပါ ရေကြီးနစ်မြုပ်နေသော ခရိုင်သုံးခုအား တစ်ခုလျှင် ကျပ်သိန်း ၂၀၀ စီ တာတမံများ ကြံခိုင်မှုအတွက် အရေးပေါ်ပြင်ဆင်ရန် ချထားပေးထားပြီးသည်။

ရေဘေးသင့်ပြည်သူများအတွက် ခရိုင်တစ်ခုလျှင် ဆန်အိတ် ၁၀၀၀ ကိုလည်း အဂိုးရအဖွဲ့မှ ပို့ပေးပြီးဖြစ်ကာ ကျန်းမာရေး အဖွဲ့ ၂၀ ဖွဲ့စည်းကို ရေဘေးသင့်ဇုန်များသို့ ဝေလှည့်ထားကြောင်း သိရသည်။

"ကယ်ဆယ်ရေးစခန်းတွေမှာ လာနေရင်းတော့ **ထမင်းချက်စရာနေရာမရှိတဲ့အတွက်** လာလှုဒါန်းရင်ချက်ပြုတ်ပြီး သားဆိုမှ အဆင်ပြေမယ်၊ **လိုနေတာက အစားအသောက်၊ ရေနဲ့ ဆေးဝါးတွေပါပဲ**" ဟု ပုသိမ်မြို့၊ အမှတ်(၁၂) ရပ်ကွက်ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူကိုအောင်ကိုဦးက ပြောသည်။

ဩဂုတ်လ ၈ ရက်၊ နေ့လည် ၁၂ နာရီတိုင်းထွာချက်များအရ ရေကြီးမှုစတင်ကြံခိုဆဲဖြစ်သည့် ဟင်္သာတခရိုင်မှ မြို့နယ်များတွင် လက်မအနည်းဆုံး ရေတိုင်းတာမှုစနစ်ကို အသုံးပြုသည့် ဟင်္သာတခရိုင်မှ မြို့နယ်များသို့ ရေကျလာပြီဖြစ်သဖြင့် ပုသိမ်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှပြည်သူများ သတိထားနေကိုင်သင့်ကြောင်း ဒရောဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတိပေးချက် ထုတ်ပြန်ထားသည်။ မျိုးမင်းထွန်း(မြစ်မဝ)

# အင်အားကြီးနှစ်နိုင်ငံ၏ ဖိတ်ကြားချက်အနက် တရုတ်သို့ ပထမဆုံးသွားရောက်ရန် ဒေါ်အောင်ဆန်းစုကြည် ရွေးချယ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အစိုးရအဖွဲ့ ထိပ်တန်းဖေါင်းဖောင်အဖြစ် မှစ်ကြည့်ရေးခရီးစဉ်လာရောက်ရန် **တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က ဖိတ်ကြားထားရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပထမဆုံးသွားရောက်ရန် ရွေးချယ်လိုက်ကြောင်း** နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကော်ဌေးက ပြည်ပြန်ဟသတင်းဂျာနယ်သို့ ဩဂုတ်လ ၈ ရက်တွင် ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ပြီးခဲ့သည့် ဂျူလိုင် ၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီး ဌာနဝန်ကြီး Mr.GENG Huichang လာရောက်တွေ့ဆုံခဲ့ပြီး တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး ခရီးစဉ်ကို လာမည့်ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ ဝေးရက်ကြာ သတ်မှတ်ထားကြောင်း သိရသည်။

### ဖိတ်ခေါ်ခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး Mr. GENG Huichang နှင့်တွေ့ဆုံပြီး ၁၀ ရက်ကျော်တွင် အမေရိကန်နိုင်ငံ သမ္မတအိုဘားမား၏ အနီးကပ်အကြံပေး ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး ဘန် ရုဒ်က ဒေါ်အောင်ဆန်းစုကြည်နှင့် လာရောက်တွေ့ဆုံစဉ်ကာ အမေရိကန်သို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့ပြန်သည်။

ဒေါ်အောင်ဆန်းစုကြည် အတိုက်အခံခေါင်းဆောင်တစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် ကိုးကန့်တိုက်ပွဲများပြင်းထန်နေသောလွန်ခဲ့သည့် ၂၀၁၅ ခုနှစ်က တရုတ်ကွန်ပြုနစ်ပါတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇွန်လ ၁၀ ရက်မှ ၁၄ ရက်ထိ သုံဝိုင်းဝင်ခရီးစဉ်ဆဖြစ် သွားရောက်ခဲ့သေးသည်။

### အလွန်အရေးကြီး

ယင်းခရီးစဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဌာနပြောခွင့်ရုပ်ရှိလ် ဟုန်လဲ့ (Hong Lei ) က NLD ပါတီကိုယ်တားလှယ်များနှင့် တွေ့ဆုံခြင်းမှာ အလွန်အရေးကြီးပြီး နယ်ပယ်ပေါင်းစုံအတွက် နှစ်နိုင်ငံ ဖိတ်ကက်ဆက်ဆံရေး တိုးမြှင့်လာနိုင်ရန် အတူလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်ချင်ဖြို့၏ ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ ထိုစဉ်က မြန်မာ့အရေးကျွမ်းကျင်သူ အမေရိကန် ပါဒမာက ဒေးဇစ်ဗတိုင်းဘတ်က အဆိုပါ ဓရီးစဉ်အပေါ် အမေရိကန်အစိုးရ၏သဘောထားအပြင်နှင့် ပတ်သက်၍ပြောကြားရာတွင် ဒီဒီအနေဖြင့် တရုတ်နှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးစားနေသည့် အမေရိကန်အနေဖြင့် မြန်မာနိုင်ငံအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အရေးကြီးကြောင်း အသိအမှတ်ပြုသည်ဟုဖြင်ကြောင်း သုံးသပ်ချက်ကို VOA က ထုတ်လွှင့်ခဲ့ဖူးသည်။

ယခုအခါ အနောက်နိုင်ငံများနှင့် အလွန် ဆက်ဆံရေးကောင်းမွန်သည်ဟု သုံးသပ်ခြင်းကို ခံထားရသော ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကမ္ဘာ့အင်အားကြီး တရုတ်နိုင်ငံသို့သွားရောက်မည့် ခရီးစဉ်အပေါ်ပြည်တွင်း**ပြည်ပရေလာစော့်ကြည့်သူများက စိတ်ဝင်စားလျက်ရှိကြသည်။**

**ပြီးချမ်းရေးနှင့် ဆက်စပ်**

"ဒီခရီးစဉ်ဟာ ၂၁ ရာစု ပင်လုံညီလာခံငြိမ်းချမ်းရေး ဆွေးနွေးမှုကြီးနဲ့ ဆက်စပ်မှုတစ်ခုရှိနိုင်မယ်လို့ မှန်းဆပါတယ်။ တာလို့လဲဆိုတော့ **အများအားဖြင့်က NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေက အဲဒီမြောက်ဘက်နဲ့ အရှေ့မြောက်ဘက်ကခြစ်နေတယ်ဗလ၊ ဓနာက်တစ်ရပ်ထူးဆန်းတာ က မိုင်ကွယန်လိုမွဲကြီးမျိုးမှာ တိုင်းရင်းသားလက်နက်ကိုင်တွေ ပူးပေါင်းပြီးတော့ တွေ့ဓနတဲ့အချိန်မှာပဲ "ဝ" နဲ့ ရှမ်းက အထူးဒေသ (၄) ဦးစိုင်းလင်းတို့က ဓနပြည်တော်ကို လူတစ်ဆုပ်တစ်ပကြီးနဲ့သွားကြတာဟာ နိုင်ငံရေးချိန်ခွင်လျှာနဲ့ တွက်မယ် ဆိုလို့ရှိရင် ဒါတွေဟာ တရုတ်ရဲ့ ဓနာက်ကွယ်ကဓနေပြီးတော့ ပံ့ပိုးမှုလိုမဲ့ပါဓရမလား။** ကြိုးကိုင်ပွဲလို့ပဲပြောရမလား၊ ဒါတွေရှိနေတယ်လို့ ဖုန်းဆရပါတယ်၊ ဒါကြောင့်ပို့လို့ **နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အနောက်အုပ်စုတက်ကို ယိမ်းမယ်လို့ မြင်ကြဓေမယ့် အိမ်နီးချင်းကို ဦးစားဓေးလိုက်တာဟာ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးအတွက်တော့ အပေါင်းလက္ခဏာ ဓောင်တဲ့ကိစ္စတစ်ခုလို့ပဲ ယေဘုယျသတ်မှတ်ပါတယ်**" ဟု ပြန်ဟုနိုင်ငံရေး လေ့လာသုံးသပ်သူ ဦးရန်ဓကျော်က ဓပြောသည်။

အဂို့ရာသစ်တက် လာပြီနောက် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် အမေရိကန်၊ ပြောက်ကိုရီးယား၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က လည်း ချစ်ကြည်ရေးခရီးစဉ်အဖြစ် အလည်အပတ်ဖိတ်ခေါ်ထားကြောင်း သိရသည်။ မဓဝယ်

# မလေးအကျဉ်းစခန်းများမှ မြန်မာအလုပ်သမား ၂၃၀၀ ခန့်အနက် ပထမအကြိမ် ၁၃၀ ကျော် ပြန်လည်ရောက်ရှိ

မလေးရှားအကျဉ်းစခန်းများမှ နိုင်ငံကော်အစီအစဉ်ဖြင့် ပြန်လည်ဒေါ်ယူသည့် အကျဉ်းကျခံပြီး မြန်မာအလုပ်သမား ၁၃၀ ကျော်ကို ဩဂုတ်လ ၈ ရက်နှင့ ၉ နာရီ ၄၅ မိနစ်တွင် ကဓွော်လုပ်ငန်းစုစု **MAI** စင်းလုံးဂုဏ်လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အမဓဲ ဒေါ်ဆောင်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံရှိ အကျဉ်းစခန်း ၁၁ ခုတွင် အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံလျှိုးနေရပ်မြန်ရန် အဂက်အခဲဖြစ်နေကြသည့် မြန်မာအလုပ်သမား ၂၂၉၄ ဦးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလှူရှင်များကဓေါ်ယူရန်စီစဉ်ရာမှ ယမုအစါ ပထမဆုံးအကြိမ် အဓယာက် ၁၀၀ ကျော်ကို ပြန်လည်ဓေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

"အခုပြန်ပို့တဲ့သူတွေက lenggeng နဲ့ klia ကန့်နစ်ခုက အကျဉ်းကျခံပြီးတဲ့ ရေဘေးသင့်ပြည်သူများအတွက် ခရိုင်တစ်ခုလျှင် ဆန်အိတ် ၁၀၀၀ ကိုလည်း အဂိုးရအဖွဲ့မှ ပို့ပေးပြီးဖြစ်ကာ ကျန်းမာရေး အဖွဲ့ ၂၀ ဖွဲ့စည်းကို ရေဘေးသင့်ဇုန်များသို့ ဝေလှည့်ထားကြောင်း သိရသည်။

"ကယ်ဆယ်ရေးစခန်းတွေမှာ လာနေရင်းတော့ **ထမင်းချက်စရာနေရာမရှိတဲ့အတွက်** လာလှုဒါန်းရင်ချက်ပြုတ်ပြီး သားဆိုမှ အဆင်ပြေမယ်၊ **လိုနေတာက အစားအသောက်၊ ရေနဲ့ ဆေးဝါးတွေပါပဲ**" ဟု ပုသိမ်မြို့၊ အမှတ်(၁၂) ရပ်ကွက်ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူကိုအောင်ကိုဦးက ပြောသည်။

ဩဂုတ်လ ၈ ရက်၊ နေ့လည် ၁၂ နာရီတိုင်းထွာချက်များအရ ရေကြီးမှုစတင်ကြံခိုဆဲဖြစ်သည့် ဟင်္သာတခရိုင်မှ မြို့နယ်များတွင် လက်မအနည်းဆုံး ရေတိုင်းတာမှုစနစ်ကို အသုံးပြုသည့် ဟင်္သာတခရိုင်မှ မြို့နယ်များသို့ ရေကျလာပြီဖြစ်သဖြင့် ပုသိမ်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှပြည်သူများ သတိထားနေကိုင်သင့်ကြောင်း ဒရောဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတိပေးချက် ထုတ်ပြန်ထားသည်။ မျိုးမင်းထွန်း(မြစ်မဝ)

လဝန်း

www.free4reader.com



# ဝန်ထမ်းလစာ၊ စရိတ်၊ ချိုးမြှင့်ငွေ လုပ်ငန်းများတိုးချဲ့ရေးနှင့် အခြားကိစ္စများအတွက် ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၁၀၀ အတိုးမဲ့ချေးယူရန် နိုင်ငံတော်သမ္မတက လွှတ်တော်တွင်တင်ရန်စာပို့

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က **ဝန်ထမ်းလစာ၊ စရိတ်၊ ချီးမြှင့်ငွေများ တိုးချဲ့ရေးနှင့် အခြားလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်မှ အတိုးမဲ့ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးယူနိုင်ရေးပြည်ထောင်စု လွှတ်တော်သို့တင်ရန် စာပေးပို့ထားကြောင်း** သိရသည်။

''လွှတ်တော်ကို မတင်ရသေးဘူး။ စာပဲထွက်သေးတာပါ။ အစီအစဉ်ကိုဆွေးနွေးကြဦးမှာဆိုတော့ တစ်ပတ်လောက် တော့ကြာဦးမယ်လို့ထင်ပါတယ်။ **ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်အပေါ်မှာ မူတည်ပြီး အတည်ပြုမယ်မပြုဘူးဆိုတာ ဖြစ်လာမှာပါ**'' ဟု မွန်ပြည်နယ် ပေါင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းက ၉-၈-၂၀၁၆ ရက်က ပြည်မြန်မာသတင်းဂျာနယ်ကို ပြောသည်။

ကမ္ဘာ့ဘဏ်ထံမှ ချေးငွေရယူသုံးစွဲရန်မှာစီပံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ငွေရေးကြေးရေး ကြီးကြပ်ဝန်ဆေးရေးဌာနနှင့် မြန်မာနိုင်ငံဗဟိုဘဏ်တို့က အကောင်အထည်ဖော်မည့် စီမံကိန်းဖွံ့ဖြိုးရေးအတွက် အဆိုပါ အမေရိကန် ဒေါ်လာသန်း ၁၀၀ ကို ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရေးသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်အရ **ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပေးပို့ပါကြောင်း** နိုင်ငံတော်သမ္မတ၏ ပေးပို့သည့် စာတွင် ဖော်ပြထားသည်။

ချေးငွေရယူမည့် ဆောတူညီချက်မှာ ဆိုင်းငံ့ကာလ ခြောက်နှစ်၊ ပြန်ဆပ်ကာလ ၃၂ နှစ်ခြင့် သက်တမ်း ၃၈ နှစ်ဖြစ်ပြီး အတိုးမဲ့ဖြစ်ပြီး ဝန်ဆောင်စမှာ တစ်နှစ်လျှင် ၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်၍ ကာဘံခံကြေးအား လက်ရှိကာလတွင် သုည ရာခိုင်နှုန်းသတ်မှတ်ထားသော်လည်း ကမ္ဘာ့ဘဏ် IDA ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက် အရပေးရန်ရှိလာပါက ၀ ဒသမ ၅၀ ရာခိုင်နှုန်းထက်မပိုသောနှုန်းကို သတ်မှတ်လာနိုင်ပါကြောင်းလည်း ပါရှိသည်။

**ဝန်ဆောင်စအား ချေးငွေထုတ်ယူသည့် အချိန်မှစ၍လည်းကောင်း၊ အရင်းငွေအား ဆိုင်းငံ့ကာလကုန်ဆုံးပြီးချိန်မှစ၍လည်းကောင်း** တစ်နှစ်လျှင် နှစ်ကြိမ် ပေးဆပ်ရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ ပေးပို့သည့်စာတွင် ဖော်ပြထားသည်။

**သမ္မတ၏စာတွင် ဝန်ထမ်းလစာ၊ စရိတ်၊ ချီးမြှင့်ငွေ၊ လုပ်ငန်းတိုးချဲ့ရန် သာမန်အသုံးစရိတ်များအတွက် အမေရိကန်ဒေါ်လာသန်း ၆၀၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲခြင်း နည်းပညာအကူအညီလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၇ သန်း**၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း၊ကဏ္ဍအာမခံလုပ်ငန်း၊ကဏ္ဍတို့အတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ် ကွပ်ကဲမှုလုပ်ငန်းစဉ်များအား အဆင့်မြှင့်တင်ခြင်းနှင့် သတင်းအချက်အလက် နည်းပညာစနစ် တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၅ သန်း၊ စီမံကိန်း ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၃ သန်း သုံးစွဲမည်ဟု ပါရှိသည်။

ယင်းအပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းနှင့် ငွေရေးစကြေးရေးလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းဖွင့်လှစ်ရေးဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာခြောက်သန်း၊ သတင်းအချက်အလက်နည်းပညာစနစ်တည်ဆောက်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှု အစီအစဉ်ရေးဆွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များအား အဆင့်မြှင့်တင်ခြင်းအတွက် အမေရိကန်ဒေါ်လာနှစ်သန်း၊ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၅ သန်း၊ စီမံကိန်းပူးပေါင်းဆောင်ရွက်သည့်အဖွဲ့တွင်ပါဝင်မည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ခြင်းအတွက် အမေရိကန်ဒေါ်လာနှစ်သန်းဖြစ်ကြောင်း ဖော်ပြထားသည်။ **မေငယ်**

# ချောင်းသာကမ်းခြေကျေးရွာအား မြို့နယ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ထပ်မံတောင်းဆိုမည်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ **ချောင်းသာကမ်းခြေကျေးရွာအား မြို့နယ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ထပ်မံ တောင်းဆိုသွားမည်ဖြစ်ကြောင်း** မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်)မှ ဩဂုတ် ၈ ရက်က သိရှိရသည်။

လက်ရှိ **ချောင်းသာကမ်းခြေကျေးရွာသည် ဒွေဒေသင်္ဃယ်မြို့နယ်အတွင်း ထည့်သွင်းထားပြီး ချောင်းသာအား မြို့နယ်အဆင့် သတ်မှတ်နိုင်ရန်** ၂၀၁၄ ခုနှစ် အတွင်း၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့တင်ပြခဲ့ကာ ကြန့်ကြာမှုများရှိနေကြောင်း သိရသည်။

ဩဂုတ် ၁၂ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သည့် ချောင်းသာ ကမ်းခြေသန့်ရှင်းသာယာလုပရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

'လက်ရှိမှာ ချောင်းသာက ကျေးရွာအဆင့် ပဲ ရှိသေးတယ်။ နိုင်ငံတော်အစိုးရကိုလည်း တင်ပြထားတယ်။ မြို့နယ်အဆင့် ဆောင်ရွက်နိုင်ပမယ်ဆိုရင် အညစ် အကြေးစွန့်ပစ် စာတွေလည်း စနစ်တကျ ဖြစ်လာမယ်။' ဟု မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်) ဥက္ကဋ္ဌ ဦးကျော်နိုင်က ပြောသည်။

လက်ရှိတွင် ချောင်းသာကမ်းခြေ ပြည်ပ ခရီးသွားဧည့်သည်များအပြင် ပြည်တွင်း ခရီးသွားဧည့်သည် အများဆုံး လာရောက်အပန်းဖြေသည့် နေရာတစ်ခု ဖြစ်ပြီး ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံ ပြည်သူအများစု စီးပွားရေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိသောကြောင့် **ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် ကမ်းခြေတစ်ခုဖြစ်ပေါ်လာစေရန် မြို့နယ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးစေလို** ကြောင်း သိရသည်။

'မြို့နယ်အဆင့်ဖြစ်ဖို့က နယ်နိမိတ်သတ်မှတ်တာတို့ အခြား သတ်မှတ်လုပ်ငန်းစဉ်တွေ အများကြီးရှိတယ်။ ကျေးရွာအုပ်စုအနေနဲ့ကတော့ အဲဒီမှာရှိတဲ့ လူဦးရေနဲ့ ဌာနဆိုင်ရာက မလုံလောက်ဘူး။ **မြို့နယ်အဆင့်ဖြစ်မှ ရဲစခန်းဆိုရင် အင်အားတိုးမယ်၊ ဆေးရုံဆိုရင်လည်း ကုတင် ၅၀ ဆဲ့ ဖြစ်လာမယ်**'' ဟု မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်)အတွင်းရေးမှူး ဦးမင်းကျော်ဦးက ပြောသည်။

လက်ရှိတွင် ချောင်းသာကမ်းခြေဖွင့်လှစ်မှုသက်တမ်းသည် နှစ်ပေါင်း ၂၅ နှစ်ဝန်းကျင်ရှိပြီး ကမ်းခြေစတင် ဖွင့်လှစ်ချိန်မှ တစ်နှစ်ထက်တစ်နှစ် ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားခြင်းကြောင့် လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်ဝိုးနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ပြားနေကြောင်း သိရသည်။

**ယမုံ(မြစ်မဝ)**

# ပဲခူးအနောက်ဒေသ ရေဘေးသင့်ပြည်သူများအတွက် လူ၂ဒါန်းလိုသူများကို ဆန်အိတ် ၅၀၀၀၀ ရောင်းပေးမည်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရှိ ရေဘေးသင့် ပြည်သူများအတွက် ကူညီလှူဒါန်းလိုသူများကို အဆိုပါ ဒေသ ဆန်စက်ပိုင်ရှင်များ အသင်းနှင့် ဆန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ ဆန်အိတ် ၅၀၀၀၀ ကို ဈေးချပေးသွားမည်ဖြစ်ကြောင်း ဩဂုတ်လ ၈ ရက် တွင် သတင်းထုတ်ပြန်သည်။

**ရေဘေးကြောင့် ဆန်ဈေးတက်မည်စိုး၍ ယခုကဲ့သို့ ဆန်အိတ် ၅၀၀၀၀ ကို ပုံမှန်ဈေးဖြင့် ဈေးချခြင်းဖြစ်ပြီး ၄င်း ဆန်များကို ဆန်စက်ပိုင်ရှင်များ အသင်းနှင့် ဆန်ကုန်သည်ကြီးများအသင်းက ဆန် ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ နှုန်းဖြင့် ဈေးချနိုင်ရန် စီစဉ်ထားခြင်း** ဖြစ်ကြောင်း သိရသည်။

'ကျန်တော်တို့ ဆန်စက်ပိုင်ရှင်တွေနဲ့ ဆန်ကုန်သည်တွေက ဆန်တွေကို ကစ်နှစ်ဘဂယ်ထားပြီး သူတို့မှာ ရှိကဲ့ ဆန်တွေကို စုပေါင်းပြီးတော့ **ရေဘေးသင့် ပြည်သူတွေကို လာဈေးက်လှူဒါန်းသူတွေ အနေနဲ့ ဈေးမှန်နဲ့ အလွယ်တကူ ဝယ်ယူပြီး လှူဒါန်းနိုင်အောင် စီစဉ်ပေးထားတာပါ။ တကယ်လို့ သယ်ဖို့ အခက်အခဲရှိရင် ကျွန် တော်တို့က ကားနဲ့ လိုက်ပို့ပေးမှာပါ**'' ဟု ပေါင်းတည်မြို့ ဆန်စက်ပိုင်ရှင်များ အသင်း မှ ဥက္ကဋ္ဌ ဦးမြတ်ထွန်းက ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောသည်။

ထိုကဲ့သို့ ဆန်ကို ဈေးနှုန်းမှန်ဖြင့် ရောင်းချခြင်း မပြုလုပ်ပါက ရေကြီးသည်ကို အခွင့်ကောင်းယူကာ ဆန်ကို ဈေးပို တင်ပြီး ရောင်းချခြင်းမျိုး ရှိလာနိုင်သည့် အတွက် ရေဘေးကြောင့် ဆန်ဈေးများ ကြီးသည်ဟု အများက ပြောဆိုလာခြင်းမျိုး အဖြစ်မခံနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စက်ပိုင်ရှင် အသင်း (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

လက်ရှိတွင် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းရှိ ရွှေတောင်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ အုတ်ဖို မြို့ နယ်၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားလျက် ရှိကြောင်း သိရသည်။ **ကိုသီဟ**

# တပ်မတော်ဆရာဝန်တစ်ဦး ချောင်းမြောင်းပစ်သတ်ခံခဲ့ရပြီးနောက် KIA က ရဲယာဉ်တန်းကို ထပ်မံမိုင်းခွဲတိုက်ခိုက်ပြန်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မဖားကန့်မြို့ နယ်သို့ လုံခြုံရေးတာဝန်လွဲပြောင်းရုပ္ပန်သွားရောက်သော ရဲတပ်ဖွဲ့ ယာဉ်တန်းကို KIA က ချောင်းမြောင်း၍ မိုင်းခွဲတိုက်ခိုက်ခဲ့ သဖြင့် ရဲတပ်ဖွဲ့ ဝင်များ ဒဏ်ရာရသွားခဲ့ကြောင်း သတင်းရရှိသည်။

ယင်းဖြစ်စဉ်မှာ ဩဂုတ်လ ၈ ရက်နံနက်ပိုင်းကဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဩဂုတ်လ ၇ ရက်က **တပ်မတော်သား ဆေးဘက်ဆိုင်ရာအရာရှိတစ်ဦးအား KIA က ချောင်းမြောင်းပစ်ခတ်ခဲ့မှုအပြီး ထပ်မံဖြစ်ပွားလာခြင်းဟုလည်း** သိရသည်။ "ချောင်းမြောင်းပြီးတော့ ပိုင်းခွဲခံရတဲ့ ဖြစ်စဉ်တော့ ဖြစ်သွားပါတယ်။ အသေးစိတ်ကိုတော့ကျွန်တော်တို့ လည်းမပြောနိုင်သေးဘူးခင်ဗျ " ဟု မိုးကောင်းနယ်မြေရဲစခန်းမှ တာဝန်ကျအရာရှိတစ်ဦးက ဩဂုတ်လ ၈ ရက်ညပိုင်း၌ ပြည်ပြန်မာသို့ ပြောသည်။ ဖားကန့်ဒေသတွင် နယ်မြေလုံခြုံရေးတာဝန် ပြောင်းလဲထမ်းဆောင်ရန် မြစ်ကြီးနား - မိုးကောင်းဘက်မှ ယွားခဲ့သော ရဲတပ်ဖွဲ့ ဝင် ၁၀၀ ကျော် ပါသည့် ၇ စီးပါယာဉ်တန်းကို KIA အဖွဲ့က Nam Sheng နှင့် Gauri ကျေးရွာကြားရှိ ချောင်းမြောင်းတို့ကို ခိုက်ခိုက်မိုင်းခွဲခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုကြောင့် **နှတိယရဲမှူးကြီးအပါအဝင် ရဲတပ်ဖွဲ့ ဝင် ၆ ဦးထက်မနည်း ဒဏ်ရာအပြင်းအထန်ရခဲ့ကြောင်း** သိရသည်။ ကချင် သတင်းဝက်ဘ်ဆိုက် Kachin News Group ၏ဖော်ပြချက်တွင် KIA တပ်ရင်း(၆) တပ်ဖွဲ့ဝင်များက စောင့်ကြို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်နှစ်စီးမီးလောင်ပျက်စီးသွားခဲ့ကြောင်း ဆိုသည်။ DVB သတင်းတွင် KIA ပြန်ကြားရေးတာဝန်ခံတစ်ဦးက ဖြေကြားထားမှု၌ KIA တပ်ရင်း(၆) ဘက်သို့ အရပ်ဝတ် ယာဉ်တန်းတစ်ခုက ဖြတ်သန်းလာသည့် အတွက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ KIA ဘက်ကယင်းကဲ့သို့ပစ်ခတ်ခြင်းသည် တပ်မတော်စစ်ကြောင်းများက ထိုး စစ်ဆင်လာမည်ကို စိုးရိမ်သောကြောင့်ဟု အကြောင်းပြထားပြီး ဒေသခံသတင်းရင်း မြစ်အရှိ၊ ၏ အဆိုအရ **ယခုရက်ပိုင်း အတွင်း၌ တနိုင်း မိုးကောင်းနှင့် ဖားကန့် ဒေသတစ်ဝိုက်တွင် တပ်မတော်နှင့် KIA တို့အကြား** နယ်မြေလုတိုက်ပွဲပုံစံမျိုး အနည်းငယ် ပြန်လည်ဖြစ်ပွားနေကြောင်း ကြားသိရသည်။ **Iris**

# မြန်မာ့အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၀၀၀ ကျပ်ခန့် ကျဆင်း

**ကမ္ဘာ့ရွှေဈေးကျဆင်းလာသောကြောင့် ဩဂုတ်လ ၈ ရက်တွင် မြန်မာ့အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၀၀၀ ကျပ် ဝန်းကျင် ကျဆင်းလာ**ကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။ မြန်မာ့အခေါက်ရွှေသည် ဩဂုတ်လ ၅ ရက်ဈေးများအရ တစ်ကျပ်သားလျှင် ၈၅၀၀၀၀ကျပ်ရှိခဲ့ရာမှ **ဩဂုတ်လ ၈ ရက်တွင် တစ်ကျပ်သားလျှင် ၈၄၄၀၀၀ ကျပ်သို့ ကျဆင်းလာခြင်း** ဖြစ်ကြောင်း သိရသည်။

'ကမ္ဘာ့ရွှေဈေးနဲနဲလေးကျလာတဲ့သဘောပါပဲ။ အရောင်းအဝယ်လည်း ပုံမှန်တော့ ပြန်ဖြစ်လာတယ်။ ဒီဈေး ပတ်ဝန်းကျင်မှာပဲ ရှိနေပြီးတော့ သိသိသာသာကျဖို့တော့ မလွယ်သေးပါဘူး' ဟု တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်က ပြောသည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ်လ ၅ ရက်ဈေးများအရ တစ်အောင်စလျှင် ၁၃၆၀ ဒေါ်လာဝန်းကျင်ရှိရာမှ ဩဂုတ်လ ၈ ရက်တွင် တစ်အောင်စလျှင် ၁၃၃၅ ဒေါ်လာဝန်းကျင်သို့ ကျဆင်းလာပြီး မြန်မာ့နိုင်ငံ၏ ဒေါ်လာငွေဈေးမှာ ကန့်တစ်ဒေါ်လာလျှင် ၁၁၈၅ ကျပ်ဖြင့်တည်ငြိမ်နေကြောင်း သိရသည်။ **"ဈေးကတည်ငြိမ်မှုမမရှိတော့ ခန့်မှန်းရခက်နေတယ်၊ လက်ရှိဈေးက ကျတယ်ဆိုပေမယ့် ပုံမှန်ထက်တော့ အမြင့်ဈေးပဲ၊** ဒီအမြင့်ဈေးကနေ ကျသွားဖို့ဆိုတာ ဒီနှစ်ကုန်ထိလွယ်ဦးမှာ မဟုတ်ဘူး' ဟု အောင်သဘဓိ ရွှေဆိုင်အတွေ့တွေ့မန်နေဂျာ ဦးမော်မော်က ပြောသည်။ **ကမ္ဘာ့ရွှေဈေးသည် ၂၀၁၆ ခုနှစ်အတွင်း တစ်အောင်စလျှင် အနိမ့်ဆုံးဈေး ၁၁၀၀ ဒေါ်လာဝန်းကျင်မှ အမြင့်ဆုံး ၁၃၇၀ ဒေါ်လာဝန်းကျင်ထိရှိခဲ့ပြီး ပြန်မှာရွှေဈေးမှာ တစ်ကျပ်သားလျှင် ၇၃၂၀၀၀ ကျပ် အနိမ့်ဆုံးရှိရာမှ ၈၅၀၀၀ ကျပ် ထိအမြင့်ဆုံးဈေးရှိခဲ့ကြောင်း** သိရသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၈ ရက် နေ့လည်ပိုင်းဈေးများအရ မြန်မာ့အခေါက်ရွှေတစ်ကျပ်သားလျှင် ၈၄၄၀၀၀ ကျပ်၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၇၉၂၀၀၀ ကျပ်၊ ကမ္ဘာ့ရွှေတစ်အောင်စလျှင် ၁၃၃၅ ဒေါ်လာနှင့် ပြင်ပ ပေါက်ဈေးများအရ အမေရိကန်တစ်ဒေါ်လာလျှင် ၁၁၈၅ ကျပ် ဈေးပေါက်နေကြောင်း ရွှေလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။ **စောဇ (မြစ်မဝ)**

www.free4reader.com

## တောင်တောင်ဒဲ့ ဆောက်ထားသည့် ဖန်လျှောက်လမ်း

စာ-၂၄

## အာဇာသိမ်းရန် ကြံစည်မှုကို တုရကီသမ္မတကိုယ်တိုင် လူတစ်သန်းကျော်အား ဦးဆောင်၍ ဆန့်ကျင်ဆန္ဒပြ

စာ-၃၄

## ဘုံဆိုင်းလေဆိပ်တွင် ဗုံးရှင်းလေယာဉ်ကြီး မီးလောင်ပါက်ကွဲ

စာ-၃၅

## အကြမ်းဖက်ရန် ပစ်မှတ်အဖြစ် စာ-၃၄ ပူတင်နှင့် ရုရှားနိုင်ငံကို IS အဖွဲ့က ခြိမ်းခြောက် ကြေညာချက်ထုတ်ပြန်



## အိန္ဒိယတွင် မိုးကြီးရေလျှံ၍ စာ-၃၂ တံတားကျိုးကျမှုကြောင့် ၂၂ ဦး သေဆုံး

## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး စာ-၃၃ ရက်သတ္တပတ်အတွက် လမ်းမပေါ်ထွက်ကာ ရင်သွေးငယ်များကို မိခင်နို့တိုက်ကျွေး

## လမ်းမကြီးတွင် ပေ ၁၀၀ ရှည်၍ ၆၃ ပေကျယ်သည့် တွင်းပေါက်ကြီး ဖြစ်ပေါ် စာ-၃၂